# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျရောက်လေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာ ၂၇ ရက်၊ စနေနေ့ အတွဲ (၆၁)၊ အမှတ် (၀၅၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တပ်မတော်သားဟောင်းများဖြစ်သည့် စစ်မှုထမ်းဟောင်းများသည် တပ်မတော်၏ အစဉ်အလာကောင်းများကို ထာဝစဉ်ထိန်းသိမ်းသကဲ့သို့ စစ်မှုထမ်းဟောင်းအဖွဲ့ကြီး၏ ကောင်းမွန်သည့်ဂုဏ်သိက္ခာများကိုလည်း ဆက်လက်စောင့်ထိန်း

## မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ နာယက၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၂၁) သို့ တက်ရောက်မိန့်ခွန်းပြောကြား




မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့နာယက၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၂၁) တွင် မိန့်ခွန်းပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၆**

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၂၁) ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုဌာနချုပ်ရှိ ညီလာခံခန်းမ၌ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့နာယက၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်း ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊

*စာမျက်နှာ ၃ ကော်လံ ၁* ❖




# နောက်ထပ်ထွက်ပေါ်လာသည့် ကိုဗစ်-၁၉ ဗီဇပြောင်း မျိုးကွဲသစ်

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုနှုန်းသည် ယခုရက်သတ္တပတ်အတွင်း နှစ်ရာခိုင်နှုန်းကျော်ကျော်ခန့်သာ ရှိနေသည့်အတွက် ရောဂါကူးစက်မှုကို အကြောင်းပြု၍ ထားရှိခဲ့ရသည့် ကန့်သတ်တားဆီးမှုများလည်း လျှော့ချလာသည်။ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ လေးမြို့နယ်၊ ကချင်ပြည်နယ်မှ လေးမြို့နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့မှ တစ်မြို့နယ်စီ၊ မန္တလေးတိုင်းဒေသကြီးမှ ခြောက်မြို့နယ်နှင့် ရှမ်းပြည်နယ်မှ ကိုးမြို့နယ်တို့ကို မိမိနေအိမ်တွင် နေထိုင်ရန် ( Stay at Home) အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်ပေးလိုက်သည်။

မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လွှမ်းခြုံမှုအနေဖြင့် နိုဝင်ဘာလ ၂၀ ရက်နေ့အထိ ကာကွယ်ဆေးနှစ်ကြိမ်အပြည့်ထိုးနှံပြီးသူ ၁၀ ဒသမ ၄ သန်းနှင့် ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံပြီးသူ ၄ ဒသမ ၉ သန်း ရှိသည်။ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ သည် နှစ်နှစ်ခန့် ကြာမြင့်လာပြီဖြစ်သည့်တိုင် ကမ္ဘာ့နိုင်ငံတိုင်းကို ကောင်းကောင်းခြိမ်းခြောက်နေဆဲဖြစ်သည်။ နိုင်ငံ့လူဦးရေ ၈၀ ရာခိုင်နှုန်းခန့်အထိ ကာကွယ်ဆေးထိုးထားနိုင်သည့် ဥရောပနိုင်ငံတစ်ခုတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ပြန်လည်မြင့်တက်လာသည့်သတင်းက ကာကွယ်ဆေးထိုးထားရုံမျှဖြင့် ကိုဗစ်-၁၉ ကူးစက်မှုကို စိတ်ချလက်ချဟန့်တားမထားနိုင်သည့် အဓိပ္ပာယ်ပင်ဖြစ်သည်။ ကိုဗစ်-၁၉ရောဂါ ကူးစက်မှုရပ်တန့်သွားနိုင်ရေးအတွက် Herd Immunity ခေါ် အစုလိုက် ကိုယ်ခံစွမ်းအားသည် စုစုပေါင်းလူဦးရေ၏ ရာခိုင်နှုန်း အချိုးအစားတစ်ရပ်ရပ်တွင် ရရှိထားရန်လိုသည်။ အစုလိုက် ကိုယ်ခံစွမ်းအားကို ကာကွယ်ဆေးထိုးခြင်းနှင့် ရောဂါကူးစက်ခံရပြီး ပြန်လည်ကျန်းမာလာသူတို့တွင် သဘာဝအလျောက် ရရှိနိုင်သည်။ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်မှုရပ်တန့်ရေးအတွက် အစုလိုက်ကိုယ်ခံစွမ်းအားရရှိမှု လိုအပ်ချက်ကို မူလက ၇၀ ရာခိုင်နှုန်းဟု ခန့်မှန်းခဲ့ရာမှ နောက်ပိုင်းတွင် တိုးမြှင့်ခန့်မှန်းလာကြရသည်။ ဤသည်မှာ ကိုဗစ်-၁၉ ၏ ရောဂါကူးစက်မှုနှုန်းကို လေ့လာစောင့်ကြည့်ပြီး တွေ့ရှိချက်များအပေါ် အခြေခံ၍ ပြင်ဆင်ခန့်မှန်းကြရခြင်းကြောင့်ပင် ဖြစ်သည်။

ယခုအခါ တောင်အာဖရိကနိုင်ငံတွင် တွေ့ရှိရသည့် ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲသစ်က ယခင်မျိုးကွဲများနှင့်မတူဘဲ ကွဲပြားခြားနားကြောင်း၊ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်းများစွာတို့ကို အကြီးအကျယ် ဒုက္ခပေးခဲ့သည့် ဒယ်လ်တာမျိုးကွဲထက် ယခုတောင်အာဖရိကတွင် တွေ့ရှိရသည့် မျိုးကွဲက နှစ်ဆပြင်းထန်ကြောင်း၊ လက်ရှိအချိန်တွင် ဂရိအက္ခရာအမည်မရရှိသေးဘဲ B.1.1.529 အဖြစ်သတ်မှတ်ထားသည့် အဆိုပါ ကိုဗစ်-၁၉ မျိုးကွဲသစ်သည် ယခင် ဗီဇပြောင်းမျိုးကွဲများနှင့် လွန်စွာမတူကွဲပြားသည့်အတွက် လက်ရှိထုတ်လုပ်ထားသည့် ကာကွယ်ဆေးများ မထိရောက်သည့် အခြေအနေဖြစ်ပေါ်လာနိုင်ကြောင်းနှင့် တောင်အာဖရိကအပြင် ဘော့ဆွာနာ၊ အစ္စရေးနှင့် ဟောင်ကောင်တို့တွင်ပါ တွေ့ရှိရကြောင်းသတင်းကရင်ပူစရာပင်ဖြစ်သည်။ မိမိတို့နိုင်ငံ၏ ကိုဗစ်-၁၉ တတိယလှိုင်းတွင် ရင်ဆိုင်ခဲ့ရသော ဒယ်လ်တာသည်ပင် မူလ ကိုဗစ်-၁၉ ထက် များစွာပြင်းထန်ခဲ့ရာ ဒယ်လ်တာထက် ပိုမိုပြင်းထန်မည်ဆိုပါက မတွေးဝံ့စရာပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမှာ ထိန်းချုပ်နိုင်သည့် အခြေအနေကောင်းတစ်ခုသို့ ရောက်ရှိလာပြီဟု ဆိုနိုင်သော်လည်း ၎င်းရောဂါရောက်မလာမီက မူလအခြေအနေမျိုးမဟုတ်သည်ကို သတိပြုကြရမည်ဖြစ်သည်။ သတိလက်လွတ်နေမိသည်နှင့် ကူးစက်မှုနှုန်း ပြန်လည်မြင့်တက်လာနိုင်သကဲ့သို့ ပြင်ပမှ ဝင်ရောက်လာနိုင်သည့် အန္တရာယ်ကိုလည်း အချိန်တိုင်း ဂရုပြုစောင့်ကြည့်နေကြရန် လိုသည်။ လူတစ်ဦးချင်းစီတိုင်းက ကူးစက်ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းများကို ဆက်လက်ထိန်းသိမ်းထားခြင်းဖြင့် ကပ်ရောဂါဘေးမှ ကင်းဝေးနိုင်ကြပါစေကြောင်း။ ။

## ၂၀၂၁ ခုနှစ်၊ (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

- ★ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး။
- ★ ပြည်ထောင်စုတစ်ဝန်းလုံး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာအဆင့် မြှင့်တင်ဆောင်ရွက်ရေး။
- ★ မျိုးချစ်စိတ်ဓာတ်ကို အရင်းခံသည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ထက်မြက်ရေး။
- ★ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းစွာဖြင့် တိုင်းရင်းသားပေါင်းစုံ အတူတကွ ယှဉ်တွဲနေထိုင်ရေး။

---

## ၂၀၂၁ ခုနှစ်၊ (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

နိုင်ငံသာယာဝပြောဖို့ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စို့။

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၂၈-၁၁-၂၀၂၁)

### ကျောင်းကုန်းမြို့၌ အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ကျောင်းကုန်း နိုဝင်ဘာ ၂၆**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)က ထုတ်ဝေသည့် (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကို ကျောင်းကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် အ.ထ.က(၁)၊ မြို့မဈေးနှင့် ဒေသခံပြည်သူများကို အခမဲ့ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ သတင်းစကား လက်ကမ်းစာစောင်တွင် ဗိုလ်ချုပ်အောင်ဆန်း၏ အေးအတူပူအမျှ နိုင်ငံလုံးဆိုင်ရာ ညီလာခံတွင် ပြောကြားသည့် မိန့်ခွန်းများ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၁-၄-၂၀၂၁ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ပြောကြားသည့် ပညာရေးကဏ္ဍသည် အရေးကြီးကြောင်း၊ ရန်ကုန်ယူနီဗာစီတီအက်ဥပဒေကို သပိတ်မှောက်ရန် သစ္စာဆိုအဓိဋ္ဌာန်ပြုကြသော ကျောင်းသားကြီး ၁၁ ဦး၏ အမည် စသည်များ ပါဝင်ကြောင်း သိရသည်။

ဝင်းကြိုင်

## ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေ ထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြု လက်မှတ်များအား ၅ နှစ်သက်တမ်း ခွင့်ပြုပေးခဲ့ပါသည်။

အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေ ကျပ်တစ်သောင်း ပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့် မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၁-၅၄၁၄၁၃၊ ၀၁-၅၄၄၅၈၂ ၊ ၀၁-၅၄၄၅၈၃ ၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စာအုပ်စာစောင်များပေးအပ်ရန် အသိပေးကြေညာခြင်း

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ပုံနှိပ်သူ၊ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၆ အုပ် သို့မဟုတ် ၆ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ်ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါစာအုပ်စာစောင်များကို အမျိုးသားစာကြည့်တိုက်၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနနှင့် အမျိုးသားစာပေဆု ရွေးချယ်ရေးကော်မတီများသို့ ခွဲဝေပေးပို့လျက်ရှိပါသည်။ ထို့အပြင် ပေးပို့လာသော ထုတ်ဝေစာများကို ပြက္ခဒိန် နှစ်အလိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ထုတ်ဝေသော စာအုပ်စာတမ်းများစာရင်းတွင်လည်း ရေးသွင်းထားပြီး နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

သို့ပါ၍ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ(က)ပါ ပြဋ္ဌာန်းချက်များအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၆ အုပ် သို့မဟုတ် ၆ စောင်ကို ဖြန့်ချိသည့်နေ့ရက်မှစ၍ ၇ ရက်အတွင်း ပုံနှိပ်သူထံပေးအပ်ပြီး ပုံနှိပ်သူသည် ၁၄ ရက်အတွင်း ပုံစံ ၁၁ ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ မပျက်မကွက် ပေးအပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

❖ *ရွှေဖုံးမှ*

ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း(အငြိမ်းစား)နှင့် အဖွဲ့ဝင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၂၁) သို့ တက်ရောက်လာကြသည့် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့အသီးသီးမှ တာဝန်ရှိသူများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**မိန့်ခွန်းပြောကြား**

ဦးစွာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့နာယက၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကြီးကို ဒွိတာဝန်အရေးသုံးပါးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးလုပ်ငန်းများတွင် တပ်မတော်၏အရန်အင်အားအဖြစ် ပါဝင်ဆောင်ရွက်ရန်၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် အပြန်အလှန် အကူအညီပေးရန်နှင့် နိုင်ငံတော်အကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန်ဟူသည့် ရည်ရွယ်ချက်များနှင့် ဖွဲ့စည်းတည်ဆောက်ထားခြင်းပင် ဖြစ်ကြောင်း။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကြီးကို တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် စစ်မှုထမ်းဟောင်းအဖွဲ့များ၊ မြို့နယ်အဆင့်စစ်မှုထမ်းဟောင်းအဖွဲ့များနှင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး စစ်မှုထမ်းဟောင်းများအဖြစ် တာဝန်ထမ်းဆောင်နေကြသူများသည် ယခင်က တိုင်းပြည်နှင့်လူမျိုးအတွက် မိမိတို့၏အသက်ခန္ဓာကိုပင်မငဲ့ကွက်ဘဲ နိုင်ငံတော်က ပေးအပ်လာသည့် တာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ကြသူများပင်ဖြစ်ကြောင်း၊ အဖွဲ့ကြီးသည် စည်းကမ်းပြည့်ဝသည့် တပ်မတော်သားအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးကြသူများနှင့် စနစ်တကျစုဖွဲ့ထားသည့်အဖွဲ့ကြီးဖြစ်သဖြင့် နိုင်ငံတော်နှင့် တပ်မတော်အတွက် အားထားရသည့် ကျစ်လျစ်ခိုင်မာသည့် အဖွဲ့အစည်းကြီးလည်းဖြစ်ကြောင်း။

**တစ်ခုတည်းသော မျိုးချစ်တပ်မတော်**

မိမိတို့တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ သမိုင်း၏မဖြစ်မနေ လိုအပ်ချက်အရ ပေါ်ပေါက်ခဲ့သည့် တစ်ခုတည်းသော မျိုးချစ်တပ်မတော်ဖြစ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ရဲဘော်သုံးကျိပ်နှင့်အတူ ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ) ပေါ်ပေါက်ခဲ့ခြင်းသည် မြန်မာ့လွတ်လပ်ရေးတံခါးကို အစပျိုးဖွင့်လိုက်နိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ လွတ်လပ်ရေးလမ်းကြောင်းသည် ကြမ်းတမ်းခဲ့သကဲ့သို့ တိုင်းပြည်လွတ်လပ်ပြီးနောက်ပိုင်း ရင်ဆိုင်ခဲ့ရသည့် အခြေအနေများသည်လည်း တိုင်းပြည်ပြိုကွဲလုနီးနီးအထိ ဖြစ်ခဲ့ရကြောင်း၊ ထိုကဲ့သို့ အခြေအနေများတွင် မိမိတို့တပ်မတော်သည် ရှိသမျှလူ၊ လက်နက်အင်အားများနှင့် တိုင်းပြည်ရန်စွယ် အသွယ်သွယ်ကို ကျားကုတ်ကျားခဲ တွန်းလှန်ပေးခဲ့ရကြောင်း။

မိမိတို့နိုင်ငံ သူ့ကျွန်ဘဝရောက်ရှိခဲ့ခြင်း၏ အဓိကအကြောင်းအရင်းကို လေ့လာကြည့်မည်ဆိုပါက စည်းလုံးညီညွတ်မှု အားနည်းခြင်းနှင့်အတူ အင်အားတောင့်တင်းပြီး စနစ်တကျစုဖွဲ့လေ့ကျင့်ထားသည့် ခေတ်မီတပ်မတော်တစ်ရပ် မရှိခဲ့ခြင်းကလည်း အဓိကအချက်တစ်ချက်အနေဖြင့် ပါဝင်ခဲ့ပါကြောင်း၊ ထို့ကြောင့် ယနေ့အခါတွင် တပ်မတော်အနေဖြင့် အတိတ်က မြန်မာ့သမိုင်းစဉ်၌ ကြုံတွေ့ခဲ့ရသည့် အားနည်းချက်များကို သင်ခန်းစာယူပြီး အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီ မျိုးချစ်တပ်မတော်ကို တည်ဆောက်ပုံဖော်နေခြင်းပင်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များသည်လည်း ဖွဲ့စည်းတည်ထောင်ချိန်မှစ၍ တပ်မတော်၏ ဦးဆောင်မှုနှင့်အတူ ပေးအပ်လာသည့် အမိန့်နှင့်တာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရကြောင်း။

**အချိန်မီထိန်းသိမ်းပေးခဲ့ရ**

ယခုအခါ တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်များကို ရယူခဲ့ရသည်မှာ မကြာမီ ၁၀ လပြည့်မြောက်တော့မည်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်သည် နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်နှင့် အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍနှင့် ပြည်သူလူထု၏ ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာရှိစေရေး ဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် အသက်ခန္ဓာသဖွယ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပါတီစုံဒီမိုကရေစီစနစ်ကို ယိမ်းယိုင်ပျက်စီးအောင် ပြုလုပ်လာသည့် အပြုအမူမှန်သမျှကို တပ်မတော်အနေဖြင့် ဥပဒေနှင့်အညီ ကာကွယ်တားဆီးသွားရမည့် တာဝန်ရှိကြောင်း၊ မိမိတို့တပ်မတော်သည် အတိတ်သမိုင်းတွင်လည်း နိုင်ငံတော်အရေးပေါ်အခြေအနေများနှင့် ကြုံတိုင်း ထိန်းသိမ်းစောင့်ရှောက်ပေးခဲ့ရသည့် သာဓကများ ရှိခဲ့ကြောင်း၊ ယနေ့ကာလ၌လည်း ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကြီးတွင် မဲမသမာမှုများစွာကို ဖန်တီးပြီး နိုင်ငံတော်အာဏာကို အတင်းရယူရန် ကြိုးစားခဲ့သူများကြောင့် နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာပြီး အချိန်မီထိန်းသိမ်းပေးခဲ့ရကြောင်း၊ ထိုကဲ့သို့ တာဝန်ယူခဲ့ရသည့် ကာလအတွင်း ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့်အညီ အဆင့်ဆင့်အကောင်အထည်ဖော်လျက်ရှိကြောင်း။

တပ်မတော်မှ နိုင်ငံတော်တာဝန်ကို အခြေခံဥပဒေနှင့်အညီ မဖြစ်မနေတာဝန်ယူခဲ့ရသည့် ဖြစ်စဉ်မှန်များကို မသိကျိုးကျွံပြုကာ တပ်မတော်နှင့်ပြည်သူ သွေးကွဲအောင်၊ တပ်မတော်အင်အားချည့်နဲ့ပြီး တိုင်းပြည်ပြိုကွဲအောင် သွေးခွဲမှိုင်းတိုက်နေသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ လုပ်ရပ်များကို သိရှိနားလည်ပြီး ဥပဒေဘောင်အတွင်းကနေ သတိရှိရှိဖြင့် တွန်းလှန်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း။

**တပ်မတော်၏ အရန်အင်အား**

ယနေ့အချိန်တွင် တိုင်းပြည်၏ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးလုပ်ငန်းများတွင် တပ်မတော်၏ အရန်အင်အားဖြစ်သည့် စစ်မှုထမ်းဟောင်းအဖွဲ့သည် တာဝန်သိသိနှင့် ပါဝင်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရကြောင်း၊

*စာမျက်နှာ ၄ သို့*



မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့နာယက၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

- **မိမိတို့တပ်မတော်သည် နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်နှင့် အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍနှင့် ပြည်သူလူထု၏ ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာရှိစေရေး ဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းဖြစ်၊**
- **နိုင်ငံတော်အတွက် အသက်ခန္ဓာသဖွယ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပါတီစုံဒီမိုကရေစီစနစ်ကို ယိမ်းယိုင်ပျက်စီးအောင် ပြုလုပ်လာသည့် အပြုအမူမှန်သမျှကို တပ်မတော်အနေဖြင့် ဥပဒေနှင့်အညီ ကာကွယ်တားဆီးသွားရမည့် တာဝန်ရှိ**

**“တပ်မတော်မှ နိုင်ငံတော်တာဝန်ကို အခြေခံဥပဒေနှင့်အညီ မဖြစ်မနေတာဝန်ယူခဲ့ရသည့် ဖြစ်စဉ်မှန်များကို မသိကျိုးကျွံပြုကာ တပ်မတော်နှင့်ပြည်သူ သွေးကွဲအောင်၊ တပ်မတော်အင်အားချည့်နဲ့ပြီး တိုင်းပြည်ပြိုကွဲအောင် သွေးခွဲမှိုင်းတိုက်နေသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ လုပ်ရပ်များကို သိရှိနားလည်ပြီး ဥပဒေဘောင်အတွင်းကနေ သတိရှိရှိဖြင့် တွန်းလှန်သွားကြရန် လိုအပ်”**

*စာမျက်နှာ ၃ မှ*

ဒေသအချို့၌ သဘောထားကွဲလွဲသည့်သူများက တပ်မတော်မုန်းတီးရေးများ ပြောဆိုပြုလုပ်၍ အငြိမ်းစားတပ်မတော်သား စစ်မှုထမ်းဟောင်းများကို အကြမ်းဖက်တိုက်ခိုက်ခြင်း တွေ့လာရပါကြောင်း၊ ယင်းတို့ကို လုံခြုံရေးအသိ၊ လုံခြုံရေးသတိနှင့် ပြည်သူ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ကာကွယ်သွားရန်လိုကြောင်း၊ အကြမ်းဖက်ဖြစ်စဉ်များတွင် ထိခိုက်ဒဏ်ရာရရှိ၊ သေဆုံးခဲ့ရသည့် စစ်မှုထမ်းဟောင်းများအတွက်လည်း အသိအမှတ်ပြုကြောင်းနှင့် ဝမ်းနည်းကြောင်းကို ပြောကြားလိုကြောင်း။

**ဥပဒေများ လက်တွေ့လိုက်နာကျင့်သုံး**

မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၆ တွင် "နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်" ဟု ပြဋ္ဌာန်းထားကြောင်း၊ ယင်းပြဋ္ဌာန်းချက်နှင့် ဆက်စပ်ပြီး ပြည်သူ့စစ်မှုထမ်းဥပဒေ (၂၀၁၀ ပြည့်နှစ်)နှင့် အရန်တပ်ဖွဲ့ဥပဒေ (၂၀၁၀ ပြည့်နှစ်)တို့ကိုလည်း ရေးဆွဲအတည်ပြုထားပြီးဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၌ အသက်အရွယ်ရောက်ပြီးသည့် နိုင်ငံသားတိုင်းသည် ကာလအပိုင်းအခြားအလိုက် စစ်မှုထမ်းဆောင်ရန် ပြဋ္ဌာန်းထားကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊ ဆင့်ခေါ်ခြင်းအပါအဝင် လုပ်ထုံးလုပ်နည်းများကို ပြည့်ပြည့်စုံစုံ ပြဋ္ဌာန်းထားသည်ကို တွေ့နိုင်ကြောင်း၊ ထို့အပြင် စစ်မှုထမ်းခြင်းမှ နုတ်ထွက်ခွင့် သို့မဟုတ် အငြိမ်းစားယူခွင့်ရရှိထားသည့် စစ်မှုထမ်းတစ်ဦးအနေဖြင့် အရန်တပ်ဖွဲ့တွင် ပါဝင်ထမ်းဆောင်နိုင်ရေး အရန်တပ်ဖွဲ့ဥပဒေကို ပြဋ္ဌာန်းထားကြောင်း၊ လိုအပ်ပါက အဆိုပါဥပဒေများကိုလက်တွေ့လိုက်နာကျင့်သုံးနိုင်အောင် ဆောင်ရွက်သွားမည်ပင်ဖြစ်ကြောင်း။

**ပါဝင်ကူညီဆောင်ရွက်ပေးခဲ့**

ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များသည် ရောဂါကုသရေးဌာနများ၊ ရောဂါကာကွယ်ရေးဌာနများ၊ ကာကွယ်ဆေးထိုးနှံရေးဌာနများတွင် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း၊ ဆက်လက်၍လည်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအနေဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ သက်ဆိုင်ရာ မြို့နယ်ဒေသအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူလူထုတို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် လက်တွေ့ကျသည့် စည်းရုံးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ပင်ဖြစ်ကြောင်း၊ "တပ်နှင့်ပြည်သူ မြဲကြည်ဖြူ ဘယ်သူခွဲခွဲ တို့မကွဲ အမြဲစည်းလုံးမည်" ဆိုသည့်အတိုင်း တစ်ခါစစ်သားဖြစ်ခဲ့ဖူးသည့်စိတ်ကို သေတပန်



မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း(အငြိမ်းစား)က မသန်စွမ်းစစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သား/သမီးများနှင့် တပ်မတော်ဆိုင်ရာ တက္ကသိုလ်များတွင် တက်ရောက်ပညာသင်ကြားလျက်ရှိသော စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သား၊ သမီးများအတွက် ချီးမြှင့်ထောက်ပံ့ငွေများ ပေးအပ်စဉ်။

သက်တဆုံး တပ်မတော်သားဆိုသည့် စိတ်ဓာတ်များနှင့် တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိ**

မိမိတို့တပ်မတော်အနေဖြင့် နိုင်ငံတော်နှင့် တပ်မတော်တာဝန်များကို ထမ်းဆောင်ရင်း မသန်စွမ်းဖြစ်သွားကြသည့် တပ်မတော်သားများနှင့် ကျဆုံး၊ သေဆုံးခဲ့ကြသော တပ်မတော်သားမိသားစုဝင်များကိုလည်း ထောက်ပံ့စောင့်ရှောက်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော်က အငြိမ်းစားယူသွားကြသည့် တပ်မတော်သားများနှင့် မိသားစုဝင်များနေ‌ထိုင်ရေး စိတ်အေးချမ်းသာစွာ နေထိုင်နိုင်စေရေး နေပြည်တော်တွင်ရှိသည့် ကရဏာကမ္ဘာဘိုးဘွားရိပ်သာအပြင် တိုင်းနှင့်ပြည်နယ်အလိုက်တွင်လည်း အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာများကို တည်ဆောက်ပေးခဲ့သကဲ့သို့ ဆက်လက်၍လည်း တည်ဆောက်ပေးလျက်ရှိကြောင်း၊ တိုင်းပြည်နှင့်လူမျိုးအတွက် တာဝန်ထမ်းဆောင်ရင်း ကိုယ်လက်အင်္ဂါများ စွန့်လွှတ်ခဲ့ရသည့် စစ်သည်များ အငြိမ်းစားယူပြီးသည့်နောက်တွင် ဘဝအာမခံချက်ရှိစေရေး အသက်မွေးမှုအတတ်ပညာများကိုလည်း တပ်မတော်အသက်မွေးမှု အတတ်ပညာသင်စခန်းများတွင် သင်ကြားပေးလျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သားများ၏ ပညာရည်မြင့်မားရေးအတွက်ကိုသာမက မှီခိုသူသားသမီးများ၊ စစ်မှုထမ်းဟောင်းသားသမီးများ၏ ပညာရေးအတွက်ပါ အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း။

တိုင်းပြည်တည်ငြိမ်အေးချမ်းစေရေး အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေးသည် မရှိမဖြစ်လိုအပ်သည့်အရာပင်ဖြစ်ကြောင်း၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးလမ်းကြောင်းပေါ် အပြည့်အဝရောက်ရှိပြီး မိမိတို့အားလုံး တူညီစွာ လိုလားသည့် နိုင်ငံရေးစနစ်တစ်ခု တည်ဆောက်နိုင်ကြရေးကို တပ်မတော်က စိတ်ရင်းစေတနာမှန်မှန်နှင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

**အစဉ်အလာကောင်းများ ထာဝစဉ်ထိန်းသိမ်း**

တပ်မတော်အနေဖြင့် တိုင်းပြည်၏လိုအပ်ချက်အရ ထမ်းဆောင်နေရသည့် အမျိုးသားနိုင်ငံရေးတာဝန်ထမ်းဆောင်မှုနှင့်ပတ်သက်၍ သန့်သန့်ရှင်းရှင်း ဖြူဖြူစင်စင် ဆောင်ရွက်လျက်ရှိသကဲ့သို့ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအနေဖြင့်လည်း ချမှတ်ပေးထားသည့် လုပ်ငန်းကဏ္ဍကြီး ၅ ရပ်နှင့် ရှေ့လုပ်ငန်းစဉ် ၇ ရပ်ကို ယခုထက်မက ပိုမိုအောင်မြင်အောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ လုံ့လစိုက်ထုတ်ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ တပ်မတော်သားဟောင်းများဖြစ်သည့် စစ်မှုထမ်းဟောင်းများသည် တပ်မတော်၏ အစဉ်အလာကောင်းများကို ထာဝစဉ်ထိန်းသိမ်းသကဲ့သို့ စစ်မှုထမ်းဟောင်းအဖွဲ့ကြီး၏ ကောင်းမွန်သည့် ဂုဏ်သိက္ခာများကိုလည်း ဆက်လက်စောင့်ထိန်းသွားကြရမည်ဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး လုပ်ငန်းများတွင် တပ်မတော်၏ အရန်အင်အားအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်သွားကြရမည်ဖြစ်ကြောင်း၊ ချမှတ်ပေးထားသည့် ရှေ့လုပ်ငန်းစဉ် ၇ ရပ်နှင့် လုပ်ငန်းကဏ္ဍကြီး ၅ ရပ်ကို စစ်သားကောင်းတစ်ယောက်ပီပီ လိုက်နာအကောင်အထည်ဖော်ပြီး ပြည်သူနှင့် တပ်မတော်အကြား ခိုင်မာသည့် ပေါင်းကူးသဖွယ်ဖြစ်အောင် ကြိုးစားသွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း(အငြိမ်းစား)က မသန်စွမ်းစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သား/သမီးများနှင့် တပ်မတော်ဆိုင်ရာ တက္ကသိုလ်များတွင် တက်ရောက်ပညာသင်ကြားလျက်ရှိသော စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သား၊ သမီးများအတွက် ချီးမြှင့်ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့နာယက၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အခမ်းအနားတက်ရောက်လာကြသည့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ မိမိတို့တပ်မတော်အနေဖြင့် နိုင်ငံတော်နှင့် တပ်မတော်တာဝန်များကို ထမ်းဆောင်ရင်း မသန်စွမ်းဖြစ်သွားကြသည့် တပ်မတော်သားများနှင့် ကျဆုံး၊ သေဆုံးခဲ့ကြသော တပ်မတော်သားမိသားစုဝင်များကိုလည်း ထောက်ပံ့စောင့်ရှောက်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိ

❖ တပ်မတော်က အငြိမ်းစားယူသွားကြသည့် တပ်မတော်သားများနှင့် မိသားစုဝင်များနေ‌ထိုင်ရေး စိတ်အေးချမ်းသာစွာ နေထိုင်နိုင်စေရေး နေပြည်တော်တွင်ရှိသည့် ကရဏာကမ္ဘာဘိုးဘွားရိပ်သာအပြင် တိုင်းနှင့်ပြည်နယ်အလိုက်တွင်လည်း အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာများကို တည်ဆောက်ပေးခဲ့သကဲ့သို့ ဆက်လက်၍လည်း တည်ဆောက်ပေးလျက်ရှိ

## နိုင်ငံ၏ ဂုဏ်သိက္ခာနှင့်အညီ ဆောင်ရွက်

မိမိတို့နိုင်ငံသည် အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ သို့သော်လည်း နိုင်ငံတကာနှင့်ဆက်ဆံရာတွင် နိုင်ငံ၏ ဂုဏ်သိက္ခာနှင့်အညီ ဆောင်ရွက်နေခြင်းကို အချို့သောပုဂ္ဂိုလ်၊ အဖွဲ့အစည်းများက မျက်ကွယ်ပြု၍ဆောင်ရွက်နေကြကြောင်း၊ ပြည်ပနိုင်ငံများနှင့် နယ်နိမိတ်ထိစပ်နေသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများအနေဖြင့် နယ်စပ်ဒေသဆက်ဆံရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ဂုဏ်သိက္ခာကို ထိန်းသိမ်းပြီး နိုင်ငံတကာကတိကဝတ်၊ သဘောတူညီချက်များနှင့်အညီ ပြောဆိုပြုမူဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နိုင်ငံ၏ဂုဏ်သိက္ခာကို ထိခိုက်စေမည့် ကိစ္စရပ်များကို ရှောင်ရှားကြရန်လိုအပ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ၏ အကြိမ် (၂၀) မြောက် အစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၆

**မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ (National Seed– Related Committee, NSC) ၏ အကြိမ် (၂၀) မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၌ အွန်လိုင်းစနစ်ဖြင့်ကျင်းပရာ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ကော်မတီဝင်များ၊ သီးနှံကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းအဖွဲ့များမှ အဖွဲ့ခေါင်းဆောင်များနှင့် သီးနှံကျွမ်းကျင်ပညာရှင်များ တက်ရောက်ကြသည်။**

အစည်းအဝေးတွင် ပြည်တွင်းစိုက်ပျိုးရေးကဏ္ဍအတွက် မျိုးစေ့လိုအပ်ချက်ကို ပြည်ပတင်သွင်းမှုလုပ်ငန်းများအပြင် ပြည်တွင်းမျိုးစေ့ကုမ္ပဏီများ၊ လုပ်ငန်းရှင်များမှ အရည်အသွေးကောင်းမျိုးစေ့များ စိုက်ပျိုးထုတ်လုပ်လာနိုင်ရေးနှင့် မျိုးစေ့ထုတ်လုပ်မှုလုပ်ငန်းများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်ဝင်ရောက်လာစေရေးကို တစ်ဖက်တစ်လမ်းမှ အားပေးဆောင်ရွက်ပေးခြင်းဖြင့် တောင်သူများ မျိုးစေ့လိုအပ်အချိန်တွင် လိုအပ်သည့်ပမာဏကို ဈေးနှုန်းချိုသာစွာဖြင့် လွယ်ကူစွာ ဝယ်ယူအသုံးပြုနိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း၊ ယနေ့ကျင်းပသည့် မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ၏ အကြိမ်(၂၀) မြောက် အစည်းအဝေးတွင် သီးနှံကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းအဖွဲ့များနှင့် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီတို့က မျိုးစေ့ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်စိစစ်ပြီး သဘောထားမှတ်ချက်များဖြင့် တင်ပြထားသော စမ်းသပ်စိုက်ပျိုးသီးနှံလေးမျိုး၏ မျိုးသစ်မျိုးကွဲ ၁၀ မျိုး၊ မှတ်တမ်းပြုစုထားသော သီးနှံ ၁၀ မျိုး၏ မျိုးသစ်မျိုးကွဲ ၂၆ မျိုးနှင့် မိဘမျိုးလိုင်း သုံးစုံ၊ စုစုပေါင်း ၃၉ မျိုးတို့ကို မျိုးသစ်အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရေး ဆွေးနွေးကြသည်။

ဌာနများ၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီများက တင်ပြလာသော မျိုးသစ်များကို စိစစ်သုံးသပ်ပြီး မျိုးသစ်အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးလာခဲ့ရာ မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ၏ (၁၉) ကြိမ်မြောက် အစည်းအဝေးအထိ သီးနှံ ၇၆ မျိုး၏ မျိုးကွဲ ၁၂၈၄ မျိုးနှင့် မိဘမျိုးလိုင်း ၁၆၅ စုံ၊ စုစုပေါင်း ၁၄၄၉ မျိုးကို စိစစ်ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ အသစ်ထွက် ပေါ်လာလျက်ရှိသည့် မျိုးသစ်မျိုးပြားများကို အခြားနိုင်ငံမှ တောင်သူများနည်းတူ ပြည်တွင်းရှိ တောင်သူများ အချိန်နှင့်တစ်ပြေးညီ အသုံးပြုနိုင်ရေးအတွက် မျိုးသစ်များ မှတ်ပုံတင်နိုင်ရေးလုပ်ငန်းများကို မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီက စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများ၊ မြဝတီနှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းနှစ်ခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီသုံးခုမှ ယာဉ်စီးရေ ခုနစ်စီးဖြင့် အောက်ဆီဂျင်(အရည်) Bowser ယာဉ်တစ်စီးဖြင့် ၁၉ တန်၊ အောက်ဆီဂျင်(Plant) ခြောက်ခုနှင့် နှာခေါင်းစည်း (Mask) ၄၇ တန်တို့ကို တင်သွင်းခဲ့သည်။ အောက်ဆီဂျင် (အရည်) Bowser ယာဉ်တစ်စီးမှာ မြဝတီကုန်သွယ်ရေးဇုန်မှ ရန်ကုန်မြို့သို့ ဖြစ်ပြီး အောက်ဆီဂျင် (Plant) ခြောက်ခုမှာ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းမှ ရန်ကုန်မြို့သို့ ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေး ကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း သိရသည်။

**သတင်းစဉ်**



## မိုးမိတ်မြို့တွင်းလမ်းများ ကောင်းမွန်စေရေး မြေသားလမ်းမှ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်

**မိုးမိတ် နိုဝင်ဘာ ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင် မိုးမိတ်မြို့တွင် မြို့နယ်စည်ပင်သာယာရေးဌာနအနေဖြင့် မြို့နယ်သန့်ရှင်းသာယာလှပရေးနှင့် မြို့တွင်းလမ်းများကောင်းမွန်စေရေးအတွက် နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်လျက်ရှိရာ မြောက်ပိုင်းရပ်ကွက် သီတာလမ်းကို မြေသားလမ်းအဖြစ်မှ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအား မြို့နယ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးတင်ရှိန်တို့က စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးနိုင်ရေးအတွက် ယမန်နေ့က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းသည် ကွန်ကရစ်လမ်းဖြစ်ပြီး အရှည် ပေ ၄၀၀၊ အကျယ် ၁၂ ပေ၊ ထု ခြောက်လက်မရှိကာ ၂၀၂၁-၂၀၂၂ ခု ဘဏ္ဍာရေးနှစ် မိနီဘတ်ဂျက်ငွေလုံးငွေရင်းအသုံးစရိတ် ရန်ပုံငွေခွင့်ပြုရန်ပုံငွေကျပ် (၈၅၉၇၀၀၀ ဖြင့် ဆောင်ရွက်ခဲ့ပြီး မြို့နယ်စည်ပင်သာယာဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နိုင်ငံတော်အစိုးရ တာဝန်ယူမှု ကိုးလမြောက်၏ မှတ်တိုင်များ

ကနောင်

**ဆောင်းဦးကာလ အရှေ့မိုးကုတ်စက်ဝိုင်းထက်ဝယ် ရောင်နီတို့ ထွန်းစပြုလာသည်။ အရုဏ်ဦးသည် တည်ငြိမ်အေးချမ်းပြီး မျှော်လင့်ချက်အသစ်တို့ဖြင့် တလက်လက်တောက်ပလျက်ရှိသည်။ မိမိတို့နိုင်ငံ၏ ရောင်နီဦးကား စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် တိုင်းရင်းသားလူမျိုးအားလုံး ပါဝင်နိုင်သော ဒီမိုကရေစီပန်းတိုင်ပင်ဖြစ်သည်။ မည်မျှမှောင်မိုက်သည့် လမိုက်ညပင်ဖြစ်လိမ့်ဦးတော့ ရောင်နီဖြာလျှင် လင်းရပေမည်။**

မဲမသမာမှု၏ နောက်ဆက်တွဲအကျိုးဆက် ပြည်တွင်းဆန္ဒပြပွဲများမှသည် အကြမ်းဖက်လူသတ်ကြသည်အထိ ပြောင်းလဲလာသည့် နိုင်ငံရေးမသမာမှုများကို အစိုးရနှင့်အတူ ပြည်သူတို့က ပူးပေါင်းဖော်ထုတ်ခဲ့ကြသဖြင့် အကြမ်းဖက်သူများ၊ အဆွယ်အပွားများနှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိပြီး မီးကြွင်းမီးကျန်များကို ဆက်လက်ဖော်ထုတ် ရှင်းလင်းနေရဆဲဖြစ်သည်။ ပြည်သူနှင့်အစိုးရသည် ကမ္ဘာ့ကပ်ရောဂါကို အတူတကွ ကာကွယ်တားဆီးခဲ့ကြခြင်း၏ သက်သေအဖြစ် တတိယလှိုင်း အားပျော့သွားခဲ့ပြီဖြစ်သည်။ နိုင်ငံတကာ ဖိအားများ၊ စိန်ခေါ်မှုများအကြားက ပြည်သူများ၏ လူမှုစီးပွားဘဝများကို ရှိသမျှခွန်အားများ စိုက်ထုတ်ကာ အစိုးရက ဖော်ဆောင်သည်၊ ပြည်သူက ပူးပေါင်းပါဝင်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အောင်ပန်းမြို့ ဓာတ်ရောင်ခြည်ကုသဆောင်နှင့် ကင်ဆာရောဂါခွဲစိတ်ကုသဆောင်အတွင်း စက်ပစ္စည်းများတပ်ဆင်ထားမှုကို အောက်တိုဘာ ၂ ရက်က ကြည့်ရှုစစ်ဆေးစဉ်။

အောက်တိုဘာလသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူခဲ့သည်မှာ (၉)လ ပြည့်မြောက်သည့်လဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်ချက်များစွာအနက်မှ အချို့ကို ကောက်နုတ်၍ တစ်စုတစ်စည်း ဖတ်ရှုနိုင်စေရန် တင်ပြရလျှင် –

**နိုင်ငံနှင့်ပြည်သူအတွက် မနေမနားဆောင်ရွက်ချက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အောက်တိုဘာလ ၁ ရက်က ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံခဲ့ပြီး စိုက်ပျိုးမွေးမြူရေး၊ သစ်တောပြုန်းတီးမှု မရှိစေရေး၊ အင်းလေးကန်၏ ရေသယံဇာတများ တိမ်ကောမှုမရှိစေရေး၊ပညာရေးနှင့်လူသားအရင်းအမြစ် မွေးထုတ်ပေးနိုင်ရေး၊ လျှပ်စစ်ဓာတ်အားလုံလောက်ရန် အစီအမံများချထားရေး စသည်တို့ကို ဆွေးနွေးခဲ့သည်။ အောက်တိုဘာလ ၂ ရက်တွင် တောင်ကြီးမြို့ရှိ ရှမ်းရိုးမမွေးမြူရေးဇုန်၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ဒေသနှင့် ကိုက်ညီမည့်လုပ်ငန်းများအဖြစ် ဖော်ဆောင်ရေးတို့ကို လမ်းညွှန်မှာကြားခဲ့သည်။ ထို့အတူ တောင်ကြီးမြို့နယ် ပင်းပက်ဒေသ ပင်ငိုကျေးရွာအနီးရှိ စက်မှုဝန်ကြီးဌာန အမှတ် (၁) အကြီးစား စက်မှုလုပ်ငန်းနှင့် အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)သို့ အစိုးရအဖွဲ့ဝင်များနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ဖြည့်ဆည်းခြင်းများ ဆောင်ရွက်ခဲ့သည်ကို မြင်တွေ့ရသည်။

ထို့အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ တောင်ကြီးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံ၍ တပ်မတော်သားများ၏ အဓိကတာဝန်၊ တပ်မတော်၏ အစဉ်အလာကောင်းများကို ထိန်းသိမ်းကြရမည့် လုပ်ငန်းများ၊ နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး အခြေအနေများ စသည်တို့ကို ရှင်းလင်းပြောကြားခဲ့ပြီး တပ်မိသားစုများထံ စားသောက်ဖွယ်ရာများ ပေးအပ်ထောက်ပံ့သည်။ ခရီးစဉ်အတွင်း တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ် ဗုဒ္ဓသာသနာပြု အောက်စဖို့ဒ်ဆရာတော် ဒေါက်တာဘဒ္ဒန္တဓမ္မသာမိအား လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ပြီး ဗုဒ္ဓစာပေဆိုင်ရာများကို ကြည့်ရှုလေ့လာခြင်းနှင့် ဗုဒ္ဓတက္ကသိုလ်ရှေ့တွင် အမှတ်တရသစ်ပင်စိုက်ပျိုးခြင်းများ ပြုလုပ်ခဲ့သည်။

ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ ဓာတ်ရောင်ခြည် ကုသဆောင်နှင့် ကင်ဆာရောဂါခွဲစိတ်ကုသဆောင်ကို အောက်တိုဘာလ ၂ ရက်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး အကျိုးကျေးဇူးအဖြစ် ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်အတွင်း တာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဒေသခံပြည်သူများအတွက် ကင်ဆာရောဂါကုသမှုတွင် အရေးပါသည့် ဓာတ်ရောင်ခြည်ကုထုံးနှင့် ကင်ဆာခွဲစိတ်ကုသမှုများကို အဆင့်မြင့်စွာ ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ ရှမ်းပြည်နယ်ခရီးစဉ်အတွင်း ကလောမြို့ရှိ စစ်ဦးစီးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများကို ကလောတပ်နယ်ခန်းမ၌ တွေ့ဆုံခဲ့ပြီး တပ်ရင်းမှူးတစ်ဦး၏ တာဝန်ဝတ္တရားများကို သိရှိနားလည်ပြီး အလေ့အကျင့်ကောင်းများနှင့်အတူ ခေါင်းဆောင်ကောင်းများအဖြစ် တာဝန်ထမ်းရွက်နိုင်စေရေး အလေးထားမှာကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် ကလောမြို့နှင့် အောင်ပန်းမြို့တို့ရှိ ဒေသခံမြို့မိမြို့ဖများ၊ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံခြင်းကို အောက်တိုဘာလ ၃ ရက်က ပြုလုပ်ခဲ့သည်။ ယင်းဒေသများအတွင်း လမ်းပန်းဆက်သွယ်ရေး၊ ခရီးသွားလာမှုလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရေး၊ ကျန်းမာရေးကဏ္ဍမြှင့်တင်ရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရေး၊ ဒေသထွက်ကုန်များအား နိုင်ငံတကာဈေးကွက်အထိ တိုးချဲ့တင်ပို့နိုင်ရေးစသည့် ကဏ္ဍအသီးသီးတို့အတွက် ဆွေးနွေးညှိနှိုင်းပေးခဲ့သည်ကို မြင်တွေ့ရမည်ဖြစ်ပြီး အကျိုးရလဒ်ကောင်းများအဖြစ် ကလောမြို့ကို အခြေပြု၍ ကျောက်မီးသွေးခေါင်းတွဲဖြင့် မီးရထားခရီးစဉ်ကဲ့သို့သော ပြည်တွင်းခရီးသွား မြှင့်တင်ရေးအစီအစဉ်များလည်း မကြာမီမြင်တွေ့ရတော့မည်။

**ပထမဆုံးသော မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်း**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် အတွင်းပိုင်းရေပြင်မှ သီးသန့်စီးပွားရေးဇုန်အထိ ရေပြင်ယာအတွင်း ရေကြောင်းဆိုင်ရာလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ လုပ်ငန်းများ တာဝန်ခံစီမံကွပ်ကဲဆောင်ရွက်ရန်၊ အမျိုးသားရေကြောင်း အကျိုးစီးပွားများအား ကာကွယ်စောင့်ရှောက်ရန်၊ ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ ပင်လယ်ဖြတ်ကျော်မှုခင်းများ နှိမ်နင်းရန်၊ သတင်းအချက်အလက်များ ဖလှယ်ရန်၊ နိုင်ငံတကာ ကမ်းခြေစောင့်တပ်ဖွဲ့များနှင့် ချိတ်ဆက်ပြီး သံတမန်ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရန်နှင့် စစ်မက်ကာလတွင် တပ်မတော်(ရေ)အား အထောက်အကူပြုရန် စသည့် ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းခြင်းနှင့် တပ်တော်ဝင်အခမ်းအနားကို အောက်တိုဘာလ ၆ ရက်က ရန်ကုန်မြို့ အမှတ်(၃)ရေတပ်ဆိပ်ခံတံတား၌ ကျင်းပခဲ့သည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့မှ အရာရှိ၊ စစ်သည်များနှင့် တွေ့ဆုံ၍ ယနေ့သည် မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ကို ဖွဲ့စည်းတည်ထောင်သည့်နေ့ဖြစ်ပြီး မိမိတို့နိုင်ငံနှင့် တပ်မတော်အတွက် သမိုင်းဝင် မော်ကွန်းတင်သည့် နေ့တစ်နေ့ပင်ဖြစ်ကြောင်း၊ မိမိတို့ပင်လယ်ပြင်သည် ဒေသတွင်း မဟာဗျူဟာကျစွာ တည်ရှိနေသည့်အတွက် နိုင်ငံတော်၏ အကျိုးစီးပွားဖော်ဆောင်ရန် အခွင့်အလမ်းနယ်မြေတစ်ခုလည်းဖြစ်ကြောင်း၊ ပင်လယ်ပြင် တရားဥပဒေစိုးမိုးရေးကဏ္ဍ (Constabulary Role)၊ လူသားချင်းစာနာမှု အကူအညီပေးရေးကဏ္ဍ (Benign Role)များကို ကမ်းခြေစောင့်တပ်ဖွဲ့က အဓိကထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ယင်းနေ့တွင်ပင် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သီလဝါဘက်စုံ စိုက်ပျိုးမွေးမြူရေးဇုန် အကောင်အထည်ဖော်မှု လုပ်ငန်းများကို သွားရောက်ကြည့်ရှုခဲ့ပြီး လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ သုတေသနလုပ်ငန်းများ အလေးထားဆောင်ရွက်ကြရန်၊ ရေရှည်တည်တံ့၍ စနစ်ကျနသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖြစ်ပေါ်လာရန်နှင့် ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီမှုရှိရန်အတွက် ထည့်သွင်းစဉ်းစား ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

*စာမျက်နှာ ၇ သို့*



မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ စစ်ရေယာဉ်များကို ရန်ကုန်မြို့ အမှတ်(၃) ရေတပ်ဆိပ်ခံတံတား၌ အောက်တိုဘာ ၆ ရက်က တွေ့ရစဉ်။

*စာမျက်နှာ ၆ မှ*

**ပထမဆုံး မြေအောက်လမ်းကူး လူသွားဥမင်**

မြန်မာနိုင်ငံ၏ ပထမဆုံးသော မြေအောက်လမ်းကူးလူသွားဥမင်ကို အောက်တိုဘာလ ၇ ရက်က နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ ရန်ကုန်မြို့အတွင်း လူဦးရေတိုးပွားလာမှု၊ ပို့ဆောင်ဆက်သွယ်ရေးယာဉ်များ များပြားလာမှုတို့ကြောင့် လမ်းဧရိယာကိုတိုးချဲ့ရန် မဖြစ်နိုင်သည့်အခြေအနေတွင် နှစ်ထပ်လမ်းကြောင်းများ၊ မြေအောက်ဥမင်လမ်းကြောင်းများကို မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်သဖြင့် ယခုကဲ့သို့ မြေအောက်ဥမင်ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် ဂုဏ်ယူဖွယ်ရာတစ်ရပ်ပင်ဖြစ်သည်။ မြို့တော်အင်္ဂါရပ်နှင့်အညီ တည်ဆောက်ထားခြင်းဖြစ်ပြီး တစ်နာရီလျှင် လူဦးရေ ၆၀၀၀ ခန့် ဖြတ်သန်းသွားလာနိုင်မည့် ခေတ်မီလူသွားဥမင်သည် အရှည် ၄၂၇ ပေ ရှည်လျားပြီး ဝင်ပေါက်လေးခု၊ ရွေ့လျားစက်လှေကား၊ ခါတ်လှေကားများ တပ်ဆင်ထားကာ ဈေးဆိုင်ခန်း ၁၈ ခန်းပါဝင်ကြောင်း သိရှိရသည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် အောက်တိုဘာလ ၇ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံ၍ မြို့တော်သန့်ရှင်းသာယာလှပရေး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး၊ အမှိုက် စနစ်တကျစွန့်ပစ်ရေး၊ အခွန်ထမ်းဆောင်ခြင်းနှင့် သမဝါယမစနစ်များ အားကောင်းလာစေရေး၊ သောက်သုံးရေဖူလုံမှုရှိစေရေး စသည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးညှိနှိုင်းခဲ့သည်။ ထို့နောက် အင်းစိန်မြို့နယ်ရှိသဲကွန်ကရစ်တုံး ထုတ်လုပ်သည့်စက်ရုံ၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အောင်ဆန်းအားကစားပြိုင်ဝင်း၊ တာမွေမြို့နယ် ကျိုက္ကဆံဘတ်စကက်ဘော အားကစားရုံနှင့် ကျိုက္ကဆံကွင်း (အားကစားနှင့် ကာယပညာသိပ္ပံ) တို့ကို သွားရောက်၍ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများနှင့် လိုအပ်ချက်များကို ညှိနှိုင်းအဖြေရှာပေးခဲ့သည်။

**ကာကွယ်ဆေးများထုတ်လုပ်နိုင်ရန်ကြိုးပမ်း**

နိုင်ငံတော်တည်ဆောက်ရာတွင် သံနှင့်သံမဏိထုတ်ကုန်များသည် မရှိမဖြစ်လိုအပ်ပြီး နိုင်ငံ၌ ကုန်ကြမ်းများရှိသော်လည်း ပြည်တွင်း၌ လုံလောက်အောင် မထုတ်လုပ်နိုင်သဖြင့် ပြည်ပမှ တင်သွင်းနေရခြင်းကို လျှော့ချနိုင်ရန်အတွက် ပြည်တွင်းလုပ်ငန်းရှင်များ ဆောင်ရွက်မှုများကို အားပေးကူညီပေးမည်ဖြစ်ကြောင်း နိုင်ငံတော်ဝန်ကြီးချုပ်သည် အောက်တိုဘာလ ၈ ရက်က အမှတ်(၃) သံမဏိစက်ရုံ(ရွာမ)၌ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် ထည့်သွင်းပြောကြားခဲ့သည်။



အင်းစိန်မြို့နယ်ရှိ အမှတ်(၃) သံမဏိစက်ရုံ (ရွာမ)၌ လုပ်ငန်းဆောင်ရွက်နေမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အောက်တိုဘာ ၈ ရက်က ကြည့်ရှုစစ်ဆေးစဉ်။

ထို့အတူ နိုင်ငံတော်ဝန်ကြီးချုပ်သည် အောက်တိုဘာလ ၈ ရက်က စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ(အင်းစိန်)၊ ဆေးဝါးစက်ရုံခွဲ (ရွာသာကြီး)၊ အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးစက်ရုံသို့ရောက်ရှိ၍ အဆင့်မြင့်နည်းပညာများဖြင့် ဆေးဝါးထုတ်လုပ်နိုင်မှုလုပ်ငန်းအခြေအနေ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေးအတွက် သုတေသနလုပ်ငန်းများနှင့်ကြိုးပမ်းမှုအခြေအနေ၊ အခြားကာကွယ်ဆေးများ အနာဂတ်တွင်ထုတ်လုပ်ရန် ရည်မှန်းချက်ထား ဆောင်ရွက်ရမည့် အခြေအနေများကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ရန်ကုန်ခရီးစဉ်အတွင်း အောက်တိုဘာလ ၈ ရက်က တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈)စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်ခဲ့ပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်လက်ရုံးအသီးသီးအတွက် စိစစ်ရွေးချယ်ပေးခဲ့သည်။ ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း(တညင်းကုန်း)သို့ သွားရောက်ခဲ့ပြီး ကြက်မွေးမြူရေး၊ နို့စားနွားမွေးမြူရေး အပါအဝင် မွေးမြူရေးလုပ်ငန်းများ၊ ရာသီသီးနှံနှင့် နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးထားမှုများကို ကြည့်ရှုစစ်ဆေး၍ ရေရှည်အထွက်နှုန်းကောင်း၍ အလေအလွင့် နည်းပါး၊ ကုန်ကျစရိတ်သက်သာသည့် စက်မှုလယ်ယာစနစ်သို့ အဆင့်လိုက် မဖြစ်မနေကူးပြောင်းရေး အစီအမံများဖြင့် ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့သည်။

အောက်တိုဘာလ ၁၀ ရက်က နိုင်ငံတော်ဝန်ကြီးချုပ်သည် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံခဲ့ပြီး ရန်ကုန်မြို့ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရေး၊ မြို့သာယာလှပရေး၊ နေထိုင်သူများအားလုံး နိုင်ငံသားမှတ်ပုံတင်ကတ်ပြားများ အမြန်ဆုံးရရှိအောင် ဆောင်ရွက်ပေးနိုင်ရေး၊ လူတစ်ဦးချင်း၏ အခြေခံလိုအပ်ချက်များကို တွက်ချက်ကာ တိုင်းဒေသကြီးတစ်ခုလုံး ဖူလုံအောင် စီမံဆောင်ရွက်ရေး၊ မြေယာပြဿနာများ ဖြေရှင်းပေးနိုင်ရေး၊ ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားကွင်းများ၊ အားကစားရုံများ တည်ဆောက်ပေးနိုင်ရေး၊ လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေး စသည့်အစီအမံများကို ဆွေးနွေးညှိနှိုင်းပေးခဲ့သည်။

**ငွေကြေးနှင့် ဘဏ္ဍာစနစ်ခိုင်မာရေး ကြိုးပမ်းလျက်ရှိ**

နိုင်ငံတော်ဝန်ကြီးချုပ်သည် အောက်တိုဘာလ ၁၅ ရက်က ကျင်းပသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၆/၂၀၂၁) သို့ တက်ရောက်ခဲ့ပြီး နိုင်ငံတော်အစိုးရ၏ တွန်းအားပေးဆောင်ရွက်လျက်ရှိသည့် ပြည်တွင်းငြိမ်းချမ်းရေး၊ စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးမွေးမြူရေး၊ ပို့ကုန်သွင်းကုန်ဆိုင်ရာ ဈေးကွက်ရှာဖွေရေး၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို ကြံဆဆောင်ရွက်ကြစေရေး စသည်ဖြင့် တိုက်တွန်းပြောကြားခဲ့သည့်အပြင် အောက်တိုဘာလ ၂၅ ရက်က ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၁)တွင် နိုင်ငံတော်ဝန်ကြီးချုပ်က ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးစေရန်အတွက် အစီအမံများ၊ ကုန်ထုတ်လုပ်မှု၊ ကျေးလက်ဖွံ့ဖြိုးမှုတို့အတွက် အစီအမံများနှင့် စီးပွားရေးခိုင်မာစေရေးအတွက် ငွေကြေးတန်ဖိုးနှင့်ဘဏ္ဍာစနစ်တို့ကို တည်ငြိမ်စေရန် အစီအမံများ စသည်တို့ကို ထည့်သွင်းအလေးပေး ညှိနှိုင်းဆွေးနွေးခဲ့သည်။

**ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏**
**ရတနာပလ္လင်တည်ထားပူဇော်**

နေပြည်တော်ရှိ ဗုဒ္ဓဥယျာဉ်တော်တွင် တည်ထားပူဇော်မည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်အပိုင်း(၁) တည်ထားပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို အောက်တိုဘာလ ၂၃ ရက်က ကျင်းပခဲ့ရာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အလှူရှင်များ၊ တာဝန်ရှိသူများ တက်ရောက်၍ တပ်ဆင်ပူဇော်ခဲ့သည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ကိုယ်စားလှယ်အဖွဲ့အား အောက်တိုဘာလ ၂၇ ရက်က လက်ခံတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများ၊ ခရီးသွားလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာနှင့် ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်ကြရန် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် အောက်တိုဘာလ ၂၈ ရက်က ကျင်းပသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၁၃)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ရောဂါဖြစ်ပွားမှုနှုန်း လျော့ကျလာသော်လည်း ဆက်လက်စောင့်ကြည့်ရန် လိုအပ်နေသေးကြောင်း၊ အခြေခံစည်းကမ်းများမှစတင်၍ လိုက်နာကြရန်လိုအပ်ပြီး ရောဂါကူးစက်ပြန့်ပွားမှုနှင့် ပတ်သက်၍ ရပ်/ကျေးအဆင့်များမှစ၍ ထူးခြားမှုရှိက သတင်းပေးပို့ရန်လိုအပ်ကြောင်း၊ ကာကွယ်ဆေးထိုးနှံပေးမှုတွင် EAO နယ်မြေများ၊ နယ်စပ်ဒေသများ၊ တိုင်းရင်းသားဒေသများအားလုံး အကွက်စေ့စွာ ထိုးနှံပေးနိုင်ရန်နှင့် အသိပညာပေးခြင်းများကို ထိရောက်စွာလုပ်ကိုင်ရန်လိုအပ်ကြောင်း ထည့်သွင်းမှာကြားခဲ့သည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အောက်တိုဘာလ ၂၉ ရက်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယရေတပ်ဦးစီးချုပ် Vice Admiral Vladimir Lvovich kasatonov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များအား ရုရှားစစ်ရေယာဉ် Gremyashiy ပေါ်၌ လက်ခံတွေ့ဆုံသည်။ ရုရှားစစ်ရေယာဉ် Gremyashiy ပေါ်၌ ရုရှားစစ်ရေယာဉ် ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော်တေးသီချင်းဖြင့် ဂုဏ်ပြုကြိုဆို အလေးပြုခြင်းကိုခံယူခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယရေတပ် ဦးစီးချုပ် ဦးဆောင်သည့် အဖွဲ့ဝင်များအား နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ကဏ္ဍာပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ယုံကြည်မှုများကို ပိုမိုခိုင်မြဲစေနိုင်သည့်အတွက် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်စေလွှတ်ပေးနိုင်မည့် အခြေအနေနှင့် ရေကြောင်းလုံခြုံမှုဆိုင်ရာ နည်းပညာနှင့် သတင်းအချက်အလက်များ ဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များအား ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ *(ဆက်လက်ဖော်ပြပါမည်)*

**※ နိုင်ငံတော်ဝန်ကြီးချုပ်သည် အောက်တိုဘာလ ၈ ရက်က စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ(အင်းစိန်)၊ ဆေးဝါးစက်ရုံခွဲ (ရွာသာကြီး)၊ အသည်းရောင်အသားဝါ (ဘီ) ကာကွယ်ဆေးစက်ရုံသို့ရောက်ရှိ၍ အဆင့်မြင့်နည်းပညာများဖြင့် ဆေးဝါးထုတ်လုပ်နိုင်မှုလုပ်ငန်းအခြေအနေ၊ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေးအတွက် သုတေသနလုပ်ငန်းများနှင့် ကြိုးပမ်းမှုအခြေအနေ၊ အခြားကာကွယ်ဆေးများ အနာဂတ်တွင်ထုတ်လုပ်ရန် ရည်မှန်းချက်ထား ဆောင်ရွက်ရမည့်အခြေအနေများကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့သည်**

# တိုင်းရင်းသားလူငယ်များ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းကျောင်း ၄၅ ကျောင်း၌ အခြေခံပညာအခမဲ့သင်ကြားပေးလျက်ရှိ





**နေပြည်တော် နိုဝင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)၌ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် A.G.T.I ဒီပလိုမာ သင်တန်း အမှတ်စဉ်(၁၈) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားကို ဘွဲ့နှင်းသဘင်ခန်းမ အပါအဝင် ၂ နေရာခွဲခြား၍ ကိုဗစ် - ၁၉ စည်းကမ်းချက်များနှင့်အညီ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နယ်စပ်ရေးရာဝန်ကြီးဌာနအနေနှင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေး၊ နယ်စပ်ဒေသများတွင် နေထိုင်ကြသည့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးစေရေးဟူ၍ မူဝါဒ ၄ ရပ်ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း ၄၅ ကျောင်း၌ အခြေခံပညာရေးကို အခမဲ့သင်ကြားပေးလျက်ရှိပြီး အခြေခံပညာအထက်တန်း အောင်မြင်သည့် တိုင်းရင်းသားလူငယ်များကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း)တို့တွင် အဆင့်မြင့်ပညာရပ်များကို အခမဲ့သင်ကြားပေးခြင်းဖြင့် အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအား အရင်းအမြစ်များဖြစ်လာအောင် လေ့ကျင့်ပြုစု ပျိုးထောင်ပေးလျက်ရှိကြောင်း၊ ထို့အတူ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းကိုးကျောင်း၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ၄၆ ကျောင်းတို့ကို ဖွင့်လှစ်ပြီး အသက်မွေးဝမ်းကျောင်းပညာများ တတ်မြောက်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန်၊ လူမှုစီးပွားဘဝတိုးတက်မြင့်မားရန် ထောက်ပံ့ကူညီပေးလျက်ရှိကြောင်း။

ဒီဂရီကောလိပ်(ရန်ကုန်)၏ သက်တမ်းကာလတစ်လျှောက်တွင် ယခုအချိန်အထိ ဝိဇ္ဇာဘွဲ့ ၄၉၈ ဦး၊ သိပ္ပံဘွဲ့ ၁၂၁၃ ဦး၊ B.Tech ၁၃၅ ဦး၊ အင်ဂျင်နီယာဒီပလိုမာ ၆၅၅ ဦး၊ စုစုပေါင်း တိုင်းရင်းသားလူငယ် ၂၅၀၁ ဦးကို သင်ကြားလေ့ကျင့်မွေးထုတ်ပေးခဲ့ပြီး ကျောင်းဆင်း သင်တန်းသားများသည် နိုင်ငံ့တာဝန်ထမ်းဆောင်ရင်း ဆက်လက်လေ့လာသင်ယူခဲ့ကြရာ Ph.D ဘွဲ့ ၁၄ ဦး၊ မဟာဝိဇ္ဇာဘွဲ့ ၆၅ ဦး၊ မဟာသိပ္ပံဘွဲ့ ၁၂၂ ဦး၊ B.Tech ၃၂၆ ဦး၊ B.E ၃၀၁ ဦး၊ M.E ၁၅ ဦး ရရှိပြီးဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရန်အတွက် ငြိမ်းချမ်းရေးသည် အထူးအရေးကြီးကြောင်း၊ တိုင်းရင်းသားအားလုံး စည်းလုံး ညီညွတ်ကြလျှင် ငြိမ်းချမ်းရေးမလွဲမသွေ ရရှိမှာဖြစ်ကြောင်း၊ တာဝန်ကျရာ ဝန်ကြီးဌာနအသီးသီးတွင် ဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်သည့်အခါ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများအတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်သွားကြရန်၊ နိုင်ငံတော်ကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အထူးအလေးထား တည်ဆောက်သွားကြရန် တိုက်တွန်းလိုကြောင်း။

မိမိတို့တာဝန်ကျရာဒေသများတွင် ကျန်းမာရေးအတွက် ဆောင်ပုဒ်ဖြစ်သည့် "အရက်၊ ကွမ်း၊ ဆေး ရောဂါပေး၍ ဆီ၊ ဆား၊ အချို အသက်တိုသည်၊ လမ်းလျှောက်၊ လေ့ရှူ၊ ရေသောက်ခြင်း ကျန်းမာချမ်းသာရောဂါကင်း" ဆိုသည်ကို လိုက်နာကျင့်သုံး လက်ဆင့်ကမ်းပေးရမည်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကိုလည်း ဒေသ၏ လိုအပ်ချက်နှင့်အညီ ပါဝင်ပူးပေါင်းစည်းရုံးဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဝိဇ္ဇာဘာသာရပ် ထူးချွန်ဆုရရှိသူနှင့် သိပ္ပံဘာသာရပ် ထူးချွန်ဆုရရှိသူတို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးလှစိုးက A.G.T.I ဒီပလိုမာထူးချွန်ဆုရရှိသူကိုလည်းကောင်း ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ဝန်ကြီးဌာန ၁၇ ခုတို့မှ ကိုယ်စားလှယ်များက သင်တန်းဆင်းကျောင်းသား ၂၁၃ ဦးတို့ကို အလုပ်ခန့်အပ်လွှာများပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းဆင်းကျောင်းသား၊ ကျောင်းသူများကို ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ပြီး ဘွဲ့နှင်းသဘင်ညှော်ခန်း၌ ထူးချွန်ဆုရ ကျောင်းသားများကို တွေ့ဆုံ၍ ဂုဏ်ပြုအားပေးစကားပြောကြားသည်။

ယနေ့ကျင်းပသော ပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီ ကောလိပ်(ရန်ကုန်) အမှတ်စဉ်(၁၈)သင်တန်းဆင်းပွဲတွင် ဝိဇ္ဇာဘွဲ့ ၄၇ ဦး၊ သိပ္ပံဘွဲ့ ၇၈ ဦးနှင့် A.G.T.I ဒီပလိုမာ ၈၈ ဦး၊ စုစုပေါင်း တိုင်းရင်းသားလူငယ် မောင်မယ် ၂၁၃ ဦး တက်ရောက်အောင်မြင်ခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၂၅ ရက် ညနေပိုင်းကလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ကိုယ်စား ပြည်ထောင်စုဝန်ကြီးက ဧည့်သည်တော်များနှင့် သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူများကို ဘွဲ့နှင်းသဘင်ခန်းမနှင့် စားရိပ်သာများတွင် ၃ နေရာခွဲခြား၍ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြန်ကြားရေးဝန်ကြီးဌာနသည် လူထုအခြေပြုဗဟိုဌာနများကို ပြည်သူများ အသိပညာရှာမှီးရာနေရာအဖြစ် ဆောင်ရွက်နေခြင်းဖြစ်

**နေပြည်တော် နိုဝင်ဘာ ၂၆**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့တွင် တောင်ကြီးမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက BOT စနစ်ဖြင့် တည်ဆောက်လျက်ရှိသော လူထုအခြေပြု ဗဟိုဌာန (တောင်ကြီး) အဆောက်အအုံ တည်ဆောက်ပြီးစီးမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**



ရှေးဦးစွာ တာဝန်ရှိသူများက လူထုအခြေပြုဗဟိုဌာန (တောင်ကြီး) အဆောက်အအုံ တည်ဆောက်ပြီးစီးမှု လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လူထုအခြေပြုဗဟိုဌာနများကို ၂၀၁၅ ခုနှစ်မှစ၍ ပြန်ကြားရေးဝန်ကြီးဌာနက စတင်အကောင်အထည်ဖော်ခဲ့ပါကြောင်း၊ ယခင်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လုပ်ငန်းများသည် စာအုပ်၊ စာစောင်ငှားရမ်းပေးသည့် သာမန် စာကြည့်တိုက်လုပ်ငန်းများသာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ လူထုအခြေပြုဗဟိုဌာန (Community Centre) များသည် ပြည်သူလူထု၏ အသိပညာမြင့်မားရေးလုပ်ငန်းများသာမက ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး စသည့်လူ့အဖွဲ့အစည်းများနှင့် တိုက်ရိုက်သက်ဆိုင်သည့် အရေးကိစ္စများကို ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ထားခြင်း ဖြစ်ကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လူထုအခြေပြု ဗဟိုဌာနများ၏ လှုပ်ရှား ဆောင်ရွက်မှုများသည် သက်ဆိုင်ရာ အဖွဲ့အစည်းများအတွက် လွန်စွာ အကျိုးရှိသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနသည် လူထုအခြေပြုဗဟိုဌာနများကိုပြည်သူများ အသိပညာရှာမှီးရာနေရာ၊ ပြည်သူများ သတင်းအချက်အလက် ရယူရာနေရာ၊ ရပ်ကျိုးရွာကျိုး တိုင်းကျိုးပြည်ကျိုးများ ဆွေးနွေးတိုင်ပင်ရာ နေရာများအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်က လူငယ်များ အသိပညာဗဟုသုတပြည့်ဝစေရေးနှင့် အတွေးအခေါ် အယူအဆ မှန်ကန်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးရန် လမ်းညွှန်ထားပါကြောင်း၊ ထို့ကြောင့် လူထုအခြေပြု ဗဟိုဌာနများတွင် လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်သည့် လှုပ်ရှားမှုများကို ဦးစားပေး ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

ယခု ဘဏ္ဍာရေးနှစ်တွင် စာကြည့်တိုက်များကို Digital Library ကူးပြောင်းနိုင်ရေး အတွက် လိုအပ်သည့် အသုံးစရိတ်များကို ခွင့်ပြုပေးထားပြီး ဖြစ်သဖြင့် စာကြည့်တိုက် ဝန်ဆောင်မှုလုပ်ငန်းများကို စနစ်တကျ မြှင့်တင်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ စာကြည့်တိုက်များအတွက် စာအုပ်များ ဝယ်ယူရာတွင် လူငယ်များ စိတ်ဝင်စားသည့် အကြောင်းအရာများ၊ လူငယ်ဖွံ့ဖြိုးရေးကို အထောက်အကူပြုသည့် စာအုပ် စာစောင်များကို ဦးစားပေး ဝယ်ယူထားရှိပေးရန် လိုကြောင်း၊ ပြန်ကြားရေး ဝန်ကြီးဌာန၏ လုပ်ငန်းများကို အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပြောင်းလဲဆောင်ရွက်နေချိန် ဖြစ်သဖြင့် ဝန်ထမ်းများအနေဖြင့် စိတ်ကောင်း၊ စေတနာကောင်းများဖြင့် လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ပေးရန် လိုကြောင်း ပြောကြားပြီး လူထုအခြေပြု ဗဟိုအဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ်လူမှုရေးရာဝန်ကြီး ဦးအောင်မြင့်နှင့်အတူ ရွှေဘုန်းပွင့်စေတီတော်သို့ သွားရောက်ဖူးမြော်၍ အလှူငွေများ လှူဒါန်းကာ တောင်ကြီးမြို့၏ သာယာလှပမှုများနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုသည်။

တောင်ကြီးမြို့သည် ပင်လယ်ရေ မျက်နှာပြင်အထက် ၄၇၁၂ ပေတွင် တည်ရှိပြီး သဘာဝပတ်ဝန်းကျင် သာယာလှပမှု၊ လေထုသန့်ရှင်းမှုရှိပြီး တိုင်းရင်းသားပေါင်းစုံ စုစည်းနေထိုင်သည့် သာယာလှပသော မြို့ကြီးတစ်မြို့ ဖြစ်သည်။

**သတင်းစဉ်**

# အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ နဝမအစည်းအဝေးကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၆

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ နဝမအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။**



အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇) ပါးစုံညီ နဝမအစည်းအဝေးတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကိုကို သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။ သတင်းစဉ်

အစည်းအဝေးသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်သာသနာရေးမှူးများနှင့်တာဝန်ရှိသူများ တက်ရောက် ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ဒေါက်တာဘဒ္ဒန္တကုမာရာ ဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်ပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တသီလာစာရာ ဘိဝံသက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ နိုင်ငံတော်သံဃ မဟာ နာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသက အစည်းအဝေးဖွင့် သာရဏီယ သြဝါဒကထာကို မြွက်ကြားသည်။

**(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်၏ သာရဏီယ သြဝါဒကထာကို စာမျက်နှာ ၁၀ တွင် ဖော်ပြထားပါသည်။)**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(တတိယအဖွဲ့ခွဲ) ၏ တတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာအကျဉ်းကို တာဝန်ကျ အဖွဲ့ခွဲ၏ ကိုယ်စားအဖွဲ့ဝင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒက တင်သွင်းလျှောက်ထားသည်။

ထို့နောက် အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ)၏ ဒုတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာအကျဉ်းကို ပထမအဖွဲ့ခွဲ ကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာဘဒ္ဒန္တ တေဇောသာရာ ဘိဝံသ (အဂ္ဂ မဟာ ဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂ မဟာ သဒ္ဓမ္မဇောတိက ဓဇ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ)က တင်သွင်းလျှောက်ထားသည်။

ယင်းနောက် အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(ဒုတိယအဖွဲ့ခွဲ)၏ တတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာအကျဉ်းကို ဒုတိယ အဖွဲ့ခွဲ ကိုယ်စား တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တ စန္ဒနသာရ (အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ)က တင်သွင်းလျှောက်ထားသည်။

ထို့နောက် အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ တတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာအကျဉ်းကို အဖွဲ့ဝင်ဆရာတော်များက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားကြသည်။

ယင်းနောက် ဝိနိစ္ဆယဆိုင်ရာကိစ္စများ၊ သာသနာ့ရေးရာ ကိစ္စများ၊ ပညာရေးဆိုင်ရာ ကိစ္စများကို တင်ပြလျှောက်ထားရာ တာဝန်ကျအဖွဲ့ခွဲဆရာတော်များက ဆွေးနွေးတော်မူကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားသည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော် မူလာကြသော နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများအား အလှူရှင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (ငြိမ်း)+ ဒေါ်ကြိုင်ကြိုင် မိသားစုနှင့် ဓမ္မမိတ်ဆွေများက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန(ရုံးခွဲ) ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ သာသနာရေးဦးစီး ဌာနကြီးကြပ်မှုအောက်ရှိ ဌာနခွဲ ညွှန်ကြားရေးမှူးများ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် သာသနာရေးမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံး(ခွဲ) သာသနာရေးမှူးများနှင့် တွေ့ဆုံသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လေးဆူဓာတ်ပုံရွှေတိဂုံ စေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့နှင့် ဂေါပကအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ် ကြီးအား အများပြည်သူ စနစ်တကျ ဖူးမြော်ကြည်ညိုနိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၁၂) ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ဝန်ကြီးများအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၆**

(၁၂)ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးကို ဖိလစ်ပိုင်နိုင်ငံက အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံမှ အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေး၏ လက်ရှိဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ အာဆီယံအဖွဲ့ဝင်(၁၀)နိုင်ငံများမှ ဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။ **(အပေါ်ယာပုံ)**



ဝန်ကြီးများအစည်းအဝေးတွင် အာဆီယံအတွင်းရေးမှူးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး ဖိလစ်ပိုင်နိုင်ငံ National Anti–Poverty Commission မှ Convenor H.E. Noel Felongco က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားသည်။

အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေး အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူခဲ့စဉ်အတွင်း ကိုဗစ်–၁၉ ဆိုင်ရာ အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဝန်ကြီးများ အထူးအစည်းအဝေးကို ကျင်းပနိုင်ခဲ့ပြီး လုပ်ငန်းစဉ် (၆)ရပ် ကို ချမှတ်နိုင်ခဲ့ကြောင်း၊ ထို့ပြင် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးလုပ်ငန်းစီမံချက် (၂၀၂၁–၂၀၂၅) ကို အပြီးသတ်ရေးဆွဲနိုင်ရေးနှင့် အာဆီယံလူမှု–ယဉ်ကျေးမှုအသိုက်အဝန်းအခြေပြမြေပုံ နှစ်လယ်အကဲဖြတ်မှုတို့တွင် မူဝါဒလမ်းညွှန်ချက်များနှင့် မဟာဗျူဟာလုပ်ငန်းစဉ်များချမှတ်ပေးနိုင်ခဲ့ကြောင်း ပြောကြားပြီး အလှည့်ကျဥက္ကဋ္ဌ ရာထူးနေရာကို ဖိလစ်ပိုင်နိုင်ငံသို့ လွှဲပြောင်းပေးခဲ့သည်။

ဆက်လက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများက မိမိတို့နိုင်ငံများ၏ ချမှတ်ထားသော မူဝါဒများ၊ ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ဆွေးနွေးရာတွင် မြန်မာနိုင်ငံအစိုးရအနေဖြင့် ဆင်းရဲနွမ်းပါးသူများနှင့် ထိခိုက်လွယ်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို အမြဲအလေးထားကာ မြို့ပြနှင့် ကျေးလက်ဒေသများအကြား၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များအကြား ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရေး အလေးပေးဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်ဖွံ့ဖြိုးရေးမဟာဗျူဟာတွင်လည်း စီးပွားရေးဟန်ချက်ညီညီ ဖွံ့ဖြိုးလာစေရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေးတို့ကို တစ်ပြိုင်နက်တည်း ဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း။

ကိုဗစ်–၁၉ ကူးစက်ရောဂါကြောင့် ထိခိုက်ခဲ့သော မြန်မာနိုင်ငံ၏ စီးပွားရေး၊ လူမှုရေးတို့ကို ပြန်လည်ကုစားနိုင်ရန်နှင့် ပြည်သူတစ်ရပ်လုံး၏ လူမှုအကျိုးစီးပွား ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိပြီး လုပ်သာကိုင်သာရှိသော စီးပွားရေးဝန်းကျင်တစ်ရပ် ဖြစ်ပေါ်စေရေးအတွက် မြန်မာ့စီးပွားရေးပြန်လည်ဦးမော့စေရေး စီမံချက် MERP ကို ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် အားလုံးပါဝင်နိုင်ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ခေတ်မီစံပြကျေးရွာ ထူထောင်ရေး (SMART Village) စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

အာဆီယံဒေသတွင်း နိုင်ငံများအားလုံး ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် ရည်မှန်းချက်များ ပြည့်မီစေရေး အတူတကွပူးပေါင်းဆောင်ရွက်ရမည့် ပန်းတိုင်ဖြစ်သည့် ဆင်းရဲမှုပပျောက်ရေး၊ ကိုဗစ်–၁၉ ကပ်ရောဂါနှင့် သဘာဝဘေးအန္တရာယ်များအတွက် တုံ့ပြန်နိုင်စွမ်း တည်ဆောက်ရေးတို့သည် အရေးကြီးလာပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးနှင့် လက်တွဲပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ယင်းနောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများက အာဆီယံဒေသတွင်း တုံ့ပြန်နိုင်စွမ်းအားကောင်းသော၊ ရေရှည်တည်တံ့သော၊ အားလုံးပူးပေါင်းပါဝင်နိုင်သော အာဆီယံအသိုက်အဝန်းတစ်ရပ် ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံအဆင့်၊ ဒေသအဆင့် မူဝါဒရေးရာ ဆောင်ရွက်ချက်များ၊ ကျေးလက်နှင့်မြို့ပြဆက်သွယ်မှုအားကောင်းစေရေး လုပ်ဆောင်ချက်များ၊ အစိုးရ–ပုဂ္ဂလိက–ပြည်သူပူးပေါင်းဆောင်ရွက်မှုများ၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းစဉ်များကို ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးနယ်ပယ်တွင် ထည့်သွင်းဆောင်ရွက်မှုများ၊ ကျား–မရေးရာကဏ္ဍနှင့် ကျေးလက်ဒေသရှိ အမျိုးသမီးများနှင့် လူငယ်ကဏ္ဍတို့အပြင် အခြားထိခိုက်လွယ်ကဏ္ဍတို့ပါ အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရေးတို့အပြင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ အာဆီယံလုပ်ငန်းစီမံချက်မူဘောင် (၂၀၂၁–၂၀၂၅)ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိုးတက်မှုများနှင့် အာဆီယံကျေးလက်ဖွံ့ဖြိုးရေးပင်မစီမံချက်ကို ရေးဆွဲနိုင်ရေး ကြိုတင်ပြင်ဆင်မှုများတွင် အာဆီယံဒေသတွင်းနိုင်ငံများ ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုတို့ကို မှတ်တမ်းတင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်၏အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာ

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ နဝမအစည်းအဝေးသို့ ကာယသာမဂ္ဂီ၊ စိတ္တသာမဂ္ဂီပေးကာ ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်အရှင်မြတ်တို့ဘုရား-

ဆရာတော်အရှင်မြတ်တို့သည် "ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွားတိုးတက်အောင် ဆောင်ရွက်နိုင်ကြပါစေ"ဟု အာသီသပတ္ထနာပြုလျက် နှုတ်ခွန်းဆက်စကား ရှေးဦးစွာ လျှောက်ထားလိုပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

ဤအစည်းအဝေးတွင် လောကဓံ၏ ရိုက်ခတ်မှုဒဏ်ကို ခံကြရသည့်အခါ ယောနိသော မနသိကာရ ထားတော်မူနိုင်ကြရန် အကြောင်းအားလျော်စွာ လျှောက်ထားလိုပါသည်ဘုရား။

ကောဇာသက္ကရာဇ် ၁၃၄၂ ခုနှစ်၊ နယုန်လ၊ ခရစ်နှစ် ၁၉၈၀ ပြည့်နှစ်၊ မေလ၌ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရဟန်းသံဃာတော်အားလုံးတို့၏ သမ္မုတိပေး ရွေးချယ်စေလွှတ်အပ်သော သမ္မုတိရ သံဃာ့ကိုယ်စားလှယ်(၁၂၁၈)ပါးတို့ တက်ရောက်တော်မူကြသည့် ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးက သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ဝိနည်း ဓမ္မကံအဓိကရဏ်းမှုခင်း ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ သာသနာဝင်မှတ်တမ်းများကို ပြဋ္ဌာန်းခဲ့ပြီး ထိုစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ဓမ္မဝိနယများနှင့်အညီ နိုင်ငံတော်ဩဝါဒါစရိယအဖွဲ့၊ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်သံဃနာယကအဖွဲ့၊ မြို့နယ်သံဃနာယကအဖွဲ့၊ ရပ်ကွက်/ကျေးရွာအုပ်စု သံဃ နာယကအဖွဲ့များနှင့် ဝိနည်းဓိုရ်များကို ဖွဲ့စည်းရွေးချယ်နိုင်ခဲ့ကြပါသည်ဘုရား။

ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးက သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းများကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့အား တာဝန်ပေးအပ်ခဲ့ပြီး၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အား ထပ်ဆင့်တာဝန်ပေးအပ်ခဲ့ပါသည်။ ယင်းသို့ပေးအပ်ခဲ့သော သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းတာဝန်များကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးနှင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့သည် အားသွန်ခွန်စိုက် အဆက်မပြတ်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်မှာ အဋ္ဌမအကြိမ်သက်တမ်းတိုင် ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်ဘုရား။

သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်အနေဖြင့် ဖြတ်သန်းခဲ့သော ကာလများအတွင်း သာသန ပစ္စတ္ထိက-သာသနာ့ရန်စွယ် အန္တရာယ်များ၊ သာသနာ့ အညစ်အကြေးများကို သန့်ရှင်းစင်ကြယ်စေခြင်း၊ အဓမ္မဝါဒများကို နှိမ်နင်းဖယ်ရှားတားဆီးနိုင်ခြင်း၊ ပရိယတ္တိစာမေးပွဲအသီးသီးကို စဉ်ဆက်မပြတ် ကျင်းပနိုင်ခဲ့ခြင်း၊ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာကိစ္စရပ်များကို အားထုတ်ကြိုးပမ်း ဆောင်ရွက်ခဲ့သည့်အပြင် "သံဃာ့ကိစ္စ သံဃာ ဆောင်ရွက်" ဟူသော မူအရ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် အနားယူအစားထိုးလုပ်ငန်းများကိုလည်း အကြိမ်အလိုက် လုပ်ထုံးလုပ်နည်း၊ လုပ်ငန်းစီမံချက်၊ ဓမ္မဝိနယများနှင့်အညီ မပျက်မကွက် အစားထိုးရွေးချယ်ဆောင်ရွက်ခဲ့ကြပါသည်ဘုရား။ လာမည့် ၂၀၂၂ ခုနှစ်တွင်လည်း သံဃနာယကအဖွဲ့ အဆင့်ဆင့် အနားယူအစားထိုးရွေးချယ်ပွဲများကို မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်ရာ ၁၃-၇-၂၀၂၁ ရက်နေ့တွင် ကျင်းပသော အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ အဋ္ဌမအစည်းအဝေးက သံဃနာယကအဖွဲ့ အဆင့်ဆင့် အနားယူအစားထိုးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် "၂၀၂၂ ခုနှစ် သံဃနာယကအဆင့်ဆင့် အနားယူအစားထိုး လုပ်ငန်းစီမံချက်ရေးဆွဲရေးအဖွဲ့"ကို ဖွဲ့စည်းတာဝန်ပေး ဆောင်ရွက်ခဲ့ပါသည်ဘုရား။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်သည် သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ပရိယတ္တိပညာရေးစာမေးပွဲဆိုင်ရာ စည်းမျဉ်းစည်းကမ်း စသည်တို့၌ ပြဋ္ဌာန်းဖော်ပြပါရှိသည့် သာသနာ့လုပ်ငန်းတာဝန်များကိုသာ အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိပါသည်ဘုရား။ ထိုလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သံဃာထုက ရွေးချယ်အပ်သော သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်တို့မှတစ်ဆင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့က ပေးအပ်သောတာဝန်ကို ထမ်းဆောင်နေခြင်းပင် ဖြစ်ပါသည်ဘုရား။ ယင်းသို့ဆောင်ရွက်ခြင်းသည် သာသနာ့ဝန်ထမ်း ရဟန်းတော်များအတွက် မြတ်စွာဘုရားရှင် သတ်မှတ်ပေးသနားတော်မူခဲ့သော ဂန္ထဓုရ၊ ဝိပဿနာ ဓုရ နှစ်ပါးကို ဘုရားရှင် အလိုတော်ကျ ဆောင်ရွက်နေခြင်းပင်ဖြစ်ပါသည်ဘုရား။

ထိုသို့ သာသနာရေးကိစ္စများကိုဆောင်ရွက်ကြရာတွင် "အဋ္ဌိမေ ဘိက္ခဝေ လောကဓမ္မာ လောကံ အနုပရိဝတ္တန္တိ၊ လောကော စ အဋ္ဌ လောက ဓမ္မေ အနုပရိဝတ္တတိ။ ကတမေ အဋ္ဌ၊ လာဘော စ အလာဘော စ ယသော စ အယသော စ နိန္ဒာ စ ပသံသာ စ သုခဉ္စ ဒုက္ခဉ္စ" ဟူ၍ ဘုရားရှင်ဟောတော်မူသည့်အတိုင်း စီးပွားဥစ္စာရခြင်း၊ စီးပွားဥစ္စာမရခြင်း၊ အခြံအရံ အကျော်အစောရှိခြင်း၊ အခြံအရံ အကျော်အစောကင်းမဲ့ခြင်း၊ ကဲ့ရဲ့ခံရခြင်း၊ ချီးမွမ်းခံရခြင်း၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း၊ ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲခြင်းဟူသော လောကဓံတရား ရှစ်ပါးတို့သည် သတ္တဝါအပေါင်းသို့ အစဉ်တစိုက် လိုက်ပါကြမည်သာ ဖြစ်ပါသည်ဘုရား။ သတ္တဝါအပေါင်းတို့ကလည်း ဤလောကဓံတရားရှစ်ပါးတို့သို့ အစဉ်တစိုက် လိုက်ပါကြမည်လည်း ဖြစ်ပါသည်ဘုရား။ ဤလောကဓံတရား ရှစ်ပါးတို့နှင့် မည်သူမျှ ကင်းကွာနိုင်ကြမည် မဟုတ်ပါ။ ပရိသတ်လေးပါးအလယ်၌ တင့်တယ်စွာ စံပါယ်နေထိုင်တော်မူ၍ တရားချီးမြှင့်တော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်ကိုပင် အချို့က ကဲ့ရဲ့ကြ၊ အချို့က ချီးမွမ်းကြသေးသည်ဟု ဓမ္မပဒအဋ္ဌကထာ (ဒု-၂၅၀)၌ ပြဆိုထားပါသည်ဘုရား။

ထို့အတူပင် "သံဃာ့ကိစ္စ သံဃာဆောင်ရွက်" ဟူသောမူအရ အခြေခံ စည်းမျဉ်း၊ လုပ်ထုံး လုပ်နည်းများပါ ပြဋ္ဌာန်းချက်များနှင့်အညီ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ကိစ္စရပ်များကို ဆောင်ရွက်တော်မူကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးအပါအဝင် သာသနာရေးကိစ္စရပ်များကိုဆောင်ရွက်နေကြသော သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့ကို ကဲ့ရဲ့ပြစ်တင်သူများ ရှိကြသကဲ့သို့ ချီးမွမ်းဂုဏ်ပြုသူများလည်း ရှိကြပါလိမ့်မည်။ ယင်းသို့ ကဲ့ရဲ့ခံကြရ ချီးမွမ်းခံကြရသည့်အခါ လိုက်နာပြုကျင့်ရမည့် နည်းလမ်းကို ဘုရားရှင်ကိုယ်တော်မြတ်က ပေးသနားခဲ့ပါသည်ဘုရား။

**"နိန္ဒာယ နပ္ပဝေဓေယျ၊**
**န ဥန္နမေယျ ပသံသိတော ဘိက္ခု"**
**(သုတ္တနိပါတ်၊ ၄၂၃)**

ဘိက္ခု၊ ရဟန်းသည်၊ နိန္ဒာယ၊ သူတစ်ပါးကဲ့ရဲ့ခြင်းကြောင့်၊ နပ္ပဝေဓေယျ၊ စိတ်ဓာတ် တွန့်ဆုတ်မတုန်လှုပ်ရာ၊ ပသံသိတော၊ ချီးမွမ်းခံရလျှင်လည်း၊ န ဥန္နမေယျ၊ ဝမ်းသာလှုပ်ရှ မတက်ကြွရာ ဟူသော ဒေသနာတော်ကို ဦးထိပ်ရွက်ပန်ဆင်၍ ကဲ့ရဲ့ခံရလျှင်လည်း မတုန်လှုပ်၊ ချီးမွမ်းခံရလျှင်လည်း မတက်ကြွဘဲ စိတ်ဓာတ်တည်ငြိမ်အောင် ထားတော်မူကြရမည်ဟု နည်းလမ်းပေးသနားခဲ့ပါသည်ဘုရား။ ဆိုလိုသည်မှာ လောကဓံရှစ်ပါးနှင့် ကြုံဆုံရပါက လောကဓံတရားတို့၏ မောင်းနှင်ရာသို့ လိုက်ပါပြောင်းလဲခြင်းမရှိဘဲ ယောနိသော မနသိကာရတရားဖြင့် စိတ်ဓာတ်တည်ငြိမ်အောင်ထားတော်မူကြပြီး ရင်ဆိုင်ကြရမည်သာ ဖြစ်ပါသည်ဘုရား။ ။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ ဒေါက်တာ ဘဒ္ဒန္တကုမာရာ ဘိဝံသ


ထိုကဲ့ရဲ့မှု၊ ချီးမွမ်းမှုတို့ကို မမြဲသောအနိစ္စ၊ ဆင်းရဲသောဒုက္ခ၊ ဖောက်ပြန်ပြောင်းလဲခြင်းရှိသော ဝိပရိဏာမဓမ္မများသာဟု နှလုံးသွင်းဆင်ခြင်စဉ်းစားတော်မူကြ၍ တရားစစ်တရားမှန်၏ သဘောမှန် သရုပ်သကန်ကို အမှန်အတိုင်း သိပြီးလျှင် ထိုကဲ့ရဲ့မှု၊ ချီးမွမ်းမှုကြောင့် လိုလားနှစ်သက်တပ်မက်မှုနှင့် ကိုယ်စိတ်ညှိုးနွမ်းပင်ပန်းမှုတို့ကို ပယ်ရှားလျက် ဝဋ္ဋဒုက္ခအားလုံးမှ လွတ်မြောက်နိုင်မှုများကို အင်္ဂုတ္တရနိကာယ်၊ အဋ္ဌကနိပါတ်၊ ဒုတိယလောကဓမ္မသုတ် (အံ၊ ၃၊ ၇၊ ၈၊ ၉)တွင် မြတ်စွာဘုရား အကျယ်တဝင့်ဟောကြားထားတော်မူသည်ကိုလည်း တွေ့နိုင်ပါသည်ဘုရား။

ထို့အပြင် ဘုရားတပည့်တော် ဖြည့်စွက်လျှောက်ထားလိုသည်မှာ "အန္ဓ ဗာလာနဉ္စ နိန္ဒာ ဝါ ပသံသာ ဝါ အပ္ပမာဏာ၊ ပဏ္ဍိတေန ပန မေဓာဝိနော၊ နိန္ဒိတော နိန္ဒိတော နာမ၊ ပသံသိတော စ ပသံသိတော နာမ ဟောတိ(ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၂၁၀) ဟူသော မြတ်စွာဘုရားရှင်၏ ဒေသနာလာသည့်အတိုင်း မသိနားမလည်သူများ၏ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းများသည် အလေးဂရုပြုလောက်သည့် လိုရင်းပမာဏမဟုတ်၊ ပညာရှိများ ကဲ့ရဲ့ခြင်းသည်သာ ကဲ့ရဲ့သည်မည်ကြောင်း၊ ပညာရှိများ ချီးမွမ်းသည်သာ ချီးမွမ်းသည်မည်ကြောင်း ဟောကြားတော်မူသည့် အမိန့်ဒေသနာတော်ကို ဦးထိပ်ပန်ဆင်လျက် ပညာရှိသူတော်ကောင်းတို့ နှစ်ထောင်းအားရ ချီးမွမ်းကြမည့် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကိစ္စရပ်များကိုသာ ယောနိသော မနသိကာရ တရားလက်ကိုင်ထား၍ ညီညာဖြိုဖြို ကြိုးပမ်းအားထုတ်တော်မူကြပါဟု တိုက်တွန်းရင်း ဘုရားတပည့်တော်၏ သာရဏီယ ဩဝါဒကထာကို နိဂုံးကမ္ပတ် အဆုံးသတ်အပ်ပါသည် ဆရာတော် အရှင်မြတ်တို့ဘုရား။

## အာရှပစိဖိတ်အင်ဂျင်နီယာအသင်းများ၏အသင်းချုပ် ၂၀၂၂ ခုနှစ်အတွက် FEIAP မှ အင်ဂျင်နီယာဆုချီးမြှင့်နိုင်ရေးအတွက် အမည်စာရင်းများ အဆိုပြုတင်ပြ

**နေပြည်တော် နိုဝင်ဘာ ၂၆**

အာရှပစိဖိတ်အင်ဂျင်နီယာအသင်းများ၏ အသင်းချုပ်၊ Federation of Engineering Institutions of Asia and Pacific (FEIAP)၏ (၁၃)ကြိမ်မြောက် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ Virtual စနစ်ဖြင့်ကျင်းပရာ Federation of Engineering Institutions of Asia and Pacific ၏ ဒုတိယ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ နာယက၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာနမှ ပါဝင်တက်ရောက်သည်။ **(ယာပုံ)**




ရှေးဦးစွာ Federation of Engineering Institutions of Asia and Pacific ၏ ဥက္ကဋ္ဌ၊ ပါမောက္ခ Dr. Huang Wei က FEIAP မှ လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှု၊ အင်ဂျင်နီယာ ပညာရပ်များ တိုးတက်ပြန့်ပွားစေရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

အစည်းအဝေးတွင် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၂၈ ရက်တွင် ကျင်းပပြီးစီးခဲ့သည့် (၁၂) ကြိမ်မြောက် FEIAP Exco Meeting နှင့် ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၅ ရက်တွင် ကျင်းပပြီးစီးခဲ့သည့် (၂၉)ကြိမ်မြောက် အထွေထွေညီလာခံ၏ အစည်းအဝေးမှတ်တမ်းကို အတည်ပြုခြင်း၊ အထွေထွေညီလာခံမှ ထွက်ပေါ်လာသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြခြင်း၊ အမြဲတမ်းကော်မတီအသီးသီးတို့က လုပ်ငန်းတိုးတက်မှုအခြေအနေနှင့် ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြခြင်း၊ ၂၀၂၂ ခုနှစ်အတွက် FEIAP မှ အင်ဂျင်နီယာဆုချီးမြှင့်နိုင်ရေးအတွက် အမည်စာရင်းများ အဆိုပြုတင်ပြခြင်းနှင့် ဆုချီးမြှင့်ရေးကော်မတီဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ (၂)ကြိမ်မြောက် FEIAP Convention 2022 နှင့် (၃၀)ကြိမ်မြောက် အထွေထွေညီလာခံ ကျင်းပရေးကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

အဆိုပါ အသင်းချုပ်တွင် အာရှ-ပစိဖိတ်ဒေသရှိ နိုင်ငံကိုယ်စားပြု အင်ဂျင်နီယာ အသင်းများပါဝင်ပြီး သက်ဆိုင်ရာအသင်းများမှ ပညာရှင် အင်ဂျင်နီယာများ၊ ပါမောက္ခများ ပါဝင်တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများအား COVID Safe Services များအဖြစ် ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းပုံရိပ်ကို မြှင့်တင်ပေးနိုင်ရန်လိုအပ်

နေပြည်တော်  နိုဝင်ဘာ ၂၆

**ပစိဖိတ်-အာရှခရီးသွားလုပ်ငန်းအဖွဲ့(PATA)က ဦးဆောင်၍ Ministry of Tourism, Arts & Culture Sarawak နှင့် Sarawak Tourism Board တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် Virtual PATA Destination Marketing Forum-2021 ကို နိုဝင်ဘာ ၂၅ ရက်မှ နိုဝင်ဘာ ၂၆ ရက်အထိ မလေးရှားနိုင်ငံ ဆာရာဝပ်ပြည်နယ် ကူချင်းမြို့၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင်၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ခံများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။**




### ဆွေးနွေး

ဖိုရမ်ဒုတိယနေ့ကို ယနေ့ မြန်မာစံတော်ချိန် နံနက် ၇ နာရီခွဲတွင် ကျင်းပရာ ဆာရာဝပ်ပြည်နယ် ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့၏ CEO Datu Aloysius Dris, ပစိဖိတ်-အာရှခရီးသွားလုပ်ငန်းအဖွဲ့မှ Communication & External Affairs ၏ညွှန်ကြားရေးမှူး Mr. Paul Pruangkarn နှင့် The Rainforest World Music Festival မှ Co-founder and Executive Director Robert Basiuk တို့က "The Rainforest World Music Festival" ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ပြကြပြီး PATA မှ Sustainability & Social Responsibility အကြံပေး Mr. Graham Harper က "ခရီးသွားလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရေးနှင့် ရေရှည်တည်တံ့ရေး နည်းလမ်းများ" ခေါင်းစဉ်ဖြင့် ဆွေးနွေးသည်။

ထို့နောက် "Tellian, The Soul of MUKAN " Virtual Tour ကိုပြသပြီး Quizzes and prizes ပြိုင်ပွဲကျင်းပရာ မြန်မာနိုင်ငံ နေပြည်တော် ပြည်ထောင်စုနယ်မြေမှ ဒေါ်ဇေငြိမ်းထွန်းက ဒုတိယဆုရရှိသည်။

ယင်းနောက် ဒုတိယအစီအစဉ်အဖြစ် မော်လ်ဒိုက်နိုင်ငံမှ ခရီးသွားလုပ်ငန်းဝန်ကြီး Dr. Abdulla Mausoom ဦးဆောင်၍ သီရိလင်္ကာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် BBC ရုပ်သံတို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များက ကိုဗစ်-၁၉ ကာလအလွန်တွင် ခရီးသွားလုပ်ငန်းများ ပြန်လည် ထူထောင်ရေးအတွက် ဦးစားပေး ဆောင်ရွက်သည့်အချက်များကိုဆွေးနွေးပြောကြားပြီး ဒုတိယနေ့အစီအစဉ်များကို ရပ်နားခဲ့ကြောင်း သိရသည်။

### ဟိုတယ်နှင့် ခရီးသွားကဏ္ဍ

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ် အစည်းအဝေးခန်းမ၌ကျင်းပသည့် နေပြည်တော်ကောင်စီအတွင်း ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တွေ့ဆုံပွဲသို့ တက်ရောက်သည်။ **(အပေါ်ယာပုံ)**

တွေ့ဆုံပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဌာနတာဝန်ခံများ၊ နေပြည်တော် ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်အသင်း ဒုတိယဥက္ကဋ္ဌ၊ PNPT Sport Farm မှ တာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ အထွေထွေမန်နေဂျာများနှင့် မန်နေဂျာများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများအား COVID Safe Services များအဖြစ် ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းပုံရိပ်ကို မြှင့်တင်ပေးနိုင်ရန် လိုအပ်ကြောင်း၊ ဟိုတယ်များအနေဖြင့် website တွင် National အဆင့် အသိအမှတ်ပြုလက်မှတ်များ လျှောက်ထားနိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ဟိုတယ်နှင့် လာရောက်တည်းခိုသည့် ခရီးသွားဧည့်သည်များ၏ လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လုံခြုံရေးအသိဖြင့် အထူးအလေးထား ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဟိုတယ်ပတ်ဝန်းကျင်နှင့် မြေယာအခင်းအကျင်း သန့်ရှင်းသာယာ လှပစေရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လုပ်ငန်းလိုင်စင်သက်တမ်း ကုန်ဆုံးနေသော ဟိုတယ်များအနေဖြင့် အမြန်ဆုံး သက်တမ်းတိုးနိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်အသင်း ဒုတိယဥက္ကဋ္ဌနှင့် ဟိုတယ်မန်နေဂျာများက နေပြည်တော်ကောင်စီနယ်မြေအတွင်း Health and Safety Protocol သင်တန်းများ ဖွင့်လှစ်ပြီးစီးမှုအခြေအနေနှင့် နေပြည်တော်သို့ လာရောက်မည့် ခရီးသွားဧည့်သည်များ ခရီးသွားလာမှုဆိုင်ရာ ဝင်ခွင့်သတ်မှတ်ချက်များ ယခုထက် ပိုမိုဖြေလျှော့ပေးနိုင်ရေး အတွက် ကူညီဆောင်ရွက်ပေးစေလိုသည့် အခြေအနေများကို ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဇဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၆၇) သင်တန်းဆင်း၊ သင်တန်းထူးချွန်ဆုများ ချီးမြှင့်

နေပြည်တော် နိုဝင်ဘာ ၂၆

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ဇဟိုဝန်ထမ်းတက္ကသိုလ် (အထက် မြန်မာပြည်) တွင် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၆၇)၏ သင်တန်းထူးချွန်ဆုချီးမြှင့်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက် ညနေ ၄ နာရီတွင် တက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်၊ ဇဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုး၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြားစီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ပြီး သင်တန်းသား စံပြဆု၊ သင်တန်းသူစံပြဆု၊ သင်တန်းသားစစ်ရေးပြ ထူးချွန်ဆု၊ သင်တန်းသူ စစ်ရေးပြ ထူးချွန်ဆု၊ သင်တန်းသားအဆောင်ဆု၊ သင်တန်းသူအဆောင်ဆုများ ချီးမြှင့်ခဲ့သည်။





အဆိုပါသင်တန်း၏ သင်တန်းဆင်းအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရတနာခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဇဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ တက္ကသိုလ်သင်ကြားစီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းအခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက သင်တန်းဆင်း အမှာစကားပြောကြားရာတွင်**(အပေါ်ပုံ)**ဘက်စုံထူးချွန်ထက်မြက်သည့် ဆရာသည် မိမိ၏ အရည်အသွေးကို အစဉ်တိုးတက်အောင် ဆောင်ရွက်နေရမည့်အပြင် အများအကျိုးသယ်ပိုးနိုင်သူ ဖြစ်အောင်လည်း ကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများ အနေနှင့် ရပ်ရွာဒေသအခြေအနေပေါ်မူတည်ပြီး ပရဟိတလုပ်ငန်းများကိုလည်း ရပ်ရွာနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည့်အပြင် မိမိတို့တာဝန်ကျသည့် ရပ်ရွာဒေသများ ငြိမ်းချမ်းစွာ ပညာသင်ကြားနိုင်ရေးကိုလည်း ဆောင်ရွက်နိုင်သူ ဖြစ်ရမည်ဖြစ်ပြီး ရပ်ရွာလူထုကိုလည်း "ငြိမ်းချမ်းစွာ ပညာသင်ကြားရေး"တွင် ပူးပေါင်းပါဝင်လာအောင် စည်းရုံး၍ ငြိမ်းချမ်းစွာပညာသင်ကြားနိုင်ရေးကို ဆောင်ရွက်နိုင်သူဖြစ်ရန် လိုပါကြောင်း။ ကျောင်းသား လူငယ်များ၏ အနာဂတ်တွင် ဗလငါးတန်နှင့်ပြည့်စုံပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် စိတ်ဓာတ်ရှိသူများ၊ ပူးပေါင်း ဆောင်ရွက်တတ်သူများ ဖြစ်လာအောင် လေ့ကျင့်သင်ကြားပေးပြီး၊ ပညာရေးတိုးတက်မြင့်မားစေရေးအတွက် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘပြည်သူများနှင့်အတူ လက်တွဲပူးပေါင်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ပါတီနိုင်ငံရေးကင်းရှင်းစွာဖြင့် ပြည်သူများကို အရည်အသွေးပြည့်ဝစွာ ဝန်ဆောင်မှုပေးနိုင်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းအားထုတ်သွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် သင်တန်းသား ပထမဆု၊ သင်တန်းသူ ပထမဆု၊ သင်တန်းသား ဖွဲ့လုံ့လဆု၊ သင်တန်းသူ ဖွဲ့လုံ့လဆု နှစ်ဆုနှင့် သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းသို့ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ သင်တန်းသား ၁၅၀၊ သင်တန်းသူ ၈၀၆ ဦး စုစုပေါင်း ၉၅၆ ဦးတို့ တက်ရောက်ခဲ့ကြပြီး ရက်သတ္တငါးပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

နေပြည်တော် နိုဝင်ဘာ ၂၆

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

**မိုး/ဇလ**

■ *ကျောဖုံးမှ*

သတ်မှတ်အကွာအဝေးအတိုင်း နေရာချထားပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက် နိုင်ငံခြားရေးမူဝါဒအပေါ်တွင် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ချက်ကို တိကျစွာလိုက်နာကျင့်သုံးခဲ့သည့် အခြေအနေများ၊ မြန်မာနိုင်ငံသည် အာဆီယံပဋိညာဉ်၊ အာဆီယံစိတ်ဓာတ်၊ အာဆီယံနည်းလမ်းများအတိုင်း လိုက်နာကျင့်သုံးနေထိုင်ခဲ့မှု၊ ၂၀၁၄ ခုနှစ်၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း (APSC)၊ အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်း (AFCC) နှင့် အာဆီယံစီးပွားရေးအသိုက်အဝန်း(AEC) ထူထောင်ရေးလုပ်ငန်းစဉ်များကို အဖွဲ့ဝင်နိုင်ငံများနှင့်အတူ အောင်မြင်စွာပူးပေါင်းဆောင်ရွက်နိုင်ခဲ့မှု၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအစည်းအဝေးများ တက်ရောက်ရေးကိစ္စအပါအဝင် ကိုယ်စားပြုမှုဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ အာဆီယံအဖွဲ့ဝင် အချို့နိုင်ငံများက ဆောင်ရွက်ခဲ့မှုများသည် အာဆီယံ၏ ပဋိညာဉ်စာတမ်းနှင့် အခြေခံမူများတွင် ပြဋ္ဌာန်းထားမှုမရှိခြင်းနှင့် အာဆီယံ၏ ရည်ရွယ်ချက်တို့နှင့်လည်း ဆန့်ကျင်နေသည့်အတွက် မြန်မာနိုင်ငံဘက်မှ ကန့်ကွက်ကြောင်း သတင်းထုတ်ပြန်ခဲ့မှုများ၊ မြန်မာနိုင်ငံ၏ တည်နေရာအနေအထားအရ အရေးပါမှုနှင့် ယင်းအရေးပါမှုများကို အရာရောက်စေရေးအတွက် နိုင်ငံတကာဆက်ဆံရေး၏ အရေးကြီးမှု၊ နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းသားများ၏ ပညာသင်ယူမှုအခွင့်အလမ်း မဆုံးရှုံးစေရန် နိုဝင်ဘာ ၁ ရက်မှစ၍ အခြေခံပညာကျောင်းများကို မြို့နယ် ၄၆ မြို့နယ်မှအပ ပြန်လည်ဖွင့်လှစ်ခဲ့မှုများ၊ သင်ခန်းစာများသင်ယူမှုနှင့် စာမေးပွဲစစ်ဆေးဆောင်ရွက်သွားမည့် အခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ရောက်ရှိမှုနှင့် ဦးတည်အုပ်စု ၂၄ ခု သတ်မှတ် ၍ ကာကွယ်ဆေးထိုးနှံပေးနေမှု၊ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှုများ၊ ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်းကို အစိုးရ၊ ပြည်သူလူထု၊ လူမှုရေးအသင်းအဖွဲ့များနှင့် တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်ခဲ့မှု၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအခြေအနေများကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြောကြားသည်။

*စာမျက်နှာ ၁၃ သို့*

စာမျက်နှာ ၁၃ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း သတင်းမီဒီယာများအား ရှင်းလင်းပြသစဉ်။





ကောင်းပြည့်စုံဦး ဦးဆောင်သည့် အကြမ်းဖက်အဖွဲ့ဝင်များ တိမ်းရှောင်နေထိုင်ခဲ့သည့် နေရာများ။

**CRPH/NUG အကြမ်းဖက်အဖွဲ့၏ စေခိုင်းချက်အရ မောင်ကျော်(ခ)ဖြိုးဇေယျာသော်နှင့်အတူ အကြမ်းဖက်ကျူးလွန်ခဲ့သူများထံမှ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ**



# CRPH ၊ NUG အကြမ်းဖက်အဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့တို့ ဆက်နွယ်မှု




*စာမျက်နှာ ၁၂ မှ*

ဆက်လက်၍ NUG ၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ လုပ်ဆောင်ခဲ့သည့် "Hit List " ဟူသည့် စာရင်းနှင့်ပတ်သက်သည်များနှင့် ပြည်သူ လူထုအပေါ် ခြိမ်းခြောက်မှုများ၊ ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ရဟန်းသံဃာတော်များ၊ ပညာရေးဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများ သေဆုံး၊ ဒဏ်ရာ ရရှိမှု၊ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့မှုများကြောင့် အစိုးရနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများ၊ လမ်းတံတားများ ပျက်စီးဆုံးရှုံးရမှု၊ NUG ၊ CRPH အမည်ခံ အကြမ်းဖက်အဖွဲ့၏ အကြမ်းဖက်အဖွဲ့အစည်းများ ဖွဲ့စည်းထားရှိမှု၊ ဖမ်းဆီးရမိတရားခံ NLD ပါတီဝင် ဖြိုးဇေယျာသော်၏ ရန်ကုန်မြို့တွင်း အကြမ်းဖက်လုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် အခြေအနေများနှင့် ၎င်းနှင့်ဆက်စပ်တရားခံများကို လက်နက်ခဲယမ်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုများနှင့်ဖမ်းဆီးရမိသူများ၏ ဝန်ခံပြောကြားချက်များကို PowerPoint Presentation များ၊ Video ဖိုင်များဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦးက တည်ဆဲနိုင်ငံရေးပါတီများ၏ စာရင်းများကို စစ်ဆေးဆောင်ရွက်မှုအခြေအနေ၊ အချိုးကျကိုယ်စားပြုစနစ်(PR)နှင့် စပ်လျဉ်း၍ ဆွေးနွေးပွဲပြုလုပ်ခဲ့မှုအခြေအနေ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ လုပ်ငန်းစဉ်များ၊ *စာမျက်နှာ ၁၄ သို့*



**အောက်ဆီဂျင်အိုးနှင့် ဂက်စ်အိုးများတွင် လက်နက်များ သိုဝှက်ထားရှိမှု မှတ်တမ်းဓာတ်ပုံ။**




**CRPH/NUG အကြမ်းဖက်အဖွဲ့၏ စေခိုင်းချက်အရ မောင်ကျော်(ခ)ဖြိုးဇေယျာသော်မှ လက်နက်/ခဲယမ်းနှင့် ဖောက်ခွဲရေးပစ္စည်းများ ထုတ်ပေး၍ လုံခြုံရေးဝန်ထမ်း၊ အုပ်ချုပ်ရေးမှူးများ၊ အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်းနှင့် အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများအား အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်ခဲ့မှုများ။**

*စာမျက်နှာ ၁၃ မှ*

မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ဆောင်ရွက်ခဲ့ကြသူများအပေါ် အရေးယူဆောင်ရွက်မှုအခြေအနေများနှင့် မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ ဥပဒေ၊ နည်းဥပဒေများ သုံးသပ်ပြင်ဆင်ခြင်းအပါအဝင် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို Power Point Presentation များဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် သတင်းဌာနများမှ သတင်းထောက်များ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာသတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာများ မှီငြမ်းကိုးကားနိုင်ရေးအတွက် သတင်းစာရှင်းလင်းပွဲဆိုင်ရာ အချက်အလက်များ၊ အကြမ်းဖက်မှုများတွင် ပါဝင်ပတ်သက်ခဲ့ပြီး ဖမ်းဆီးရမိသူများနှင့် ဆက်နွှယ်သူများ၏ အချက်အလက်များ၊ လက်ရှိပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ဆောင်ချက်များနှင့် သတင်းထုတ်ပြန်ချက်များကို ခင်းကျင်းပြသထားရှိပြီး တက်ရောက်လာကြသူများက လိုက်လံကြည့်ရှုလေ့လာကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက အသေးစိတ်ရှင်းလင်းပြသသည်။

သတင်းစာရှင်းလင်းပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များ၊ တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ပြည်တွင်း သတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ပြည်တွင်းရုပ်မြင်သံကြား သတင်းဌာနများ၊ ပြည်တွင်း အခြေစိုက် ပြည်ပသတင်းဌာနမှ သတင်းထောက်များ လာရောက်သတင်းရယူခဲ့ကြကြောင်းနှင့် သတင်းစာရှင်းလင်းပွဲပြုလုပ်မှု၊ မေးမြန်းဖြေကြားမှု အပြည့်အစုံကို ဆက်လက်ဖော်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအားကိုဗစ်-၁၉ရောဂါကာကွယ်ဆေးများ ထိုးနှံပေးနေမှု မှတ်တမ်းဓာတ်ပုံ




တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားနေမှု မှတ်တမ်းဓာတ်ပုံ

တရားခံ မောင်ကျော်(ခ)ဖြိုးဇေယျာသော်၏ မှတ်စုစာအုပ်အတွင်းရှိ အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန် ရေးမှတ်ထားသည့် မှတ်တမ်းများ




အောက်ဆီဂျင်အိုးနှင့် ဂက်စ်အိုးများတွင် လက်နက်များ သိုဝှက်ထားရှိမှုများအား သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ






တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထပ်မံလှူဒါန်းသည့် Sinovac ကိုဗစ်-၁၉ ကာကွယ်ဆေး သုံးသန်းအနက် နောက်ဆုံးအသုတ် အကြိမ်ရေတစ်သန်း ရောက်ရှိမှု မှတ်တမ်းဓာတ်ပုံ




မောင်ကျော် (ခ) ဖြိုးဇေယျာသော်နှင့် ဝင်းမြတ်အေး၊ ကျော်ခင်တို့ လူမှုကွန်ရက်မှတစ်ဆင့် ဆက်သွယ်ပြောဆိုထားရှိမှု မှတ်တမ်း

## ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 သို့ နိုဝင်ဘာ ၂၂ ရက်မှ ၂၆ ရက်အထိ ပြည်တွင်း / ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းမှာ ကျပ် ၀ ဒသမ ၄၅၀ သန်း ဖြစ်သည်။ ယနေ့အထိ ရန်ပုံငွေစာရင်း၏ အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA-013733 စာရင်း**

| | ငွေကျပ် |
|---|---|
| ၁၉-၁၁-၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၆၉,၉၂၉,၃၈၅,၁၄၂.၅၃ |
| (+) ၂၂-၁၁-၂၀၂၁ မှ ၂၆-၁၁-၂၀၂၁ ရက်နေ့ထိ ရရှိငွေ | ၄၅၀,၀၀၀.၀၀ |
| ၂၆-၁၁-၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၁၆၉,၉၂၉,၈၃၅,၁၄၂.၅၃ |

**ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း**

| | အမေရိကန်ဒေါ်လာ |
|---|---|
| ၁၉-၁၁-၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၂၅,၈၆၂,၃၄၉.၅၃ |
| (+) ၂၂-၁၁-၂၀၂၁ မှ ၂၆-၁၁-၂၀၂၁ ရက်နေ့ထိ ရရှိငွေ | - |
| ၂၆-၁၁-၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၂၅,၈၆၂,၃၄၉.၅၃ |

**ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေ(COVID-19 Vaccination Fund) OA 013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း (၂၂-၁၁-၂၀၂၁ ရက်နေ့မှ ၂၆-၁၁-၂၀၂၁ ရက်နေ့အထိ)**

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---|
| | ၂၆-၁၁-၂၀၂၁ | ၄၅၀,၀၀၀ |
| ၁ | ဦးကျော်ဝင်း(လိပ်စာဖော်ပြထားခြင်းမရှိပါ။) | ၂၅၀,၀၀၀ |
| ၂ | ဦးမြင့်နိုင်ထွန်း(လိပ်စာဖော်ပြထားခြင်းမရှိပါ။) | ၂၀၀,၀၀၀ |
| | (၂၂-၁၁-၂၀၂၁ ရက်နေ့မှ ၂၆-၁၁-၂၀၂၁ ရက်နေ့ထိ) စုစုပေါင်း | ၄၅၀,၀၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်။
(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့်နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ

## နိုဝင်ဘာ ၂၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၄၉၃ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၉ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉၀၆၇ ဦးရှိ

**(၂၆-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၅-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၆-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၃,၄၉၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၉၃) ဦးတွေ့ရှိ**ရပါသည်။ ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၂.၁၀) ရာခိုင်နှုန်း**ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၄၉၈,၅၄၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၂၀,၇၀၆) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၆၄၁) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၉၄,၇၄၈) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ **ကိုဗစ်-၁၉ရောဂါဖြင့် ထပ်မံသေဆုံးသူ (၉) ဦး** ရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၀၆၇) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂၆-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၉၀၀)ခု | (၆၀)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၇)ခု | (၆)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၃၉)ခု | (၂)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၀၇)ခု | (၁)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၆၁၂)ခု | (၂၀)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၃၇)ခု | (၁၉)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၉,၇၄၆)ခု | (၃၈၅)ဦး |
| စုစုပေါင်း | (၂၃,၄၉၈)ခု | (၄၉၃)ဦး |

- ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအပေါ် စောင့်ကြပ်ကြည့်ရှုမှုအရ ရောဂါပိုးတွေ့ရှိနှုန်း (၃) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလာသည်မှာ (၉) ရက်ဆက်တိုက်ရှိပြီဖြစ်ကာ ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူဦးရေ (၁၀) ဦးအောက် လျော့ကျလာသည်မှာလည်း (၅) ရက် ဆက်တိုက်ရှိပြီ ဖြစ်ပါသည်။
- ယခုဖြစ်ပွားနေဆဲဖြစ်သည့် တတိယလှိုင်းကာလအတွင်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက် ဖြစ်ပွားမှုမြင့်မားခဲ့သောမြို့နယ် (၁၁၉) မြို့နယ်အား နေအိမ်တွင်နေထိုင်ရေး အစီအစဉ် (Stay at home) သတ်မှတ်ဆောင်ရွက်၍ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခဲ့ရာတွင် လူနာသစ်တွေ့ရှိရမှုနှင့် ပိုးတွေ့ရှိနှုန်း လျော့နည်းကျဆင်းလာသော မြို့နယ်များအား (Stay at home) မြို့နယ်အဖြစ်မှ ဖြေလျှော့ပေးလျက်ရှိရာ ယနေ့အထိ နေအိမ်တွင်နေထိုင်ရေး အစီအစဉ်တွင် ဆက်လက်အကျုံးဝင်နေသည့် မြို့နယ် (၁၁) မြို့နယ်သာ ကျန်ရှိပါသည်။
- ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခဲ့သည့် လူမှုစီးပွားလုပ်ငန်းများ အမြန်ဆုံးပုံမှန်ပြန်လည် လည်ပတ်နိုင်ရန်အတွက် ဖြေလျှော့မှုများ ဆောင်ရွက်ပေးလျက်ရှိသော်လည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုပြန်လည်မြင့်တက်လာနိုင်သည့် အခြေအနေကို သတိပြုကာကွယ်ရမည် ဖြစ်ပါသည်။
- သို့ဖြစ်ပါ၍ နေအိမ်တွင်နေထိုင်ရေးအစီအစဉ် (Stay at home) တွင် ဆက်လက်ပါဝင်သည့် မြို့နယ်များတွင် နေထိုင်သူများအနေဖြင့်လည်းကောင်း၊ နေအိမ်တွင်နေထိုင်ရေးအစီအစဉ် (Stay at home) တွင် ဆက်လက်ပါဝင်ခြင်းမရှိတော့သည့် မြို့နယ်များတွင်လည်းကောင်း၊ နေအိမ်တွင် နေထိုင်ရေးအစီအစဉ် (Stay at home)တွင် ပါဝင်ခဲ့ခြင်းမရှိခဲ့သည့် မြို့နယ်များတွင်လည်းကောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများကို ဆက်လက်၍ သတိပြုလိုက်နာဆောင်ရွက်ခြင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို အကြိမ်ပြည့် မပျက်မကွက်ခံယူခြင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပြည်သူလူထုအနေဖြင့် မိမိတို့ ကဏ္ဍအလိုက် ယခုထက် ပိုမိုပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

▼ *ကျောဖုံးမှ*

ထိုသို့အကြမ်းဖက်အဖွဲ့များ၏ အကြောင်းမဲ့ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့ခြင်းကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ နိုဝင်ဘာ ၂၀ ရက်အထိ ဌာနဆိုင်ရာရုံး ၅၆၅ ရုံးတို့ ပျက်စီးဆုံးရှုံးခဲ့ရမှုကို ဖော်ပြပါအတိုင်း တွေ့ရှိရသည်-

| စဉ် | ရက်စွဲ | တိုင်း/ ပြည်နယ် | ခရိုင်မြို့နယ် | အစိုးရဌာနရုံး/ အခင်းဖြစ်နေရာ | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ၂၄-၃-၂၀၂၁ | ရန်ကုန် | မြောက်ပိုင်းအင်းစိန် | မြောက်ပိုင်းခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားရေးမှူးဦးစီးဌာန | မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့မှု။ |
| ၂ | ၁၀-၄-၂၀၂၁ | ပဲခူး | ပဲခူး | ကညနရုံးဝင်း | လက်လုပ်မိုင်းတွေ့ရှိခဲ့မှု။ |
| ၃ | ၁၄-၅-၂၀၂၁ | ရန်ကုန် | မင်္ဂလာဒုံ | ကညနရုံးဝင်း | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၄ | ၁၁-၅-၂၀၂၁ | ရန်ကုန် | ဗိုလ်တထောင် | ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနရုံး | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၅ | ၃၀-၃-၂၀၂၁ | ရန်ကုန် | အနောက်ပိုင်းစမ်းချောင်း | မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး | မီးပုလင်းဖြင့် ပစ်ပေါက်မီးရှို့ခဲ့မှု။ |
| ၆ | ၁၅-၅-၂၀၂၁ | စစ်ကိုင်း | တန့်ဆည် | နတ်စင်တောင် (မဟာမြိုင်) ပူးပေါင်းစစ်ဆေးရေးဂိတ် | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၇ | ၁၅-၅-၂၀၂၁ | ရန်ကုန် | တိုက်ကြီး | ရန်ကုန်-ပြည်ကားလမ်းဘေးနမစ(ဥက္ကံ)ရှေ့ | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၈ | ၁၉-၄-၂၀၂၁ | ရန်ကုန် | ကမာရွတ် | ကမာရွတ်မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၉ | ၂၄-၄-၂၀၂၁ | မကွေး | မင်းဘူး | မင်းဘူးမြို့နယ် စည်ပင်ရုံး | မီးပုလင်းဖြင့် ပစ်ပေါက်မီးရှို့ခဲ့မှု။ |
| ၁၀ | ၂၁-၅-၂၀၂၁ | ရန်ကုန် | လှိုင် | (၄)ရပ်ကွက် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၁၁ | ၁၄-၇-၂၀၂၁ | စစ်ကိုင်း | မုံရွာ | စည်ပင်ကွပ်ကဲရေးရုံး | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၁၂ | ၁၄-၇-၂၀၂၁ | မန္တလေး | ချမ်းမြသာစည် | မြို့တော်စည်ပင် ကားဝင်း | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၁၃ | ၉-၄-၂၀၂၁ | ရန်ကုန် | ဒဂုံ(တောင်) | စာကြည့်တိုက် | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၁၄ | ၁၇-၄-၂၀၂၁ | မန္တလေး | ချမ်းအေးသာစံ | မဟာအောင်မြေမြို့နယ်စာရင်းစစ်ရုံး | မီးပုလင်းဖြင့် မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၁၅ | ၁၅-၆-၂၀၂၁ | စစ်ကိုင်း | ပုလဲ | ဖလံပင် | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၁၆ | ၇-၅-၂၀၂၁ | မန္တလေး | အမရပူရ | ဆက်သွယ်ရေးရုံး | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၁၇ | ၄-၅-၂၀၂၁ | ရန်ကုန် | သန်လျင် | သမဝါယမတက္ကသိုလ်ဝင်း | မီးပုလင်းဖြင့် မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၁၈ | ၁၄-၂-၂၀၂၁ | ရန်ကုန် | လှိုင်သာယာ | ရန်ကုန်တိုင်းစစ်ဌာနချုပ်ပိုင် အားကစားကွင်းရှိ အဆောက်အဦ | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၁၉ | ၂၇-၅-၂၀၂၁ | စစ်ကိုင်း | ကောလင်း | စက်ရုံပြင်ရပ်ကွက် | မီးပုလင်းဖြင့် ပစ်ပေါက်မီးရှို့ခဲ့မှု။ |
| ၂၀ | ၄-၃-၂၀၂၁ | တနင်္သာရီ | ကော့သောင်း | မြို့နယ်တရားရုံး | ခဲတ်ဆီမီးပုလင်းဖြင့် ပစ်ပေါက်မီးရှို့ခဲ့မှု။ |
| ၂၁ | ၁၆-၃-၂၀၂၁ | ရန်ကုန် | အရှေ့ပိုင်း မြောက်ဥက္ကလာပ | မြောက်ဥက္ကလာပ မြို့နယ်တရားရုံး | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၂၂ | ၂၇-၃-၂၀၂၁ | မွန် | မော်လမြိုင်မုဒုံ | မြို့ဝင် ဘီးခွန်ဂိတ် | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၂၃ | ၂၈-၃-၂၀၂၁ | ကရင် | မြဝတီ | (၃)ရပ်ကွက် စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး | လက်ပစ်ဗုံးဖြင့် ပစ်ခတ်ဖျက်ဆီးခဲ့မှု။ |
| ၂၄ | ၂၇-၃-၂၀၂၁ | ရန်ကုန် | အရှေ့ပိုင်း တောင်ဥက္ကလာပ | မြို့နယ်တရားရုံး | မီးပုလင်းဖြင့် ပစ်ပေါက်မီးရှို့ခဲ့မှု။ |
| ၂၅ | ၂၇-၃-၂၀၂၁ | ရန်ကုန် | အနောက်ပိုင်း စမ်းချောင်း | မြို့နယ်တရားရုံး | မီးပုလင်းဖြင့် ပစ်ပေါက်မီးရှို့ခဲ့မှု။ |
| ၂၆ | ၅-၄-၂၀၂၁ | စစ်ကိုင်း | ပင်လည်ဘူး | မြို့နယ်တရားရုံး၊ မစဖရုံး၊ မြို့နယ်ကော်မရှင်ရုံးဟောင်း | မီးပုလင်းဖြင့် ပစ်ပေါက်မီးရှို့ခဲ့မှု။ |
| ၂၇ | ၇-၄-၂၀၂၁ | ရှမ်း | ညောင်ရွှေ | မြို့နယ်တရားရုံး | မီးပုလင်းဖြင့် ပစ်ပေါက်မီးရှို့ခဲ့မှု။ |
| ၂၈ | ၁၉-၄-၂၀၂၁ | မန္တလေး | ချမ်းအေးသာစံ | မဟာအောင်မြေမြို့နယ်တရားရုံး | လက်လုပ်မိုင်းဖြင့် ပစ်ခတ်ဖျက်ဆီးခဲ့မှု။ |
| ၂၉ | ၇-၅-၂၀၂၁ | စစ်ကိုင်း | တန့်ဆည် | မြို့နယ်တရားရုံး | လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ |
| ၃၀ | ၂၂-၅-၂၀၂၁ | စစ်ကိုင်း | ကလေး | ခရိုင်/မြို့နယ်တရားရုံး | တာယာကွင်းများအား မီးရှို့ပစ်ပေါက်ခဲ့မှု။ |
| ၃၁ | ၂၃-၃-၂၀၂၁ | ကရင် | ဖာပွန် | မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ရုံး | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၃၂ | ၂၅-၃-၂၀၂၁ | ကချင် | မိုးညှင်း | မြို့မရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၃၃ | ၇-၄-၂၀၂၁ | ရှမ်း | ညောင်ရွှေ | မစဖရုံး | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၃၄ | ၁၇-၄-၂၀၂၁ | မန္တလေး | အမရပူရ | နှင်းဆီရပ်ကွက်ရှိ မစဖရုံးဝင်း | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၃၅ | ၂၈-၄-၂၀၂၁ | ကချင် | ဗန်းမော် | ခရိုင်စုပေါင်းရုံးအနီး | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၃၆ | ၉-၅-၂၀၂၁ | ချင်း | ဟားခါး | ဈေးသစ်ရပ်ကွက်ဗိုလ်ချုပ်လမ်းပေါ်ရှိ ပြည်နယ်ထွေ/အုပ်ဝန်ထမ်းအိမ်ရာ | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၃၇ | ၁၄-၅-၂၀၂၁ | ကချင် | မိုးမောက် | မစဖရုံး | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၃၈ | ၁၅-၅-၂၀၂၁ | ပဲခူး | ညောင်လေးပင် | မဒေါက်မြို့ မြို့မ(၂) ရပ်ကွက် ရုံးပေါင်းစုံလမ်းရှိ မစဖမှူးရုံး | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၃၉ | ၁၆-၅-၂၀၂၁ | မန္တလေး | မိုးကုတ် | မြို့မရပ်ကွက်မစဖရုံးရှေ့ | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၄၀ | ၅-၆-၂၀၂၁ | ချင်း | ဟားခါး | ဈေးဟောင်းရပ်ကွက် | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၄၁ | ၁၅-၅-၂၀၂၁ | ရှမ်း | မိုင်းယောင်း | (၈)ရပ်ကွက်နေ ဦးနန်းခမ်းလျှံ၏ နေအိမ် | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၄၂ | ၁၄-၃-၂၀၂၁ | စစ်ကိုင်း | ရွှေဘို၊ ဒီပဲယင်း | မြို့နယ်ပညာရေးမှူးရုံး | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၄၃ | ၂၃-၃-၂၀၂၁ | ရှမ်း | တောင်ကြီး၊ ဖယ်ခုံ | မြို့နယ်ပညာရေးမှူးရုံး | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၄၄ | ၈-၄-၂၀၂၁ | စစ်ကိုင်း | ကောလင်း | မြို့နယ်ပညာ ရေးမှူးရုံး | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၄၅ | ၉-၄-၂၀၂၁ | မန္တလေး | မလှိုင် | မြို့နယ်ပညာရေးမှူးရုံး | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၄၆ | ၁၂-၄-၂၀၂၁ | မကွေး | ပေါက် | ပညာရေးမှူးရုံး | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၄၇ | ၂၉-၄-၂၀၂၁ | ပဲခူး | တောင်ငူ | မြို့နယ်ပညာရေးမှူးရုံး | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၄၈ | ၃-၅-၂၀၂၁ | ပဲခူး | ကြို့ပင်ကောက် | ကြို့ပင်ကောက်မြို့နယ်ပညာရေးမှူးရုံး | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၄၉ | ၃-၅-၂၀၂၁ | မန္တလေး | ပုသိမ်ကြီး | မြို့နယ်ပညာရေးမှူးရုံး | လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ |
| ၅၀ | ၄-၅-၂၀၂၁ | မကွေး | မြိုင် | မြို့နယ်ပညာရေးမှူးရုံးနှင့် မြို့နယ်တရားရုံး | လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ |
| ၅၁ | ၇-၅-၂၀၂၁ | မန္တလေး | မိတ္ထီလာ | ခရိုင်ပညာရေးမှူးရုံး | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၅၂ | ၈-၅-၂၀၂၁ | ရှမ်း | မူဆယ် | ခရိုင်ပညာရေးမှူးရုံး | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၅၃ | ၁၄-၅-၂၀၂၁ | မကွေး | ဂန့်ဂေါ | ငှက်ပြာကျင်းကျေးရွာ အမကဝင်း | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၅၄ | ၁၅-၅-၂၀၂၁ | မကွေး | ရေနံချောင်း | ရွာသစ်ရပ်ကွက်လှည်းတန်းရပ်ရှိ မြို့နယ် ပညာရေးမှူးရုံး | လက်လုပ်မိုင်းများဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ |
| ၅၅ | ၁၆-၅-၂၀၂၁ | ပဲခူး | ဒိုက်ဦး | မြို့နယ်ပညာရေးမှူးရုံး | လက်လုပ်မိုင်းများဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ |
| ၅၆ | ၁၇-၅-၂၀၂၁ | ပဲခူး | ပေါက်ခေါင်း | မြို့နယ်ပညာရေးမှူးရုံး | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၅၇ | ၂၀-၅-၂၀၂၁ | မန္တလေး | အမရပူရ | မြို့နယ်ပညာရေးမှူးရုံး | လက်လုပ်မိုင်းများဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ |
| ၅၈ | ၂၄-၅-၂၀၂၁ | ကချင် | ဗန်းမော် | မြို့နယ်ပညာရေးမှူးရုံး | လက်လုပ်မိုင်းများဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ |
| ၅၉ | ၂၈-၅-၂၀၂၁ | ချင်း | တီးတိန် | မြို့နယ်ပညာရေးမှူးရုံး | လက်လုပ်မိုင်းများဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ |
| ၆၀ | ၂၂-၇-၂၀၂၁ | ကယား | လွိုင်ကော် | နောင်ယား(က)ရပ်ကွက် | လက်လုပ်မိုင်းများဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ |
| ၆၁ | ၈-၄-၂၀၂၁ | စစ်ကိုင်း | ရွှေဘို | ခရိုင်ပြည်ခိုင်ဖြိုးပါတီရုံး | လက်လုပ်မိုင်းများဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ |
| ၆၂ | ၁၁-၅-၂၀၂၁ | မွန် | ကျိုက်ထို | ပြည်ခိုင်ဖြိုးရုံး | လက်လုပ်မိုင်းများဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ |
| ၆၃ | ၃-၅-၂၀၂၁ | ချင်း | ဟားခါး | ဈေးသစ်ရပ်ကွက်ရှိ ဟားခါးခရိုင်ပြန်/ဆက်ရုံး | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၆၄ | ၃၀-၅-၂၀၂၁ | ရှမ်း | ဆီဆိုင် | မြကန်သာရပ်ကွက် | လက်လုပ်မိုင်းများဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ |
| ၆၅ | ၂၉-၆-၂၀၂၁ | နေပြည်တော် | ပျဉ်းမနား | မီးရထားဝန်ထမ်းလိုင်းခန်းနှင့် ရထားပေါ်ရှိ ပစ္စည်းများ | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၆၆ | ၄-၄-၂၀၂၁ | ကယား | လွိုင်ကော်၊ ဒီမော့ဆို | ယာဉ် | လက်လုပ်မိုင်းများဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ |
| ၆၇ | ၂၅-၃-၂၀၂၁ | ကရင် | ဘားအံ | (၉)ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၆၈ | ၂၇-၃-၂၀၂၁ | ကရင် | ဘားအံ | (၁)ရပ်ကွက် စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၆၉ | ၂၇-၃-၂၀၂၁ | ကရင် | ဘားအံ | (၃)ရပ်ကွက် စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၇၀ | ၂၇-၃-၂၀၂၁ | ကရင် | ဘားအံ | (၆)ရပ်ကွက် စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၇၁ | ၂၇-၃-၂၀၂၁ | တနင်္သာရီ | ကော့သောင်း | အေးရိပ်ငြိမ်ရပ်ကွက် စီမံအုပ်ချုပ်ရေး အဖွဲ့ရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၇၂ | ၂၇-၃-၂၀၂၁ | မွန် | ကျိုက်ထို | မြို့နယ်တရားရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၇၃ | ၂၈-၃-၂၀၂၁ | စစ်ကိုင်း | ကန့်ဘလူ | မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၇၄ | ၂၈-၃-၂၀၂၁ | တနင်္သာရီ | ကော့သောင်း | ရွှေပြည်သာရပ်ကွက် စီမံအုပ်ချုပ်ရေး အဖွဲ့ရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၇၅ | ၄-၄-၂၀၂၁ | မကွေး | တောင်တွင်းကြီး | မောင်းတိုင်(၁)ရပ်ကွက် စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၇၆ | ၄-၄-၂၀၂၁ | မွန် | မော်လမြိုင်၊ ရေး | သီရိခေမာရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၇၇ | ၄-၄-၂၀၂၁ | ရန်ကုန် | အနောက်ပိုင်းစမ်းချောင်း | ကျွန်းတော(မြောက်) ရပ်ကွက်စီမံအုပ်ချုပ်ရေးမှူးရုံး နှင့်စည်ပင်သာယာပိုင်အဆောက်အဦ | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၇၈ | ၄-၄-၂၀၂၁ | ရှမ်း | တောင်ကြီး | ညောင်ဖြူစခမ်းရပ်ကွက် စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၇၉ | ၇-၄-၂၀၂၁ | မကွေး | ပခုက္ကူ | ရစဖရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၈၀ | ၇-၄-၂၀၂၁ | ရန်ကုန် | ဒဂုံ(တောင်) | (၂၄)ရပ်ကွက် ရစဖရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၈၁ | ၇-၄-၂၀၂၁ | ရန်ကုန် | ဒဂုံ(မြောက်) | (၃၀) ရပ်ကွက် ရစဖရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၈၂ | ၈-၄-၂၀၂၁ | ရန်ကုန် | အင်းစိန် | ပေါက်တောရပ်ကွက်ရစဖရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၈၃ | ၈-၄-၂၀၂၁ | ရန်ကုန် | ဒဂုံ(မြောက်) | (၄၅)ရပ်ကွက်ရစဖရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၈၄ | ၈-၄-၂၀၂၁ | ရန်ကုန် | ဒဂုံ(ရှေ့) | (၅)ရပ်ကွက်ရစဖရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၈၅ | ၈-၄-၂၀၂၁ | ရန်ကုန် | ဒဂုံ(ရှေ့) | (၂)ရပ်ကွက်ရစဖရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၈၆ | ၈-၄-၂၀၂၁ | ရန်ကုန် | မရမ်းကုန်း | (၁)ရပ်ကွက် ရစဖရုံးအား | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၈၇ | ၈-၄-၂၀၂၁ | ရန်ကုန် | ဒဂုံ(တောင်) | (၅၃)ရပ်ကွက် ရစဖရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၈၈ | ၈-၄-၂၀၂၁ | ရန်ကုန် | တာမွေ | (၂)ရပ်ကွက် ရစဖရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၈၉ | ၈-၄-၂၀၂၁ | ရန်ကုန် | မြောက်ဥက္ကလာပ | (၁၅)ရပ်ကွက် ရစဖမှူး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၉၀ | ၉-၄-၂၀၂၁ | မွန် | မော်လမြိုင် | ရွှေမြိုင်သီရိရပ်ကွက် ရစဖရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၉၁ | ၉-၄-၂၀၂၁ | ရန်ကုန် | စမ်းချောင်း | သံတံတားရပ်ကွက် ရစဖရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၉၂ | ၉-၄-၂၀၂၁ | ရန်ကုန် | အင်စိန် | ကြို့ကုန်းအနောက်ရပ်ကွက် ရစဖရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၉၃ | ၁၀-၄-၂၀၂၁ | မန္တလေး | မဟာအောင်မြေ | မဟာမြိုင်(၂) ရပ်ကွက် ရစဖမှူးရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

| စဉ် | ရက်စွဲ | တိုင်း/ပြည်နယ် | ခရိုင်မြို့နယ် | အစိုးရဌာနရုံး/ အခင်းဖြစ်နေရာ | မှတ်ချက် |
|---|---|---|---|---|---|
| ၉၄ | ၁၀-၄-၂၀၂၂ | ရန်ကုန် | စမ်းချောင်း | မြေနီကုန်း (မြောက်) ရစဖရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၉၅ | ၁၁-၄-၂၀၂၂ | ရှမ်း | သီပေါ | မီးရထားရပ်ကွက် ရစဖရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၉၆ | ၁၁-၄-၂၀၂၂ | မွန် | မော်လမြိုင် | သီရိမင်္ဂလာရပ်ကွက်ရစဖရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၉၇ | ၁၃-၄-၂၀၂၂ | မွန် | မော်လမြိုင် | ရိုးဂိုးကျေးရွာရစဖရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၉၈ | ၁၃-၄-၂၀၂၂ | မွန် | မော်လမြိုင် | သီရိမင်္ဂလာရစဖရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၉၉ | ၁၃-၄-၂၀၂၂ | ရန်ကုန် | တောင်ဥက္ကလာပ | (၁၀)ရပ်ကွက်ရစဖရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၁၀၀ | ၁၃-၄-၂၀၂၂ | ရန်ကုန် | တောင်ဥက္ကလာပ | (၄)ရပ်ကွက်ရစဖရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၁၀၁ | ၁၃-၄-၂၀၂၂ | ရန်ကုန် | တောင်ဥက္ကလာပ | (၁၄)ရပ်ကွက်ရစဖရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၁၀၂ | ၁၃-၄-၂၀၂၂ | ရန်ကုန် | တာမွေ | ရစဖ(မအူကုန်း) | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၁၀၃ | ၁၄-၄-၂၀၂၂ | ရန်ကုန် | မင်္ဂလာတောင်ညွန့် | ကန်တော်ကလေး(တောင်)ရပ်ကွက် ရစဖရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၁၀၄ | ၁၄-၄-၂၀၂၂ | ရန်ကုန် | သန်လျင် | အုတ်ဖိုစုရပ်ကွက် ရစဖရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၁၀၅ | ၁၄-၄-၂၀၂၂ | ရန်ကုန် | သန်လျင် | အမှုထမ်းရပ်ကွက် ရစဖရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၁၀၆ | ၁၄-၄-၂၀၂၂ | တနင်္သာရီ | မြိတ် | ရစဖမှူးရုံး (မြိတ်တောင်) | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၁၀၇ | ၁၆-၄-၂၀၂၂ | မွန် | သထုံ | သထုံမြို့ ဘင်လှိုင်ရပ်ကွက် ရစဖမှူးရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၁၀၈ | ၁၆-၄-၂၀၂၂ | ရန်ကုန် | လှိုင်သာယာ (အရှေ့ပိုင်း) | လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် (၇)ရပ်ကွက်ရစဖရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၁၀၉ | ၁၆-၄-၂၀၂၂ | ရန်ကုန် | အင်းစိန် | အင်းစိန်မြို့နယ်စော်ဘွားကြီးကုန်း ရပ်ကွက်ရစဖရုံး | လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ |
| ၁၁၀ | ၁၇-၄-၂၀၂၂ | မန္တလေး | ပုသိမ်ကြီး | နန်းဦးလွင်ကျေးရွာရစဖရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၁၁၁ | ၁၈-၄-၂၀၂၂ | ရန်ကုန် | ဒဂုံ(တောင်) | (၁၈)ရပ်ကွက်ရစဖရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၁၁၂ | ၁၉-၄-၂၀၂၂ | ရန်ကုန် | သာကေတ | ရစဖရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၁၁၃ | ၂၀-၄-၂၀၂၂ | ကချင် | မိုးညှင်း | လယ်မှီးကျေးရွာရစဖရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၁၁၄ | ၂၀-၄-၂၀၂၂ | စစ်ကိုင်း | မုံရွာ | အောင်ချမ်းသာ ရပ်ကွက် ရစဖရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၁၁၅ | ၂၀-၄-၂၀၂၂ | မန္တလေး | စဥ့်ကူး | ရှောက်ပင်ရိုးကျေးရွာအုပ်စုရစဖရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၁၁၆ | ၂၀-၄-၂၀၂၂ | ရန်ကုန် | ဒဂုံ(မြောက်) | (၃၈)ရပ်ကွက်ရစဖရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၁၁၇ | ၂၂-၄-၂၀၂၂ | မန္တလေး | အမရပူရ | ရစဖ(တောင်သမန်) | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၁၁၈ | ၂၃-၄-၂၀၂၂ | ပဲခူးတိုင်း | ညောင်လေးပင် | ရစဖမှူးရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၁၁၉ | ၂၄-၄-၂၀၂၂ | ရန်ကုန် | မင်္ဂလာဒုံ | မင်္ဂလာဒုံမြို့နယ်ထောက်ကြန့် တောင်ပိုင်းရပ်ကွက် ရစဖရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၁၂၀ | ၂၅-၄-၂၀၂၂ | နေပြည်တော် | ပုဗ္ဗသီရိ | ရစဖမှူးရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၁၂၁ | ၂၈-၄-၂၀၂၂ | မန္တလေး | အမရပူရ | ရစဖ(ဘုံးအိုး) | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၁၂၂ | ၂၈-၄-၂၀၂၂ | ရန်ကုန် | ဒဂုံဆိပ်ကမ်း | (၈၉)ရပ်ကွက်၊ ရစဖမှူးရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၁၂၃ | ၂၉-၄-၂၀၂၂ | ရန်ကုန် | ဒဂုံ(တောင်) | (၅၄)ရပ်ကွက်ရစဖရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၁၂၄ | ၃၀-၄-၂၀၂၂ | ရန်ကုန် | ကြည့်မြင်တိုင် | ရစဖရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၁၂၅ | ၁-၅-၂၀၂၂ | မန္တလေး | မဟာအောင်မြေ | သံ/နေ့ောက်ရပ်ကွက်ရစဖမှူးရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၁၂၆ | ၂-၅-၂၀၂၂ | ပဲခူး | ပဲခူး | ရစဖရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၁၂၇ | ၂-၅-၂၀၂၂ | မန္တလေး | ချမ်းအေးသာစံ | ရစဖရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၁၂၈ | ၃-၅-၂၀၂၂ | ပဲခူး | အုတ်တွင်း | ပဲခူးလမ်းရပ်ကွက်ရှိရစဖမှူးရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၁၂၉ | ၃-၅-၂၀၂၂ | မန္တလေး | ပြည်ကြီးတံခွန် | တံခွန်တိုင်ရပ်ကွက် ၇၈ လမ်းနှင့် စစ်ကိုင်းလမ်းထောင့်ရှိ ရစဖမှူးရုံး | လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ |
| ၁၃၀ | ၃-၅-၂၀၂၂ | ရှမ်း | နောင်ချို | လုံဝယ်ကျေးရွာရှိရစဖမှူးရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၁၃၁ | ၄-၅-၂၀၂၂ | စစ်ကိုင်း | တမူး | ရစဖရုံး (စော်ဘွားအင်း) | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၁၃၂ | ၄-၅-၂၀၂၂ | မန္တလေး | ချမ်းမြသာစည် | အောင်သာယာရပ်ကွက် ရစဖရုံး | မီးပုလင်းဖြင့် ပစ်ခတ်မီးရှို့ခဲ့မှု။ |
| ၁၃၃ | ၄-၅-၂၀၂၂ | မန္တလေး | ချမ်းအေးသာစံ | ရစဖရုံး (ပတ်ကုန်းဝန်းကျင်) | လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ |
| ၁၃၄ | ၆-၅-၂၀၂၂ | ကယား | လွိုင်ကော် | လောကစမ္မရပ်ကွက်ရစဖမှူးရုံး | လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ |
| ၁၃၅ | ၉-၅-၂၀၂၂ | ရန်ကုန် | စမ်းချောင်း | သီရိခေမာရပ်ကွက်ရစဖရုံး | လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ |
| ၁၃၆ | ၁၀-၅-၂၀၂၂ | မန္တလေး | ချမ်းမြသာစည် | ရစဖရုံး(မြရည်နန္ဒာ) | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၁၃၇ | ၁၀-၅-၂၀၂၂ | ရန်ကုန် | တွံတေး | ဇီးဖြူကုန်းကျေးရွာရစဖရုံး | လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ |
| ၁၃၈ | ၁၁-၅-၂၀၂၂ | ကရင် | ဘားအံ | အိန္ဒုကျေးရွာ ရစဖမှူးရုံး | လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ |
| ၁၃၉ | ၁၁-၅-၂၀၂၂ | မန္တလေး | အမရပူရ | ဟသ်ာရပ်ကွက် ရစဖရုံး | လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ |
| ၁၄၀ | ၁၁-၅-၂၀၂၂ | ဧရာဝတီ | မြောင်းမြ | (၄)ရပ်ကွက် ဗိုလ်ဗထူးလမ်းရှိ ရစဖရုံးရှေ့ | လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ |
| ၁၄၁ | ၁၃-၅-၂၀၂၂ | စစ်ကိုင်း | ရွှေဘို | ကျီတော်စုရပ်ရှိ ရစဖမှူးရုံး | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၁၄၂ | ၁၃-၅-၂၀၂၂ | ပဲခူး | ပဲခူး | မဇင်းရပ်ကွက် ရစဖရုံး | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၁၄၃ | ၁၃-၅-၂၀၂၂ | ပဲခူး | ဒိုက်ဦး | ဝါစိုရပ်ကွက်ရစဖရုံး | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၁၄၄ | ၁၉-၅-၂၀၂၂ | ရန်ကုန် | တွံတေး | ရစဖရုံး(ကွမ်းခြံ) | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၁၄၅ | ၂၂-၅-၂၀၂၂ | မန္တလေး | ပြည်ကြီးတံခွန် | (ည)ရပ်ကွက်ရစဖရုံး | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၁၄၆ | ၂၃-၅-၂၀၂၂ | ကချင် | မြစ်ကြီးနား | ရစဖရုံး | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၁၄၇ | ၂၃-၅-၂၀၂၂ | မန္တလေး | ပြည်ကြီးတံခွန် | ရစဖရုံး | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၁၄၈ | ၂၄-၅-၂၀၂၂ | ကချင် | မြစ်ကြီးနား | မြေမြင့်ရပ်ကွက် ရစဖရုံး | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၁၄၉ | ၂၅-၅-၂၀၂၂ | မွန် | ရေး | အောင်မေတ္တာရပ်ကွက်၊ ရစဖမှူးရုံး | လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ |
| ၁၅၀ | ၂၇-၅-၂၀၂၂ | မန္တလေး | ချမ်းအေးသာစံ | အောင်နန်းရိပ်သာအနောက်ရပ်ကွက် | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၁၅၁ | ၂၈-၅-၂၀၂၂ | ပဲခူး | အုတ်ဖို | အမှတ်(၇)ရပ်ကွက် | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၁၅၂ | ၃၀-၅-၂၀၂၂ | ရန်ကုန် | ရွှေပြည်သာ | (၆)ရပ်ကွက် | လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ |
| ၁၅၃ | ၂-၆-၂၀၂၂ | ပဲခူး | ပေါင်းတည် | မြောက်ကုန်းကြီးကျေးရွာရစဖမှူးရုံး | လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ |
| ၁၅၄ | ၄-၆-၂၀၂၂ | မွန် | မော်လမြိုင် | သာယာအေးရပ်ကွက်ရစဖမှူးရုံး | လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ |
| ၁၅၅ | ၁၅-၆-၂၀၂၂ | ရန်ကုန် | အင်းစိန် | ဖော့ကန်ရပ်ကွက် | လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ |
| ၁၅၆ | ၁၉-၅-၂၀၂၂ | ရန်ကုန် | သဃ်္ဃန်းကျွန်း | ငမိုးရိပ်ရပ်ကွက် | လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ |
| ၁၅၇ | ၂၁-၆-၂၀၂၂ | ရခိုင် | ဝ | ရစဖမှူးရုံး | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၁၅၈ | ၂၇-၆-၂၀၂၂ | တနင်္သာရီ | ထားဝယ် | ဆင်ဆိပ်ရပ်ကွက် | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၁၅၉ | ၄-၇-၂၀၂၂ | ပဲခူး | ပဲခူး | ဟံသာဝတီရပ်ကွက်ရစဖရုံး | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၁၆၀ | ၁၃-၇-၂၀၂၂ | ရန်ကုန် | မင်္ဂလာဒုံ | သဃ်္ဃန်းကျွန်းကြီး ကျေးရွာ | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၁၆၁ | ၂၃-၇-၂၀၂၂ | မန္တလေး | အောင်မြေ သာစံ | ညောင်ကွဲရပ်ကွက် | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၁၆၂ | ၃၁-၇-၂၀၂၂ | မန္တလေး | ပြည်ကြီးတံခွန် | (စ)ရပ်ကွက် | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၁၆၃ | ၂၀-၃-၂၀၂၂ | ဧရာဝတီ | ဟသ်ာတ၊ မြန်အောင် | ရေနံမြေဝန်ထမ်း လိုင်းခန်း | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၁၆၄ | ၂၂-၅-၂၀၂၂ | ကယား | ဒီးမော့ဆို | မားနာပလဲ့ရပ်ကွက် | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၁၆၅ | ၂၅-၅-၂၀၂၂ | ပဲခူး | သနပ်ပင် | မြို့နယ်လျှပ်စစ်ရုံး | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၁၆၆ | ၂၅-၅-၂၀၂၂ | မန္တလေး | ချမ်းအေးသာစံ | မြို့နယ်လျှပ်စစ်ရုံး | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၁၆၇ | ၂၅-၅-၂၀၂၂ | ဧရာဝတီ | ပုသိမ် | တိုင်းလျှပ်စစ်ရုံး | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၁၆၈ | ၂၇-၅-၂၀၂၂ | မန္တလေး | ပြည်ကြီးတံခွန် | (ဆ)ရပ်ကွက် | လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ |
| ၁၆၉ | ၁၀-၇-၂၀၂၂ | မန္တလေး | မြင်းခြံ | ခရိုင်/မြို့နယ် လျှပ်စစ်ရုံး | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၁၇၀ | ၁၀-၇-၂၀၂၂ | မန္တလေး | ချမ်းမြသာစည် | လျှပ်စစ်မန်နေဂျာရုံး | လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ |
| ၁၇၁ | ၁၀-၇-၂၀၂၂ | မန္တလေး | အမရပူရ | မြို့နယ်လျှပ်စစ်မန်နေဂျာရုံး | လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ |
| ၁၇၂ | ၁၀-၇-၂၀၂၂ | မကွေး | ရေစကြို | မြို့နယ်လျှပ်စစ်ရုံး | လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ |
| ၁၇၃ | ၁၀-၇-၂၀၂၂ | ရန်ကုန် | ရွှေပြည်သာ | မြို့နယ်လျှပ်စစ်ရုံး | လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ |
| ၁၇၄ | ၁၀-၇-၂၀၂၂ | ရန်ကုန် | တောင်ဥက္ကလာပ | မြို့နယ်လျှပ်စစ်ရုံး | လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ |
| ၁၇၅ | ၁၂-၇-၂၀၂၂ | ကယား | လွိုင်ကော် | ပြည်နယ်လျှပ်စစ်ရုံး | လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ |
| ၁၇၆ | ၁၂-၇-၂၀၂၂ | စစ်ကိုင်း | မုံရွာ | မြို့နယ်လျှပ်စစ် အင်ဂျင်နီယာရုံး | လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ |
| ၁၇၇ | ၁၂-၇-၂၀၂၂ | မန္တလေး | ချမ်းအေးသာစံ | မြို့နယ်လျှပ်စစ်ရုံး | လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ |
| ၁၇၈ | ၁၂-၇-၂၀၂၂ | ရှမ်း | အောင်ပန်း | မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး | လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ |
| ၁၇၉ | ၁၉-၇-၂၀၂၂ | မကွေး | ဂန့်ဂေါ | မြို့နယ်လျှပ်စစ်ရုံး | လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ |
| ၁၈၀ | ၁၉-၇-၂၀၂၂ | မကွေး | ဂန့်ဂေါ | မြို့နယ်စည်ပင်ရုံး | လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ |
| ၁၈၁ | ၂၁-၇-၂၀၂၂ | စစ်ကိုင်း | ကသာ | လျှပ်စစ်ကုန်း ရပ်ကွက် | လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ |
| ၁၈၂ | ၂၃-၃-၂၀၂၂ | ရှမ်း | မူဆယ် | ခရိုင် လဝကရုံး | လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ |
| ၁၈၃ | ၂၅-၃-၂၀၂၂ | ရန်ကုန် | အရှေ့ပိုင်းသဃ်္ဃန်းကျွန်း | လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန | လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ |
| ၁၈၄ | ၂၈-၄-၂၀၂၂ | မကွေး | ပခုက္ကူ | ခရိုင်လဝကရုံး | လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ |
| ၁၈၅ | ၇-၅-၂၀၂၂ | မန္တလေး | ပြည်ကြီးတံခွန် | ခရိုင်လဝကရုံး | လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့မှု။ |
| ၁၈၆ | ၁၁-၆-၂၀၂၂ | ရှမ်း | နမ့်ခမ်း | လဝကရုံး | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၁၈၇ | ၁၄-၆-၂၀၂၂ | ရှမ်း | သီပေါ | လဝကရုံး | မီးပုလင်းဖြင့် ပစ်ပေါက်မီးရှို့ခဲ့မှု။ |
| ၁၈၈ | ၁၁-၆-၂၀၂၂ | စစ်ကိုင်း | မင်းကင်း | သစ်တောဘိနယ်ရုံး | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၁၈၉ | ၁၄-၇-၂၀၂၂ | စစ်ကိုင်း | မင်းကင်း | ပျဉ်းကိုင်းသစ်တောဘိနယ်စခန်း | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၁၉၀ | ၂၂-၃-၂၀၂၂ | ရန်ကုန် | အနောက်ပိုင်းဗဟန်း | မြန်မာ့အလင်းပုံနှိပ်တိုက် | မီးရှို့ဖျက်ဆီးခဲ့မှု။ |

**အကြမ်းဖက်အဖွဲ့များ၏ အကြောင်းမဲ့ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်း စသည့်အကြမ်းဖက် လုပ်ရပ်များ လုပ်ဆောင်ခဲ့ခြင်းကြောင့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ နိုဝင်ဘာ ၂၀ ရက်အထိ ဌာနဆိုင်ရာရုံး ၅၆၅ ရုံးတို့ ပျက်စီးဆုံးရှုံးခဲ့ရမှုစာရင်းကို ဆက်လက်ဖော်ပြပါမည်**

*စာမျက်နှာ ၁၈ သို့*

*စာမျက်နှာ ၁၇ မှ*

အကြမ်းဖက်အဖွဲ့များအနေဖြင့် ဌာနဆိုင်ရာရုံးများအား ယခုကဲ့သို့ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်းများလုပ်ဆောင်နေမှုအပေါ် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းကာကွယ်သွားကြပါရန်နှင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများကိုရရှိပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာဆက်သွယ်သတင်းပေးပို့၍ အကြမ်းဖက်သမားများ ရပ်တည်မှုမရှိနိုင်သည်အထိ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြပါရန် မေတ္တာရပ်ခံသတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**၁-၂-၂၀၂၁ ရက်မှ ၂၀-၁၁-၂၀၂၁ ရက်ထိ တိုင်းဒေသကြီး/ပြည်နယ်အတွင်း ဆူပူအကြမ်းဖက်သောင်းကျန်းသူများကြောင့် ဌာနဆိုင်ရာရုံးများ ပျက်စီးမှု**

| စဉ် | တိုင်း/ပြည်နယ် | မြို့နယ် | ဌာနဆိုင်ရာရုံးများ ပျက်စီးမှု | မှတ်ချက် |
|---|---|---|---|---|
| ၁ | နေပြည်တော် | ၇ | ၁၃ | |
| ၂ | ကချင် | ၁၂ | ၁၈ | |
| ၃ | ကယား | ၆ | ၁၀ | |
| ၄ | ကရင် | ၈ | ၁၃ | |
| ၅ | ချင်း | ၇ | ၁၁ | |
| ၆ | စစ်ကိုင်း | ၃၁ | ၆၈ | |
| ၇ | တနင်္သာရီ | ၇ | ၁၂ | |
| ၈ | ပဲခူး | ၁၉ | ၃၁ | |
| ၉ | မကွေး | ၂၃ | ၄၄ | |
| ၁၀ | မန္တလေး | ၂၇ | ၁၁၈ | |
| ၁၁ | မွန် | ၈ | ၃၀ | |
| ၁၂ | ရခိုင် | ၁ | ၁ | |
| ၁၃ | ရန်ကုန် | ၃၄ | ၁၅၈ | |
| ၁၄ | ရှမ်း | ၁၃ | ၂၄ | |
| ၁၅ | ဧရာဝတီ | ၉ | ၁၄ | |
| | စုစုပေါင်း | ၂၁၂ | ၅၆၅ | |



၂၉-၆-၂၀၂၁ ရက်တွင် ပျဉ်းမနားမြို့၌ မီးရထားဝန်ထမ်းနေအိမ် လိုင်းခန်းနှင့် မီးရထားတွဲပေါ်ရှိ ပစ္စည်းများအား မီးရှို့ဖျက်ဆီးခံရမှု။



၁၄-၇-၂၀၂၁ ရက်တွင် မုံရွာမြို့၌ စည်ပင်ကွပ်ကဲရေးရုံး မီးရှို့ဖျက်ဆီးခံရမှု။

# ခင်ဦးမြို့နယ်ရှိ PDF အကြမ်းဖက်သမားများက ၎င်းတို့၏အန္တရာယ်ကို ကြောက်ရွံ့၍ ကျေးရွာဘုန်းကြီးကျောင်းအတွင်း ရှောင်တိမ်းနေထိုင်သူ သုံးဦးကို ရက်စက်စွာသတ်ဖြတ်ခဲ့ပြီး လက်ခံစောင့်ရှောက်ထားရှိသည့် ဘုန်းတော်ကြီးကျောင်းအား မီးရှို့ဖျက်ဆီး

နေပြည်တော် နိုဝင်ဘာ ၂၆

**စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်ရှိ PDF အကြမ်းဖက်သမားများက ၎င်းတို့၏အန္တရာယ်ကိုကြောက်ရွံ့၍ ကျေးရွာဘုန်းကြီးကျောင်းအတွင်း ရှောင်တိမ်းနေထိုင်သူ သုံးဦးကို ရက်စက်စွာသတ်ဖြတ်ခဲ့ပြီး လက်ခံစောင့်ရှောက်ထားရှိသည့် ဘုန်းတော်ကြီးကျောင်းအား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ ခင်ဦးမြို့နယ်အတွင်းရှိ PDF အကြမ်းဖက်သမားများက ကျေးရွာအတွင်း ဝင်ရောက်ကာ ဆက်ကြေးတောင်းခံခြင်း၊ နေအိမ်များ ဖျက်ဆီးခြင်း၊ ၎င်းတို့ကို မထောက်ခံပါက "သတင်းပေး၊ ဒလန်"ဟု



ဦးမာ(သေဆုံး)



ဦးအုန်းကွန့်(သေဆုံး)



တင်မျိုးမောင်(သေဆုံး)



မီးရှို့ဖျက်ဆီးခံရသည့် ဘုန်းကြီးကျောင်း

စွပ်စွဲကာ သတ်ဖြတ်ခြင်း၊ ကျေးရွာအတွင်း ဝင်ရောက်လာသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို အကြမ်းဖက်သမားများက လူနေအိမ်များအတွင်း ဝင်ရောက်ကာ ချောင်းမြောင်း တိုက်ခိုက်ခြင်းများကဲ့သို့ အကြမ်းဖက်မှု လုပ်ရပ်များကြောင့် ကျေးရွာအတွင်းနေထိုင်လျက်ရှိသော ပြည်သူများသည် ၎င်းတို့၏နေအိမ်များတွင် မနေထိုင်ရဲတော့ဘဲ ကျေးရွာဘုန်းကြီးကျောင်းဝင်းအတွင်း၌ သွားရောက်ရှောင်တိမ်းနေထိုင်ခဲ့ရသည်။

ထိုသို့ ကျေးရွာသားများ၏ ရှောင်တိမ်းနေထိုင်ခြင်းအား လက်ခံစောင့်ရှောက်ထားရှိသည့် ရွာသစ်ကုန်း ဘုန်းကြီးကျောင်းဝင်းအတွင်းသို့ PDF အကြမ်းဖက်သမား အင်အား ၅၀ ခန့်က နိုဝင်ဘာ ၂၅ ရက်နေ့ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် သေနတ်၊ ဓားများ ကိုယ်စီကိုင်ဆောင်ကာ ရောက်ရှိလာပြီး အဆိုပါဘုန်းကြီးကျောင်းဝင်းအတွင်းရှိ ရှောင်တိမ်းနေထိုင်သူများအနက်အချို့ကို သတ်ဖြတ်ကာ ဘုန်းကြီးကျောင်းအား မီးရှို့ဖျက်ဆီးသွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ရွာသစ်ကုန်းဘုန်းကြီးကျောင်းဆောင်တစ်လုံးနှင့် ပစ္စည်းထားသိုသည့် စတိုခန်းတစ်လုံးတို့ မီးလောင်ပျက်စီးခဲ့ပြီး ဘုန်းကြီးကျောင်းအတွင်း ရှောင်တိမ်းနေထိုင်လျက်ရှိသည့် အဆိုပါကျေးရွာနေသူများဖြစ်သည့် ဦးကုလား(ခ) ဦးတင်မျိုးမောင်(၃၇နှစ်) (ဘ) ဦးကျောက်အုန်းတွင် ရင်ညွန့်ထိုးသွင်းဒဏ်ရာတစ်ချက်၊ ဦးအုန်းကွန့် (၆၅ နှစ်) (ဘ) ဦးမင်းမောင်တွင် လည်ကုပ်ပြတ်ရဒဏ်ရာ နှစ်ချက်၊ ဝဲလက်ချောင်းများ ပြတ်ရဒဏ်ရာများ၊ ဦးမာ(၇၀ နှစ်) (ဘ)ဦးပုတွင် ရင်ညွန့်ကျည်ထိမှန်ဒဏ်ရာတစ်ချက်တို့ရရှိကာ သေဆုံးနေသည်ကို တွေ့ရှိခဲ့ရသည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် PDF အကြမ်းဖက်သမားများ၏ သတ်ဖြတ်ခဲ့မှုကြောင့် သေဆုံးခဲ့သူများနှင့် ကျောင်းဝင်းအတွင်း နေထိုင်လျက်ရှိသော အိမ်ထောင်စု ငါးစု၊ လူဦးရေ ကျားလေးဦး၊ မ ၁၃ ဦး ပေါင်း ၁၇ ဦးတို့ကို ခေါ်ဆောင်၍ ခင်ဦး-ရေဦးကားလမ်းအတိုင်း ရေဦးမြို့သို့ ပြန်လည်ထွက်ခွာလာခဲ့ရာ မကျီးတောကျေးရွာထိပ် ကြာပန်းအဝိုင်းလမ်းဆုံအရောက်တွင် အကြမ်းဖက်သူများက လမ်း၏ ယာဘက်ခြမ်းမှ လက်လုပ်မိုင်းတစ်လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ပြီး ယာဉ်နှင့်လူတို့ထိခိုက်ပျက်စီးမှုမရှိဘဲ ဆက်လက်ထွက်ခွာလာခဲ့ရာ ည ၉ နာရီခွဲတွင် ရေဦးမြို့သို့ ရောက်ရှိခဲ့သည်။

ဖြစ်စဉ်တွင် အကြမ်းဖက်သူများ၏ အန္တရာယ်ကိုကြောက်ရွံ့၍ ဘုန်းကြီးကျောင်းအတွင်း ခိုအောင်းနေထိုင်သူများအား ရက်စက်စွာသတ်ဖြတ်ပြီး ဘုန်းကြီးကျောင်းအား မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား နယ်မြေခံတပ်မတော်စစ်ကြောင်းများနှင့် ပူးပေါင်းကာ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၇-၁၁-၂၀၂၁ စနေနေ့

**MRTV HD**

- **၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ ဓမ္မစကြာသုတ် အနတ္တလက္ခဏသုတ် ပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၇:၃၅** Weekly Sport Info
- **၀၈:၃၅** စစ်ကိုင်းမြို့ဝက်ဆောင်ကြိမ်လက်မှုပညာ
- **၀၉:၄၀** ခေတ်အလိုက်ကြေးပုံပြင်
- **၁၀:၃၀** သမိုင်းပြတိုက်ထဲကချစ်စရာပန်းကလေးတို့မြေ
- **၁၁:၄၅** အလှမှာယဉ် ဆေးဖက်ဝင်သည့် တရုတ်စကားပွင့်လေးများ
- **၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ဟယာမျက်နှာဖုံး'** (အပိုင်း-၁၅)
- **၁၃:၃၀** MRTV National News
- **၁၄:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ပတ္တညိုသောပတ္တာများ'** (အပိုင်း-၂၀)
- **၁၅:၃၀** ရုပ်မြင်သံကြားဇာတ်လမ်း **'တစ်ပြည်ဝင်အိုး'**
- **၁၆:၃၅** ပုံပြင်ကမ္ဘာအစီအစဉ်
- **၁၆:၄၅** ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- **၁၇:၁၀** ရှုလေမြင်လေကမ္ဘာမြေ
- **၁၇:၃၀** ကမ္ဘာတည်သရွေ့အစဉ်မပျက် အမျိုးသားအောင်ပွဲနေ့
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** သုတဝေဖြာသိရိဂေဟာ
- **၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'အမုန်တရားရဲ့ လျှို့ဝှက်ချက်'** (အပိုင်း-၄၀)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** ပေပေတို့အငြိမ့်

တနင်္ဂနွေနေ့ ညပိုင်းတွင် ဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

- **07:01** News
- **07:25** Global Partnership for Brighter Future: Panama Pavilion at Expo 2020 Dubai
- **07:32** Great Shwedagon - The Sacred Hair Relics Hailing Pagodas
- **08:01** Weekly Review
- **08:16** Myanmar Masterclass: Min Wae Aung
- **08:30** Discovering Tribes: Taisun (Their Life and Customs) (Part-2)
- **08:52** Friendship & Cooperation: Cho Chonggee - 18 Years of a Malaysian in Beijing (MALAYSIA)
- **09:01** Myanmar Family Life: Myanmar's Sacred Shwedagon Pagoda
- **09:16** Pyin Oo Lwin Sweater
- **09:25** Attractions around Hopong Hill Station
- **09:33** Myanmar Traditional Instruments (MYANMA DRUM)
- **10:01** Dances of Myanmar "Lisu Traditional Dance"

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
သဘာဝအလှတရားရှိရာထီးစဲခါးရေတံခွန်ဆီ

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ရိုးရာအဆင်များဖြင့်ပေါ်လွင်လှပနေသော ဗိနှပ်လေးများ

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ဝင်ငွေကောင်းတဲ့ဖာလာလုပ်ငန်း

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ကရင်ဖြူတိုင်းရင်းသားတို့ရဲ့ကြက်ရိုးထိုးတဲ့ဓလေ့

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
ချဉ်ပေါင်အချိုရည်ပြုလုပ်နည်း

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ချင်း(ချိုး)ရိုးရာကြက်သားသုပ်

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
မွန်ရိုးရာတူရိယာ

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ပင်မြင့်သဇင်ပန်းတော်ဝင်

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၂)

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
တောင်ယာထမင်းဟင်း

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
စောရအိုင်---နန်း(အပိုင်း-၂)

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း(အပိုင်း-၄)
- **၁၁:၀၀** ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'အကျိုးပျက်ဆီးမှုအကြောင်း သိမှတ်စရာဥပဒေမှာ'
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၄)

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS တို့ နေ့စဉ်နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel တို့ စနေ၊တနင်္ဂနွေမှအပ နံနက်(၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

---

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှုအထိမ်းအမှတ်အခမ်းအနား

"အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ဖို့ ယခုပင်ဆောင်ရွက်စို့"

"Orange the world: End violence against women now!"

၂၅-၁၁-၂၀၂၁ နေပြည်တော်

---

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၆

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။

ထိုသို့ထုတ်ပေးရာတွင် နိုဝင်ဘာ ၂၆ ရက်၌ ရန်ကုန်ဆိပ်ကမ်းများမှ Medical Bed ၈၂၊ Wheel Chair ၁၀၊ Hospital Bed Table ၂၀၊ Haemodialysis Device ငါးခု၊ Infusion Stand ၆၀၀၊ Patient Trolley ၂၄ခု၊ Hemo-dialysis System သုံးခု၊ Hand Sanitizer ၃၇၄ခု၊ Cap Non-Woven Stripe ၁၀၀၀၀၊ Infusion Set With Needle ၅၀၀၀၊ Digital Blood Pressure Monitor ၅၀၀၊ Oxygen Plant ခြောက်ခု၊ ဆေးဝါးမျိုးစုံ ၇၁ မျိုး စုစုပေါင်း ၁၈၀၇၂၂ ဒသမ ၁၇၇ KG။

နယ်စပ် (ချင်းရွှေဟော်၊ မြဝတီ) တွင် ကုမ္ပဏီငါးခုတို့မှ Genta Injection ၃၈၅၆၀၊ Glucose Injection ၄၈၀၀၊ Mask ၅၂၀၉၃၊ Disposable Cap ၂၂၆၅၊ Liquid Oxygen ၁၄၉၅၄m³ တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၆ - ၁၁ - ၂၀၂၁

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၈၇၀၀၀ |
| ရန်ကုန် ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၈၁၉၀၀ |
| မန္တလေး ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၈၇၀၀၀ |
| မန္တလေး ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၈၁၉၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၂၇၅/၁၂၉၀ ကျပ် | ၁၃၀၀/၁၃၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၂၈၅/၁၃၁၀ ကျပ် | ၁၃၂၀/၁၃၇၆ ကျပ် |
| အောက်တိန်း ၉၂ | ၁၃၁၅/၁၃၃၀ ကျပ် | ၁၃၆၅/၁၄၅၇ ကျပ် |
| အောက်တိန်း ၉၅ | ၁၃၆၅/၁၃၉၅ ကျပ် | ၁၄၇၀/၁၄၈၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၉၃ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၁၆ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၀၇ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၄၁၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၇၂ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၃ . ၀၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၀ . ၆၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၉၄၈ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၅၀၀ | ၂၁၇၄ | ၁၈၄၇၉၂၀၀ |
| MTSH | ၃၂၀၀ | ၃၂၀၀ | ၈၅၆ | ၂၇၃၉၂၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၁၀ | ၅၀၀၀၀ |

ညီညီ - စုစည်းသည်

---


**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# CRPH ၊ NUG အကြမ်းဖက်အဖွဲ့မှ NLD ပါတီဝင် မောင်ကျော်(ခ)ဖြိုးဇေယျာသော် အား လက်နက်/ခဲယမ်းနှင့် ငွေကြေးများထောက်ပံ့၍ ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်း ဆောင်ရွက်ခဲ့မှုများအား ဆက်လက်ဖော်ထုတ်ရရှိ

**နေပြည်တော် နိုဝင်ဘာ ၂၆**

CRPH ၊ NUG အကြမ်းဖက်အဖွဲ့၏ စေခိုင်းချက်အရ ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းများအား ဦးစီးဆောင်ရွက်ခဲ့သည့် NLD ပါတီဝင် တရားခံ မောင်ကျော်(ခ) ဖြိုးဇေယျာသော် အပါအဝင် ကျား ၄၃ ဦး၊ မ ၇ ဦး၊ ပေါင်း ၅၀ အား လက်နက်/ ခဲယမ်းများ၊ လက်ပစ်ဗုံးများ၊ အခြား ဆက်စပ်ပစ္စည်းများနှင့် ဖမ်းဆီးရမိခဲ့သည့်ဖြစ်စဉ်အား နိုဝင်ဘာ ၂၀ ရက်တွင်လည်းကောင်း၊ NUG အကြမ်းဖက်အဖွဲ့၏ စေခိုင်းချက်အရ NLD ပါတီဝင် မောင်ကျော်(ခ)ဖြိုးဇေယျာသော်မှ လက်နက်/ ခဲယမ်းများ ထုတ်ပေး၍ ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ခဲ့မှု အချို့ ဖော်ထုတ်ရရှိသည့်သတင်းအား နိုဝင်ဘာ ၂၂ ရက်တွင်လည်းကောင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

### လက်နက်/ခဲယမ်းများနှင့် ဖောက်ခွဲရေးပစ္စည်းများအား ပို့ဆောင်

တရားခံ မောင်ကျော်(ခ) ဖြိုးဇေယျာသော်၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၁၈ ရက်တွင် အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ခဲ့သော PDF အကြမ်းဖက်အဖွဲ့မှ တရားခံ အောင်ကိုလတ် (၂၈)နှစ်၊ သက်ပိုင်ထွေး (၂၃)နှစ်၊ အောင်ကိုကို (၂၂)နှစ်၊ ချစ်ကိုကိုသန့် (၁၉)နှစ်၊ ဝေယံထွန်း (၂၀)နှစ်၊ ရှိန်းဝေမိုး (၂၇)နှစ်၊ စောဗစ်တယ်ကိုကို (၂၄)နှစ်နှင့် လွင်လွင်ထွန်း (၂၇)နှစ်တို့ ၈ ဦးကို ကျိုက်ထိုမြို့နယ် ရိုးရိုးလေးတည်းခိုခန်းတွင် လည်းကောင်း၊ နိုဝင်ဘာ ၁၉ ရက်တွင် လက်နက်/ ခဲယမ်းများ သယ်ယူပို့ဆောင်ရေးနှင့် ထိန်းသိမ်းရေးဆောင်ရွက်လျက်ရှိသော တေဇာလင်း(ခ) အုပ်ကြီး (၃၃)နှစ်၊ စိုးမြတ်ရွှေ (၂၃)နှစ်နှင့် စဇင်အောင် (၂၆)နှစ်တို့ ၃ ဦးကို ညောင်တုန်းမြို့နယ် အရွဲအုပ်စုကျေးရွာ ပန်းတိုင်စစ်ဆေးရေးဂိတ်၌ လည်းကောင်း၊ နိုဝင်ဘာ ၂၀ ရက်တွင် လက်နက်/ခဲယမ်းများနှင့် ဖောက်ခွဲရေးပစ္စည်းများအား အကြမ်းဖက်သမားများထံ ပို့ဆောင်ပေးခြင်းနှင့် ပြန်လည်သိမ်းဆည်းခြင်းများ ဆောင်ရွက်ပေးသူ တရားခံ ဇင်မင်းထွန်း(ခ)စတိ (၃၀)နှစ်၊ ရှင်းသန့်ဟိန်း (၂၄)နှစ်၊ နေမျိုးထွန်း (၂၇)နှစ်၊ ဟိန်းမင်းလတ် (၂၄)နှစ်နှင့် ဝင်းသင်ဇော (၃၁)နှစ်တို့ ၅ ဦးကို သထုံမြို့ အောက်ကျင်းရပ်ကွက် သထုံဘူတာရုံ၌ လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ မောင်ကျော်(ခ)ဖြိုးဇေယျာသော်အား (ဘ) ဒေါက်တာ မြသော် (မိ) ဒေါက်တာ ဒေါ်ခင်ဝင်းမေတို့မှ ၁၉၈၁ ခုနှစ် မတ်လ ၂၆ ရက်တွင် ရန်ကုန်မြို့၌ မွေးဖွားခဲ့ကြောင်း၊ ၂၀၀၃ ခုနှစ်တွင် ရတနာပုံ တက္ကသိုလ်မှ အင်္ဂလိပ်စာအထူးပြုဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) အား ရရှိခဲ့ပြီး အနုပညာ(အဆိုတော်)လုပ်ငန်းအား လုပ်ကိုင်ခဲ့ကြောင်း၊ ၂၀၀၇ ခုနှစ်တွင် တရားမဝင်အသင်းဖွဲ့စည်းမှု၊ တရားမဝင် ငွေကြေးကိုင်ဆောင်မှုတို့ဖြင့် ထောင်ဒဏ် ၆ နှစ်ကျခံခဲ့ရသော်လည်း ၂၀၁၁ ခုနှစ်တွင် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်မြောက်ခဲ့ကြောင်း၊ ၂၀၁၂ ခုနှစ်တွင် NLD ပါတီသို့ ဝင်ရောက်ခဲ့ပြီး ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အနိုင်ရရှိခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဇမ္ဗူသီရိမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အနိုင်ရရှိခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်၏ ယုံကြည်စိတ်ချရသူတစ်ယောက်အနေဖြင့် တာဝန်ထမ်းဆောင်ကာ ဒေါ်အောင်ဆန်းစုကြည်၏ ပြည်တွင်း/ပြည်ပ ခရီးစဉ်များ၊ စည်းရုံးရေးလှုပ်ရှားမှုများတွင် အနီးကပ်လိုက်ပါခဲ့သည်။

တရားခံ မောင်ကျော်(ခ)ဖြိုးဇေယျာသော်၏ ထွက်ဆိုချက်အရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ရန်ကုန်မြို့အတွင်း အကြမ်းဖက်ဆူပူဆန္ဒပြမှုများအား ဦးစီးဆောင်ရွက်ခဲ့ပြီး ဧပြီလမှစ၍ NUG အကြမ်းဖက်အဖွဲ့မှ ရည်မွန်၊ ဇော်ဝေစိုး၊ လွင်ကိုလတ် တို့နှင့် ချိတ်ဆက်ကာ ရန်ကုန်တိုင်းအကြမ်းဖက်အဖွဲ့တာဝန်ခံအဖြစ် ဒီငြိမ်းလင်း (ခ)ဒေဝ၊ ဝေဖြိုးဟန်(ခ) နောင်ရိုး တို့နှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ မေလနှင့် ဇွန်လတို့တွင် NUG အကြမ်းဖက်အဖွဲ့မှ ရည်မွန်၊ နိုင်ထူးအောင်တို့နှင့် Zoom Meeting များပြုလုပ်၍ KNLA တပ်မဟာ(၆)နယ်မြေတွင် ဖောက်ခွဲရေးနှင့် အကြမ်းဖက်သင်တန်းများ တက်ရောက်ရေး၊ လက်နက်/ ခဲယမ်းထောက်ပံ့ရေး၊ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုက်ခိုက်ရေး၊ အစိုးရအား စတင်တိုက်ခိုက်မည့် နေ့ရက်(D-Day) သတ်မှတ်ရေးနှင့် ငွေကြေးထောက်ပံ့ရေးကိစ္စရပ်များအား ဆွေးနွေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

NUG အကြမ်းဖက်အဖွဲ့မှ ရည်မွန်၏ စေခိုင်းချက်အရ နိုင်ထူးအောင်သည် KNLA တပ်မဟာ(၆)မှ ရင်းမှုးအဆင့်ရှိ ရန်နိုင်အား ငွေကြေးထောက်ပံ့ပေးမှုများဆောင်ရွက်ကာ NLD ပါတီ ထောက်ခံအားပေးသော အစွန်းရောက်လူငယ်အချို့အား ကော့ကရိတ်မြို့နယ်အနီးနှင့် ဘုရားသုံးဆူအနီးတွင် အကြမ်းဖက်သင်တန်းများ သင်ကြားပေးခဲ့ပြီး ရက်တိုသင်တန်းဆင်းများအား STF အကြမ်းဖက်အဖွဲ့၊ ရက်ရှည်သင်တန်းဆင်းများအား PDF အကြမ်းဖက်အဖွဲ့၊ မွမ်းမံသင်တန်းဆင်းများအား SOF အကြမ်းဖက်အဖွဲ့၊ မြို့နယ်အလိုက် NLD အမာခံများအား မြို့နယ် ပကဖ အကြမ်းဖက်အဖွဲ့များ အဖြစ်ဖွဲ့စည်း၍ ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံ မောင်ကျော်(ခ)ဖြိုးဇေယျာသော်၏ ထွက်ဆိုချက်အရ ဇူလိုင်လတွင် NUG အကြမ်းဖက်အဖွဲ့မှ PDF အကြမ်းဖက်အဖွဲ့ကိုဖွဲ့စည်း၍ မြောက်ပိုင်းတိုင်း PDF အကြမ်းဖက်အဖွဲ့နှင့် အရှေ့ပိုင်းတိုင်း PDF အကြမ်းဖက်အဖွဲ့ကို ရည်မွန်မှလည်းကောင်း၊ တောင်ပိုင်းတိုင်း PDF အကြမ်းဖက်အဖွဲ့ကို လွင်ကိုလတ်မှလည်းကောင်း၊ အလယ်ပိုင်းတိုင်း PDF အကြမ်းဖက်အဖွဲ့ကို နေမျိုးမှလည်းကောင်း တာဝန်ခံများအဖြစ် ဆောင်ရွက်ကာ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးယန္တရား ပျက်ပြားစေရန်နှင့် ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန်အတွက် အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ခဲ့ပြီး လွင်ကိုလတ်နှင့် ကွမ်မင်း တို့၏ စေခိုင်းချက်အရ တရားခံ မောင်ကျော်(ခ) ဖြိုးဇေယျာသော် နှင့် ဒီငြိမ်းလင်း(ခ) ဒေဝ တို့သည် STF အကြမ်းဖက်အဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့တို့၏ ပူးတွဲတာဝန်ခံ၊ ဝေဖြိုးဟန် (ခ)နောင်ရိုး ကို ရန်ကုန်တိုင်း ပကဖ အကြမ်းဖက်အဖွဲ့တာဝန်ခံ၊ PK ကို SOF အကြမ်းဖက်အဖွဲ့တာဝန်ခံ၊ ကျော်စွာ(ခ) အံ့ကျော် အား သတင်းထုတ်ပြန်ရေးတာဝန်ခံအဖြစ်ဖွဲ့စည်းကာ အကြမ်းဖက်လုပ်ငန်းများအား ပိုမိုအရှိန်မြှင့်တင်လုပ်ဆောင်စေခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံ မောင်ကျော်(ခ)ဖြိုးဇေယျာသော်၏ ထွက်ဆိုချက်အရ NUG အကြမ်းဖက်အဖွဲ့ဝင် ရည်မွန် နှင့် လွင်ကိုလတ် တို့မှ ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လက်နက်၊ ခဲယမ်းနှင့် ဖောက်ခွဲရေးပစ္စည်းများအား နိုင်ထူးအောင်၊ PK၊ ဝေဖြိုးဟန်(ခ)နောင်ရိုး တို့ကို KNU အဖွဲ့နှင့် ချိတ်ဆက်၍ သိမ်ဇရပ်-ဝေါ- သနပ်ပင်- တာဝ မှ ပဲခူးမြစ်အတိုင်း သရပ်ပင်ချောင်မှ ရန်ကုန်မြို့သို့လည်းကောင်း၊ မြဝတီ-သိမ်ဇရပ်-ရန်ကုန်သို့ အံ့ဝှက်ပြုလုပ်ထားသော မော်တော်ယာဉ်ဖြင့်လည်းကောင်း ပို့ဆောင်ပေးခဲ့ပြီး ရန်ကုန်မြို့သို့ ရောက်ရှိပါက ဖမ်းဆီးရန်ကျန် တရားခံ ဇင်ဦးမောင်(ခ)နေလ နှင့် တေဇာလင်း(ခ)အုပ်ကြီး တို့ကို သွားရောက်ယူဆောင်စေပြီး သဃ်န်းကျွန်းမြို့နယ် (၂၉)ရပ်ကွက် သုခိတာလမ်း အမှတ်(၆၇)နှင့် (ဧ)မြောက်ရပ်ကွက် ပြည်သာယာလမ်းသွယ်(၂) ငွေတိုက်စိုးခြံ အမှတ်(၁၄၂)တို့တွင် ဖြန့်ခွဲသိမ်းဆည်းစေခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

### အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရန်

တရားခံ မောင်ကျော်(ခ)ဖြိုးဇေယျာသော် ၏ ထွက်ဆိုချက်အရ အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရန်အတွက် တာဝန်ထမ်းဆောင်နေသော မြို့နယ်/ ရပ်ကွက်/ကျေးရွာ စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် နိုင်ငံ့ဝန်ထမ်းများအား သတ်ဖြတ်ခြင်း၊ ပြည်ခိုင်ဖြိုးပါတီဝင်များအပါအဝင် အခြားဆန့်ကျင်ဘက် ပါတီဝင်များနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်မည့် (Hit List)များ စာရင်းပြုစု၍ NUG အကြမ်းဖက်အဖွဲ့ထံ တင်ပြရပြီး NUG အကြမ်းဖက်အဖွဲ့မှ သတ်မှတ်ပေးသော Mission များကို လုပ်ကြံသတ်ဖြတ်ရေးအဖွဲ့များသို့ လက်နက်/ ခဲယမ်းများ ထုတ်ပေးရကြောင်း ဖော်ထုတ်သိရှိရသည်။

ထိုသို့ NUG အကြမ်းဖက်အဖွဲ့၏ စေခိုင်းမှုကြောင့် တရားခံ မောင်ကျော် (ခ) ဖြိုးဇေယျာသော် သည် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအနေဖြင့် အစိုးရအဆောက်အဦများအား ဖောက်ခွဲဖျက်ဆီးမှု အကြိမ်(၃၀)၊ ရပ်ကွက်စီမံအုပ်ချုပ်ရေးရုံးများအား ဖောက်ခွဲဖျက်ဆီးမှု(၃၂)ကြိမ်၊ လျှပ်စစ်ရုံးနှင့်အနီးဝန်းကျင် ဖောက်ခွဲဖျက်ဆီးမှု (၉)ကြိမ်၊ ကညနရုံးနှင့် အနီးဝန်းကျင် ဖောက်ခွဲဖျက်ဆီးမှု (၉)ကြိမ်၊ ယာဉ်ထိန်းရုံးများအား ဖောက်ခွဲဖျက်ဆီးမှု (၁၂)ကြိမ်၊ CCTV Control Box များအား ဖောက်ခွဲဖျက်ဆီးမှု (၅)ကြိမ်၊ အပြစ်မဲ့ပြည်သူလူထု ထိတ်လန့်ကြောက်ရွံ့စေရန်ရည်ရွယ်၍ အများပြည်သူနှင့် သက်ဆိုင်သောနေရာများအား ဖောက်ခွဲဖျက်ဆီးမှု အကြိမ်(၆၀)၊ ဘာသာရေးဆိုင်ရာ အဆောက်အဦအနီး ဖောက်ခွဲဖျက်ဆီးမှု (၂)ကြိမ်၊ စာသင်ကျောင်းများအား ဖောက်ခွဲဖျက်ဆီးမှု(၃)ကြိမ် စုစုပေါင်း (၁၇၈) ကြိမ်ရှိသည့်အပြင် အကြမ်းဖက်သတ်ဖြတ်ကျူးလွန်ခဲ့မှုအနေဖြင့် (၃၆) ကြိမ်ရှိကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံ မောင်ကျော်(ခ)ဖြိုးဇေယျာသော် ၏ ထွက်ဆိုချက်အရ အကြမ်းဖက် CRPH နှင့် NUG အဖွဲ့ဝင် ဖြူဖြူသင်း၊ နိုင်ထူးအောင် ၊ ဝင်းမြတ်အေး နှင့် လွင်ကိုလတ် တို့မှ နည်းလမ်းပေါင်းစုံဖြင့် ငွေကြေးများကောက်ခံ၍ အကြမ်းဖက်မှုများ ပြုလုပ်ရန်အတွက် ၎င်းထံသို့ တရားမဝင်နည်းလမ်းများဖြင့် ငွေကြေးပို့ဆောင်ပေးခဲ့ပြီး အဆိုပါ ရရှိငွေများအား လက်နက်/ခဲယမ်းများဝယ်ယူခြင်း၊ ဖောက်ခွဲရေးအတွက် လိုအပ်သော ပစ္စည်းများဝယ်ယူခြင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ရန်အတွက် လိုင်စင်မဲ့မော်တော်ယာဉ်များဝယ်ယူခြင်း၊ အကြမ်းဖက်အဖွဲ့များ ပုန်းခိုနေထိုင်နိုင်ရေးအတွက် နေရာ(Safe House)များ ငှားရမ်းခြင်း၊ ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန် ဖောက်ခွဲရေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် အပြစ်မဲ့ပြည်သူလူထုများအား လုပ်ကြံသတ်ဖြတ်ခြင်းများ ဆောင်ရွက်ရာတွင် အောင်မြင်မှုအပေါ်မူတည်၍ အကြမ်းဖက်သမားများအား ထောက်ပံ့ပေးအပ်ခြင်းနှင့် အချို့အား ကိုယ်ကျိုးအတွက် ရယူသုံးစွဲခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံ မောင်ကျော် (ခ) ဖြိုးဇေယျာသော် ၏ ထွက်ဆိုချက်အရ စက်တင်ဘာလ ပထမပတ်တွင်ပြုလုပ်သော Zoom Meeting တွင် NUG အကြမ်းဖက်အဖွဲ့၏ စေခိုင်းမှုဖြင့် SOF အကြမ်းဖက်အဖွဲ့တာဝန်ခံ PK မှ ပျံလွှားအောင် စစ်ဆင်ရေး အမည်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရုံးများ၊ နယ်မြေရဲကင်းစခန်းများ၊ လုံခြုံရေးယာဉ်တန်းများအား ချောင်းမြောင်း ပစ်ခတ်တိုက်ခိုက်ခြင်း၊ ပြည်သူလူထုအထိတ်တလန့်ဖြစ်စေရန်အတွက် အများပြည်သူနှင့်သက်ဆိုင်သော နေရာများအား ဖောက်ခွဲဖျက်ဆီးခြင်း၊ ပညာသင်ကြားမှုများ မပြုလုပ်နိုင်ရန်အတွက် စာသင်ကျောင်းများအား ဖောက်ခွဲဖျက်ဆီးခြင်း၊ ကျောင်းဆရာ/ ဆရာမများအား လုပ်ကြံသတ်ဖြတ်ခြင်း၊ ကိုဗစ်-၁၉ စစ်ဆေးရေးဂိတ်များအား ဖောက်ခွဲဖျက်ဆီးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် တရားခံ မောင်ကျော်(ခ) ဖြိုးဇေယျာသော် အနေဖြင့် အဆိုပါ ပျံလွှားအောင် စစ်ဆင်ရေးအား အရှိန်မြှင့်ဆောင်ရွက်ရန် ပြင်ဆင်နေစဉ် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံ မောင်ကျော်(ခ)ဖြိုးဇေယျာသော် ၏ ထွက်ဆိုချက်အရ အကြမ်းဖက်ဖောက်ခွဲမှုများနှင့် လုပ်ကြံသတ်ဖြတ်ခြင်းများအတွက် KNU/KNLA တပ်မဟာ(၆)မှ ရင်းမှူးအဆင့်ရှိ ရန်နိုင်နှင့် KNU မှ ဗိုလ်မှူးကြီး အဆင့်ရှိသူတို့က လိုအပ်သော အကြံဉာဏ်များ ပေးအပ်ခဲ့ကြောင်း၊ အောက်တိုဘာ ၃၁ ရက်တွင် လှိုင်ရဲစခန်းအား ပထမအကြိမ် M-79 ဗုံးပစ်လောင်ချာဖြင့် ပစ်ခတ်ခဲ့ရာ ဗုံးသီးမထွက်ခဲ့သဖြင့် ရန်နိုင်နှင့် ဗိုလ်မှူးကြီး အဆင့်ရှိသူတို့၏ ပြောကြားချက်အတိုင်း ထပ်မံပစ်ခတ်ခဲ့ရာ ဗုံးသီး ၃ လုံး ပစ်ခတ်နိုင်ခဲ့ကြောင်း၊ KNLA တပ်မဟာ(၆)နယ်မြေရှိ စစ်ရေးလှုပ်ရှားမှုများအား ဖော်ပြရာတွင် ရန်နိုင်မှ ၎င်းအား ဆက်သွယ်မေးမြန်းပြီးမှသာဖော်ပြရန် ပြောကြားထားကြောင်း ဖော်ထုတ်သိရှိရသည်။

### အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်မည့်စီမံချက် ရေးဆွဲလျက်ရှိ


ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်မည့် ဟံသာဝတီ စစ်ရေးစီမံချက်အား ရေးဆွဲလျက်ရှိပြီး အကြမ်းဖက်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အင်အားနည်းသည့် လုံခြုံရေးကင်းစခန်းငယ်များအား ဝင်ရောက်တိုက်ခိုက်၍ လက်နက်/ ခဲယမ်းများ လုယူရန်စီစဉ်ထားကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံ မောင်ကျော်(ခ)ဖြိုးဇေယျာသော်၏ စေခိုင်းမှုဖြင့် အကြမ်းဖက် လုပ်ငန်းဆောင်ရွက်ခဲ့သူများအား ဖမ်းဆီးရမိမှုအနေဖြင့်

- ဧပြီလမှ ဇွန်လအတွင်း ဒဂုံမြို့သစ်မြို့နယ်များတွင် ဗုံးဖောက်ခွဲမှု (၁၀) ကြိမ် ဆောင်ရွက်ခဲ့သည့်ဖြစ်စဉ်တွင် ပါဝင်သော တရားခံ နေလင်း ပါ ၆ ဦးကို လက်နက်/ခဲယမ်းများဖြင့်လည်းကောင်း။
- ဇွန်လ ၈ ရက်တွင် တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက် သတိပဋ္ဌာန်လမ်း တိုက်(၃၂) တတိယထပ်နေ အပြစ်မဲ့ပြည်သူ ၁ ဦးကို သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်တွင်ပါဝင်သော တရားခံ ရွှေရည်ညွှန့် ပါ ၈ ဦးကို လက်နက်/ခဲယမ်းများဖြင့် လည်းကောင်း။
- ဇွန်လ ၁၀ ရက်တွင် KNLA တပ်မဟာ(၆)၌ အကြမ်းဖက်သင်တန်း တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော SRU အကြမ်းဖက်အဖွဲ့မှ တရားခံ ဇော်ထိုက် (ခ) ဇော်သူရ ပါ ၁၃ ဦးကိုလည်းကောင်း။
- ဇွန်လ ၂၉ ရက်တွင် တာမွေမြို့နယ် မေတ္တာညွှန့်ရပ်ကွက် သမာဓိလမ်းရှိ မြန်မာ့စီးပွားရေးဘဏ်ရှေ့၌ လုံခြုံရေးတပ်ဖွဲ့ဝင် ၁ ဦးအား ပစ်ခတ်ခဲ့သည့် ဖြစ်စဉ်တွင် ပါဝင်သော တရားခံ ခန့်စည်သူ ပါ ၅ ဦးကို လက်နက်/ခဲယမ်းများဖြင့် လည်းကောင်း။
- ဇူလိုင်လ ၇ ရက်တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ အပြစ်မဲ့ပြည်သူ ၁ ဦးကို အကြမ်းဖက်အဖွဲ့ဝင် ၂ ဦးမှ ပစ်ခတ်ခဲ့သည့် ဖြစ်စဉ်တွင် ပါဝင်သော တရားခံ အောင်မျိုးမင်း ကို လက်နက်/ ခဲယမ်းများဖြင့်လည်းကောင်း။

*စာမျက်နှာ ၂၁ သို့*

## CRPH / NUG အကြမ်းဖက်အဖွဲ့၏ စေခိုင်းချက်အရ တောင်ပိုင်းအကြမ်းဖက်အဖွဲ့ ဖွဲ့စည်းထားရှိမှုနှင့် NLD ပါတီဝင် မောင်ကျော်(ခ) ဖြိုးဇေယျာသော် မှ ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် တရားခံများအား ဖမ်းဆီးရမိမှု အခြေပြဇယား



*စာမျက်နှာ ၂၀ မှ*

- ဇူလိုင် ၈ ရက်တွင် လမ်းမတော်မြို့နယ်ရှိ ရွှေနန်းတော်ရွှေဆိုင်အား ဖောက်ခွဲ၍ လက်ဝတ်ရတနာများ လုယူခဲ့သည့်ဖြစ်စဉ်တွင် ပါဝင်သော တရားခံ ကျော်ဇောဟိန်း ပါ ၃၅ ဦးကို လက်နက်/ခဲယမ်းများ၊ ဖောက်ခွဲရေးပစ္စည်းများဖြင့်လည်းကောင်း။
- ဩဂုတ် ၁၄ ရက်တွင် ရန်ကုန်မြို့ပတ်ရထားပေါ်၌ လုံခြုံရေး ဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များအား လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သည့်ဖြစ်စဉ်တွင် ပါဝင်သော တရားခံ ကောင်းပြည့်စုံဦး ပါ ၅ ဦးကို လက်နက်/ခဲယမ်းများဖြင့် လည်းကောင်း။
- ဩဂုတ် ၁၇ ရက်တွင် ကမာရွတ်မြို့နယ် ဈေးလမ်းရှိ အပြစ်မဲ့ပြည်သူ ၁ ဦးအား လုပ်ကြံသတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်တွင်ပါဝင်သော တရားခံ ညီညီထွန်း ပါ ၃၁ ဦးကို လက်နက်/ခဲယမ်းများဖြင့်လည်းကောင်း။
- စက်တင်ဘာ ၆ ရက်နှင့် ၇ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် သုနန္ဒာမီးပွိုင့်နှင့် ခုံးကျော်တံတားအောက်၌ လက်လုပ်မိုင်း ဖောက်ခွဲခဲ့သည့် ဖြစ်စဉ်တွင်ပါဝင်သော တရားခံ ဟိန်းကျော်လွင် ပါ ၁၆ ဦးကို လက်နက်/ခဲယမ်းများ၊ ဖောက်ခွဲရေးပစ္စည်းများ၊ စိတ်ကြွရူးသွပ်ဆေးပြားများဖြင့်လည်းကောင်း။
- စက်တင်ဘာ ၉ ရက်တွင် စမ်းချောင်းမြို့နယ်တွင် လှည့်ကင်းဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်ခတ်ခဲ့သည့် ဖြစ်စဉ်တွင် ပါဝင်သော တရားခံ အောင်ချမ်းငြိမ်း ပါ၁၁ ဦးကို လက်နက်/ခဲယမ်းများဖြင့်လည်းကောင်း။
- စက်တင်ဘာ ၁၀ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် တံတားပေါ်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်ခတ်ခဲ့သည်ဖြစ်စဉ်တွင် ပါဝင်သော တရားခံ ဇင်မင်းထွန်း ပါ ၁၂ ဦးကို လက်နက်/ခဲယမ်းများ၊ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် လည်းကောင်း။
- စက်တင်ဘာ ၁၃ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၉) ရပ်ကွက် ရစဖရုံး အဖွဲ့ဝင် ဦးနိုင်လင်း အား လုပ်ကြံသတ်ဖြတ်ခဲ့သည့်ဖြစ်စဉ်တွင် ပါဝင်သော တရားခံ ဟိန်းထက်အောင် (ခ)ဈန်ရဲ ပါ ၉ ဦးကို လည်းကောင်း။
- စက်တင်ဘာ ၁၈ ရက်တွင် ကမာရွတ်မြို့နယ် (၃)ရပ်ကွက် လှည်းတန်း(၆) လမ်းထိပ်ရှိ King လက်ဖက်ရည်ဆိုင်အနီး၌ အပြစ်မဲ့ပြည်သူ ၁ ဦးကို ပစ်ခတ်ခဲ့သည့်ဖြစ်စဉ်တွင် ပါဝင်သော တရားခံ ဝင်းကိုဦး(ခ) သူရလွင်(ခ) ဝေကြီး ပါ ၇ ဦးကို လက်နက်/ခဲယမ်းများဖြင့်လည်းကောင်း။
- အောက်တိုဘာ ၂၀ ရက်တွင် လှိုင်မြို့နယ် သီရိမြိုင်ဘူတာအနီး၌ အပြစ်မဲ့ ပြည်သူတစ်ဦးကို လုပ်ကြံသတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်တွင် ပါဝင်သော လှည်းကူး အကြမ်းဖက် PDF အဖွဲ့မှ တရားခံ ဖွဲ့ဝေယံထွဋ်(ခ) အက်ဒီဆင် ပါ ၁၈ ဦးကို လက်နက်/ ခဲယမ်းများဖြင့် လည်းကောင်း။
- အောက်တိုဘာ ၂၂ ရက်တွင် ဗိုလ်တထောင်မြို့နယ် (၉)ရပ်ကွက် (၄၈)လမ်း အလယ်ဘလောက်ရှိ ကမ္ဘောဇဘဏ်ခွဲကို STF အကြမ်းဖက်အဖွဲ့မှ ဓားပြတိုက်ခဲ့သည့် ဖြစ်စဉ်တွင် ပါဝင်သော တရားခံ ဟန်ဝင်းထွဋ် ပါ ၁၃ ဦးကို လက်နက်/ခဲယမ်းများ၊ ဓားပြတိုက် ယူဆောင်သွားခဲ့သော ငွေများဖြင့်လည်းကောင်း။
- အောက်တိုဘာ ၂၃ ရက်တွင် ကြည့်မြင်တိုင်မြို့နယ် ဗားကရာမီးပွိုင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်ခတ်ခဲ့သည့်ဖြစ်စဉ်တွင် ပါဝင်သော တရားခံ စောဘယ်လ်ဇင်ထူး ပါ ၁၄ ဦးကို လက်နက်/ခဲယမ်းများဖြင့် လည်းကောင်း။
- အောက်တိုဘာ ၂၃ ရက်တွင် အင်းစိန်မြို့နယ်အတွင်း အကြမ်းဖက် ဖောက်ခွဲရေးပြုလုပ်ခဲ့သည့် တရားခံ အောင်ကောင်းစံ ပါ ၁၁ ဦးကို လက်နက်/ ခဲယမ်းများဖြင့်လည်းကောင်း။
- အောက်တိုဘာ ၂၆ ရက်တွင် ပုဇွန်တောင်မြို့နယ်၌ အပြစ်မဲ့ပြည်သူ ၁ ဦးကို သတ်ဖြတ်ခဲ့မှုနှင့် စာသင်ကျောင်းများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် အကြမ်းဖက်ဖောက်ခွဲရေး လုပ်ငန်းများဆောင်ရွက်ခဲ့သူ 44 st UG အကြမ်းဖက်အဖွဲ့မှ တရားခံ မင်းဟိန်းခန့် ပါ ၂၃ ဦးကို လက်နက်/ ခဲယမ်းများဖြင့်လည်းကောင်း။
- နိုဝင်ဘာ ၄ ရက်တွင် မရမ်းကုန်းမြို့နယ်ရှိ Mytel GM ဦးသိန်းအောင်ကို ပစ်ခတ်သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်တွင် ပါဝင်သော SRU အဖွဲ့မှ တရားခံ စစ်ဇော်ကံ (ခ) ဟန်သာထွန်း ပါ ၄ ဦးကို လည်းကောင်း။
- နိုဝင်ဘာ ၇ ရက်တွင် မင်္ဂလာဒုံမြို့နယ် အမှတ် (၃)လမ်းမကြီးဘေးရှိ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးကို လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သည့် ဖြစ်စဉ်တွင် ပါဝင်သော တရားခံ သန်းနိုင်(ခ)ဘဲဥ ပါ ၇ ဦးကို လက်နက်/ခဲယမ်းများဖြင့် လည်းကောင်း။
- နိုဝင်ဘာ ၉ ရက်တွင် လှိုင်မြို့နယ်အတွင်း အကြမ်းဖက်ဖောက်ခွဲရေး လုပ်ငန်းများဆောင်ရွက်ခဲ့သော Octopus (ရေဘဝဲ)အကြမ်းဖက် အဖွဲ့မှ တရားခံ လျှမ်းဆက် (ခ)Steven ပါ ၄ ဦးကို လက်လုပ်မိုင်းများဖြင့်လည်းကောင်း။
- နိုဝင်ဘာ ၁၄ ရက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၅) ရပ်ကွက် ရစဖရုံးအနီး၌ ဖောက်ခွဲမှုပြုလုပ်ခဲ့သော တရားခံ မြတ်သူ (ခ)နတ်ဆိုး ပါ ၁၁ ဦးကို လည်းကောင်း။
- နိုဝင်ဘာ ၁၅ ရက်တွင် သာကေတမြို့နယ်ဘက်ခြမ်းရှိ သန်လျင်တံတား လုံခြုံရေးအဖွဲ့ဝင်များနှင့် ထန်းတပင်မြို့နယ် စစ်ဆေးရေးဂိတ်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုက်ခိုက်ခဲ့သည့် တရားခံ အောင်ကိုဦး နှင့် ရန်နိုင်ထွန်း ပါ ၁၃ ဦးကို လက်နက်/ခဲယမ်းများဖြင့်လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

### ခြိမ်းခြောက်အကျပ်ကိုင်၍ အကြမ်းဖက်မှုများစေခိုင်း

ဖမ်းဆီးရမိတရားခံအချို့၏ ထွက်ဆိုချက်အရ ၎င်းတို့သည် အကြောင်းအမျိုးမျိုးကြောင့် KNU နယ်မြေအတွင်း အကြမ်းဖက်သင်တန်းများ တက်ရောက်ခဲ့ကြသော်လည်း သင်တန်းတွင် နေထိုင်စားသောက်မှု ပင်ပန်းဆင်းရဲခြင်း၊ KNU တပ်ဖွဲ့ဝင်များ၏ လူမျိုးရေးခွဲခြားခြင်း၊ ပြည်သူလူထုမှ အကြမ်းဖက်မှုအား မလိုလားခြင်းတို့ကြောင့် လူငယ်အများစုမှာ အကြမ်းဖက်မှုလုပ်ငန်းများအား ဆောင်ရွက်လိုခြင်း မရှိကြသော်လည်း သင်တန်းတက်ရောက်စဉ်တွင် ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များ ဖြည့်သွင်းခဲ့ရသဖြင့် မိသားစုဝင်များအပေါ် ခြိမ်းခြောက်အကျပ်ကိုင်၍ အကြမ်းဖက်မှုများစေခိုင်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

NUG အကြမ်းဖက်အဖွဲ့၏ စေခိုင်းချက်အရ ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့်ဖြစ်စဉ်တွင် ပါဝင်ကျူးလွန်ခဲ့သော **NLD ပါတီဝင် တရားခံ မောင်ကျော် (ခ) ဖြိုးဇေယျာသော်**

*စာမျက်နှာ ၂၂ သို့*

# ဖားကန့်မြို့နယ် မော်စီစာကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲရှေ့၌ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ ထောင်ထားသည့် လက်လုပ်ရီမုဒ်မိုင်းတစ်လုံး ပေါက်ကွဲမှုဖြစ်ပွား၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် နိုဝင်ဘာ ၂၆

**ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်းလျော့နည်းလာသည့် မြို့နယ်များမှ အခြေခံပညာကျောင်းများအား နိုဝင်ဘာ ၁ ရက်မှစ၍ တည်ငြိမ်အေးချမ်းစွာ တစ်ပြိုင်တည်း ပြန်လည်ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ထိုသို့ ကျောင်းများပြန်လည်ဖွင့်လှစ်၍ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုများအပေါ် CRPH ၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက မနာလိုမရှုဆိတ်သည့်စိတ်ဓာတ်ဖြင့် စာသင်ကျောင်းများ မိုင်းထောင်ဖောက်ခွဲခြင်း၊ မီးရှို့ဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို အသိတရားမဲ့စွာ လုပ်ဆောင်လျက်ရှိသည်။**



ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု မော်စီစာကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ (မော်စီစာ)ရှေ့၌ လက်လုပ်ရီမုဒ်မိုင်း ပေါက်ကွဲခဲ့မှုကြောင့် ဒဏ်ရာရရှိခဲ့သည့်လူနာများ၏ မှတ်တမ်းဓာတ်ပုံ။

ယင်းသို့လုပ်ဆောင်လျက်ရှိရာ ယနေ့နံနက် ၈ နာရီခွဲခန့်တွင်လည်း ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု မော်စီစာကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်းခွဲရှေ့၌ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များထောင်ထားသည့် လက်လုပ်ရီမုဒ်မိုင်းတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်ကိုစိစစ်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် မြို့မရပ်ကွက်ရှိ အခြေခံပညာ အထက်တန်းကျောင်းဝင်းမှ မော်စီစာကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲသို့ ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နွယ် ဦးစီး ဆရာ သုံးဦးနှင့် ဆရာမ ငါးဦးတို့သည် မော်တော်ယာဉ်ဖြင့် သွားရောက်ခဲ့ကြောင်း၊ ၎င်းယာဉ်နောက်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များက မော်တော်ယာဉ်တစ်စီးဖြင့် လုံခြုံရေးလိုက်ပါဆောင်ရွက်ပေးခဲ့ကြောင်း၊ မော်စီစာကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲရှေ့သို့အရောက်၌ လမ်း၏ ညာဘက်ခြမ်းမှ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ ထောင်ထားသည့် လက်လုပ်ရီမုဒ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ပြီး ဆရာ နှစ်ဦး၊ ဆရာမ သုံးဦး၊ အနီးဝန်းကျင်ရှိ ကျောင်းသား တစ်ဦး၊ ကျောင်းသူ တစ်ဦးနှင့် ကျောင်းသားမိဘ တစ်ဦးတို့တွင် မိုင်းစထိမှန် ဒဏ်ရာများ ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

အထက်ပါ ဒဏ်ရာရရှိခဲ့သူများကို ဖားကန့်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိပြီး ဖြစ်စဉ်ဖြစ်ပွားရာ နေရာ တစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများနှင့် ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများကို အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေး၊ ကျောင်းများ လုံခြုံရေးနှင့် ကျောင်းသား ကျောင်းသူများ လုံခြုံရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်သမားများအနေဖြင့် လစ်ဟာမှုရှိသည့်နေရာများကို ယခုကဲ့သို့ မိုင်းထောင် ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိသောကြောင့် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ဝိုင်းဝန်းကာကွယ်တားဆီးရန် လိုအပ်မည်ဖြစ်ပြီး မိမိပတ်ဝန်းကျင်၌ အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုတစ်စုံတစ်ရာတွေ့ရှိပါက လျှို့ဝှက်စွာ ဆက်သွယ်သတင်းပေးပို့ခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြပါရန် မေတ္တာရပ်ခံသတင်းထုတ်ပြန်ထားကြောင်း သိရသည်။ **သတင်းစဉ်**




ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု မော်စီစာကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ (မော်စီစာ) ရှေ့၌ လက်လုပ်ရီမုဒ်မိုင်းပေါက်ကွဲခဲ့သည့် ဖြစ်စဉ်နေရာပြ မှတ်တမ်းဓာတ်ပုံ။



# ရမည်းသင်းမြို့ အောင်မင်္ဂလာရပ်ကွက်ရှိ မြန်မာ့ရှေ့ဆောင်ဘဏ်မှ ငွေကျပ် ၁၀၉၂ သိန်းကို အမျိုးသားနှစ်ဦးက သေနတ်ပြခြိမ်းခြောက်ကာ လုယက်




နေပြည်တော် နိုဝင်ဘာ ၂၆

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ အောင်မင်္ဂလာရပ်ကွက်ရှိ "မြန်မာ့ရှေ့ဆောင်" ဘဏ်မှ ငွေကျပ် ၁၀၉၂ သိန်းအား အမျိုးသားနှစ်ဦးက နိုဝင်ဘာ ၂၆ ရက်တွင် သေနတ်ပြခြိမ်းခြောက်ကာ လုယက်ခဲ့မှုဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယနေ့ မွန်းလွဲပိုင်းတွင် ရမည်းသင်းမြို့ အောင်မင်္ဂလာရပ်ကွက် လမ်းမတော်လမ်းရှိ "မြန်မာ့ရှေ့ဆောင်" ဘဏ်သို့ အမျိုးသားနှစ်ဦး(စိစစ်ဆဲ)က ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာပြီး ဘဏ်ရှေ့ရှိလုံခြုံရေးဝန်ထမ်းနှစ်ဦးအနက် တစ်ဦးကို သေနတ်အတု (စိစစ်ဆဲ) ဖြင့် ထောက်၍ ဓားစာခံအဖြစ် ဘဏ်အတွင်းသို့ခြိမ်းခြောက်ခေါ်ဆောင်သွားသည်။ ကျန်အမျိုးသားတစ်ဦးက ဓားကိုင်၍ ဘဏ်အတွင်းသို့ အနောက်မှလိုက်ပါဝင်ရောက်လာကာ ၎င်းလက်အတွင်းမှ အသင့်ယူဆောင်လာသည့်ဆာလာအိတ်တစ်လုံးအား ဘဏ်ဝန်ထမ်း အမျိုးသမီးတစ်ဦး ထံပေးပြီး ငွေများ ထည့်ခိုင်းသဖြင့် ဘဏ်ဝန်ထမ်းအမျိုးသမီးမှ ဘဏ်ကောင်တာအတွင်းထားရှိသည့် ငွေကျပ် ၁၀၉၂ သိန်းကို ဆာလာအိတ်အတွင်း ထည့်ပေးခဲ့သည်။

ထို့နောက် အဆိုပါ အမျိုးသားနှစ်ဦးသည် ငွေများထည့်ထားသည့် ဆာလာအိတ်ကိုယူဆောင်ကာ ဘဏ်အတွင်းမှ ထွက်လာပြီး ဆိုင်ကယ်ဖြင့် ပျော်ဘွယ်မြို့ဘက်သို့ ထွက်ခွာသွားခဲ့သည်။

ဖြစ်စဉ်တွင် မြန်မာ့ရှေ့ဆောင်ဘဏ်မှ ငွေကျပ် ၁၀၉၂ သိန်းကို လုယက်ယူဆောင်သွားသည့် အမျိုးသားနှစ်ဦးကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော ပိတ်ဆို့စစ်ဆေး ရှာဖွေခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၂၁ မှ*

**အပါအဝင် တရားခံ ကျား ၂၄၇ ဦး၊ မ ၄၆ ဦး၊ ပေါင်း ၂၉၃ ဦးတို့ကို လက်နက်မျိုးစုံ ၁၆၉ လက်၊ လက်လုပ်သေနတ်မျိုးစုံ ၂၃၁ လက်၊ လက်လုပ်စိန်ပြောင်း ၆ လက်၊ ကျည်အိမ်မျိုးစုံ ၃၁၂ ခု၊ ကျည်မျိုးစုံ ၁၈၈၁၀၊ ၄၀ မမဗုံးသီး ၄၃ လုံး၊ မိုင်းမျိုးစုံ ၁၆ လုံး၊ လက်ပစ်ဗုံးမျိုးစုံ ၄၈ လုံး၊ လက်လုပ်မိုင်းမျိုးစုံ ၁၀၉၉ လုံး၊ လက်လုပ်စိန်ပြောင်းဗုံးသီး ၁၇၅ လုံး၊ မီးခိုးဗုံး ၆၁ လုံး၊ ယမ်းစိမ်း ၅ ပိဿာ၊ ယမ်းပြင်း ၂၈ တောင့်၊ ယမ်းပျော့ ၁၁ တောင့်၊ လက်လုပ်ယမ်း ၄၃ ထုပ်၊ ယမ်းကြိုး(၁၀၀ ပေ) ၁ ခွေ၊ ဒီတိုနေတာ ၈၉၆ ချောင်း၊ ဒီတိုနေတာကြိုးခွေ ၄ ခွေ၊ TNT ယမ်းမျိုးစုံ ၁၆၃ တောင့်၊ C4 ယမ်း (၁.၂၅) ပေါင် ၉ တောင့်၊ Transistor ၁၄ ဘူး၊ ကီးပက်ဖုန်း အလုံး ၂၀၊ လမ်းလျှောက်စကားပြောစက် ၁၆ လုံး၊ ဆက်သွယ်ရေးအထိုင် စက် ၅ လုံး၊ မှန်ပြောင်း ၂ ခု၊ ဂြိုဟ်တုဖုန်း ၁၆ လုံး၊ Laptop ၂ လုံး၊ Hard Disk ၁ ခု၊ ATM ကတ်များ၊ နိုင်ငံကူးလက်မှတ်စာအုပ် ၁ အုပ်၊ ရန်ကုန်မြို့အတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေး ပြုလုပ်မည့်စာရင်းများ၊ လုပ်ကြံသတ်ဖြတ်မည့်စာရင်းများ ပြုစုထားသည့် မှတ်တမ်းစာအုပ်များ၊ စိတ်ကြွရူးသွပ်ဆေးပြားများ၊ အခြားဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။**

ထို့ပြင် အကြမ်းဖက်မှုဖြစ်စဉ်တွင် ပါဝင်ခဲ့သော နေအိမ်/ တိုက်ခန်းများအား အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သက်သေခံအဖြစ် ထိန်းသိမ်း၍ တရားရုံးတွင် စစ်ဆေးပေါ်ပေါက်ပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အကြမ်းဖက် PDF အဖွဲ့ဝင်များ နေထိုင်နိုင်ရေးအတွက် ငှားရမ်းပေးသော အိမ်ပိုင်ရှင်များအား တည်ဆဲဥပဒေအရ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှုဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် သက်ဆိုင်ရာက မေတ္တာရပ်ခံထားသည်။

**သတင်းစဉ်**

●*ကျောဖုံးမှ*

မြန်မာ-တရုတ် နယ်စပ်ဂိတ်တစ်ခုဖြစ်သည့် ကျင်စန်းကျော့ဂိတ်ဖွင့်လှစ်မှုနှင့်ပတ်သက်၍ ကုန်သွယ်ရေးဇုန်ညွှန်ကြားရေးမှူး ဦးစိန်ဝင်းက "ကျင်စန်းကျော့ဂိတ်က ၂၀၂၁ခုနှစ် ဇူလိုင်၈ရက်က စပိတ်လိုက်တော့ ပို့ကုန်၊ သွင်းကုန်ကားတွေ အများကြီးကျန်ခဲ့တယ်။ အခု နှစ်နိုင်ငံညှိနှိုင်းပြီး နိုဝင်ဘာ ၂၆ ရက်မှာ ပြန်ဖွင့်ပြီးတော့ ကျွန်တော်တို့ဘက်က ပို့ကုန်ရော သူတို့ဘက်က သွင်းကုန်ရော ကွန်တိန်နာနဲ့ပဲ ဖြတ်သန်းမှာ ဖြစ်တယ်။ ဒီနေ့စဖွင့်တဲ့နေ့မှာ မြန်မာဘက်က ကွန်တိန်နာငါးစီးသွားမယ်။ သူတို့ဘက်က ကွန်တိန်နာ ငါးစီးလာမယ်။ ကျွန်တော်တို့ဘက်က သီဟိုဠ်စေ့ တစ်စီး၊ ရော်ဘာ နှစ်စီး၊ ဆန်ကွဲ နှစ်စီး ဖြစ်ပါတယ်။ သူတို့ဘက်ကတော့ ဆိုင်ကယ်အပိုပစ္စည်းနဲ့ လူသုံးကုန်ပစ္စည်းတွေလို့ သတင်းရရှိပါတယ်။ နောက်ပိုင်းဆိုရင် အစီးရေ ပိုတိုးလာမှာ ဖြစ်ပါတယ်။ နောက်ပိုင်းဆိုရင်တော့ ကိုဗစ်-၁၉ ပိုးသတ်ဆေးဖျန်းတာတို့ ယာဉ်မောင်းလဲလှယ်တာတွေ ချောမွေ့သွားရင် ပိုမြန်လာမှာ ဖြစ်ပါတယ်။ အလားတူပဲ ချင်းရွှေဟော်နယ်စပ်ဂိတ်လည်း ဒီနေ့ဖွင့်ပါတယ်။ ဒီနေ့မြန်မာ-တရုတ် နယ်စပ်စခန်းနှစ်ခုစဖွင့်ပါတယ်" ဟုပြောကြားသည်။

ယခုအချိန်တွင် ကိုဗစ်-၁၉ရောဂါဖြစ်ပွားမှုနှုန်း လျော့နည်းကျဆင်းလာပြီဖြစ်၍ နှစ်နိုင်ငံ ကုန်သွယ်မှုလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန်အတွက် ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သောအဖွဲ့နှင့် တရုတ်နိုင်ငံ ရွှေလီမြို့တော်ဝန် ဦးဆောင်သောအဖွဲ့တို့သည် Online Meeting ဖြင့် ဆွေးနွေးညှိနှိုင်းခဲ့ပြီး သဘောတူညီချက်ရရှိခဲ့၍ နိုဝင်ဘာ ၂၆ ရက်မှစ၍ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်၌ Asia Sun Trading Co.,.ltd မှ ရော်ဘာ တန် ၇၀ ၊ Aung Naing Thitsar Co., Ltd. မှ သီဟိုဠ်စေ့ ၂၆ တန်၊ SNRPD Public Co.,ltd. မှ ဆန်ကွဲ တန် ၇၀ စုစုပေါင်း ပို့ကုန်ယာဉ် ငါးစီးကို ကျင်စန်းကျော့ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံသို့တင်ပို့နိုင်ခဲ့ပြီး သွင်းကုန်အနေဖြင့် KENBO Co.,ltd. မှ ပေ ၄၀ ကုန်သေတ္တာ ငါးလုံးဖြင့် မော်တော်ဆိုင်ကယ် ၂၈၅ စီးနှင့် ဆိုင်ကယ်အပိုပစ္စည်းများ၊ သတ္တုသန့်စင်စက်ရုံ သုံးပစ္စည်းများဖြစ်သည့် Stronium Carbonate၊ Anode Plate၊ Fire Brick For Stove၊ Cabnode Plate များ၊ စက္ကူစက်ရုံသုံး Glue Water တစ်ရှူးစက္ကူ၊ တစ်ခါသုံးပလတ်စတစ်ခွက်၊ တစ်ခါသုံးထမင်းဘူး စုစုပေါင်းသွင်းကုန်ယာဉ် ငါးစီးတို့ကို ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး စည်းကမ်းချက်များနှင့်အညီ တင်သွင်းနိုင်ခဲ့သည်။

ထို့ပြင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှလည်း ယူနန်ပြည်နယ် လင်ချန်းမြို့ ပြည်သူ့အစိုးရ ဒုတိယမြို့တော်ဝန် ဦးဆောင်သောအဖွဲ့နှင့် ချင်းရွှေဟော်စခန်းတာဝန်ခံ ဦးဆောင်သော အဖွဲ့တို့သည် နိုဝင်ဘာ ၂၄ ရက်တွင် အွန်လိုင်းဖြင့် ညှိနှိုင်းဆွေးနွေးပြီး သဘောတူညီချက်အရ နိုဝင်ဘာ ၂၆ ရက်တွင် ချင်းရွှေဟော်စခန်းမှတစ်ဆင့် ရှင်ချမ်လုံထုတ်လုပ်မှု ကုမ္ပဏီလီမိတက်မှ တစ်စီးလျှင် လက်ဖက်ခြောက်ကုန်ကြမ်း ၃ ဒသမ ၉၂၉ တန်တင်ဆောင်သည့် ၁၂ ဘီး ယာဉ်နှစ်စီး စုစုပေါင်း လက်ဖက်ခြောက် တန်ချိန် ၇ ဒသမ ၈၅၈ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့သည်။ တရုတ်ဘက်မှလည်း ဓာတ်မြေသြဇာတစ်စီးနှင့် လူသုံးကုန်ပစ္စည်းတင်ယာဉ်တစ်စီး၊ စုစုပေါင်း နှစ်စီး တင်သွင်းမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများ ၂၀၂၁ ခုနှစ် ဇူလိုင်လမှစ၍ ယာယီရပ်ဆိုင်းခဲ့သော်လည်း နှစ်နိုင်ငံတာဝန်ရှိသူများ ညှိနှိုင်းဆွေးနွေးချက်အရ ပုံမှန်ကုန်သွယ်မှုများ ပြန်လည် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသင်းအဖွဲ့များ၊ ကုမ္ပဏီလုပ်ငန်းရှင်များ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်၊ အယ်လ်စိုး(မူဆယ်)**

## ပလင်းကမ်းသာယာ ဆင်စခန်းရှိဆင်များအား အွန်လိုင်းမှတစ်ဆင့် ဆက်သွယ်၍ ဆင်စာဘူဖေးကျွေးမှု အကြိမ်(၂၇၀)ရှိလာ

**ညောင်ဦး နိုဝင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြင်းခြံ-ပခုက္ကူကားလမ်းမကြီးဘေး အနောက်ပုလင်းကျေးရွာ အနီးရောဝတီမြစ်ကမ်းဘေးတွင် ဖွင့်လှစ်ထားရှိသည့် ပလင်းကမ်းသာယာဆင်စခန်း ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း မြန်မာပြည်အရပ်ရပ်မှ ဆင်ချစ်သူများက အွန်လိုင်းမှတစ်ဆင့် ဆက်သွယ်၍ ဆင်စာဘူဖေး ကျွေးမှုများပြားလာကြောင်း သစ်အုပ်ကြီး ဒေါ်နိုင်းနိုင်းရောထံမှ သိရသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းက ဖွင့်လှစ်ထားရှိသည့် ပလင်းကမ်းသာယာဆင်စခန်းအား ကိုဗစ်-၁၉ ကူးစက်ရောဂါကာလအတွင်း မြန်မာပြည်အရပ်ရပ်ရှိ ဆင်ချစ်သူများက အွန်လိုင်းမှတစ်ဆင့် ဆင်စာဘူဖေးကျွေးမွေးလှူဒါန်းလျက်ရှိရာ ကိုဗစ်-၁၉ ရောဂါကာလအတွင်း ဆင်စာဘူဖေးကျွေးသူများပြားလာကာ အကြိမ် ၂၇၀ ကျော်ထိ ဆင်စာ ဘူဖေးကျွေးမှု များပြားလာပြီး အွန်လိုင်းမှ ကြိုတင် ချိတ်ဆက်မှုများလည်းရှိနေသေးကြောင်း ဆင်စခန်းမှ သစ်အုပ်ကြီးက ဆက်လက်ရှင်းပြသည်။ မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆင်စခန်း ၂၂ ခုထိ ဖွင့်လှစ်ထားရှိပြီး ဆင်စာ ဘူဖေးကျွေးမွေးလှူဒါန်းလိုပါက ဆင်စခန်းအမည်များနှင့် Page များတွင် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း။

ပလင်းကမ်းသာယာ ဆင်စခန်းသို့ မလာရောက်နိုင်ပါက ဆင်စခန်း Page များမှတစ်ဆင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း၊ ဆင်စခန်းတာဝန်ခံ လက်ထောက် မန်နေဂျာ ဖုန်း ၀၉-၇၉၃၈၂၀၅၃၂ သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာနတွင် နည်းပြတာဝန် ထမ်းဆောင်နေသော ဒေါ်ဖြိုးသိင်္ဂီနှင့် မဖြိုးသိင်္ဂီဦး ၁၁/စတန(နိုင်)၁၀၆၂၅၁ကိုင်ဆောင်သူ(ဘ)ဦးလှဘုန်း၏သမီးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်ဖြိုးသိင်္ဂီ(ခ)ဖြိုးသိင်္ဂီဦး**

### ဖခင်အမည်မှန်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့ အထက(၁)သတ္တမတန်း(သင်ရိုးသစ်) B ခန်းမှ မသီတာသဇင်၏ ဖခင်အမည်မှန်မှာ ဦးမြစံ ဖြစ်ပါကြောင်း။

**ဦးမြစံ**

### ဘိုးဘပိုင်အမည်ပြောင်း လျှောက်ထားကြောင်း ကြေညာစာ

သထုံမြို့၊ သိမ်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၇၅)၊ ညောင်ဝိုင်းအကွက်၊ ဦးပိုင်အမှတ်(၆၆)၊ မြေဧရိယာ ၀ဒသမ ၁၂၈ ဧကရှိ မြို့မြေအား အရှေ့ဘက်-ဦးပိုင်အမှတ် (၆၇က)၊ အနောက်ဘက်-ဦးပိုင်အမှတ်(၆၅)၊ တောင်ဘက်-ဦးပိုင်အမှတ်(၆၉ခ)၊ မြောက်ဘက်-ညောင်ဝိုင်းကျောင်းလမ်းရှိမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဒေါ်မိုးမိုးခိုင်မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်နေ့ မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး၊ သထုံမြို့ထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်းလာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ သထုံမြို့**

### အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ

### (တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ -၁၄)

### ရှမ်းပြည်နယ်တရားလွှတ်တော်

### ၂၀၂၀ ပြည့်နှစ် တရားမ ပထမအယူခံမှုအမှတ် – ၆၈

| | | |
|---|---|---|
| ဒေါ်မာလာမျိုးပါ-၄ | နှင့် | အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ် လီမိတက်ပါ-၃ |
| **အယူခံတရားလို** | | **အယူခံတရားပြိုင်** |

၂၀၂၀ ပြည့်နှစ် ဇွန် ၃၀ ရက်စွဲပါ တာချီလိတ်ခရိုင် တရားရုံးတော်မှ တရားမကြီးမှုအမှတ်-၁၃/၂၀၁၉ ကို အယူခံမှု။

အယူခံတရားပြိုင်အမှတ် (၂) (၃) (ယခင်လိပ်စာ) ညောင်ရွှေမြို့၊ နန္ဒဝန် (၁)အကွက် (ယခုလိပ်စာမသိ)နေ ဒေါ်အိအိဖြိုးနှင့် ဦးဝင်းရဲထွန်း သိစေရမည်။

ယခုအမှုတွင် တာချီလိတ်ခရိုင် တရားရုံးတော်ကချပေးသည့် ဒီကရီကို အယူခံတရားလိုက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းသွင်း၍ ထိုအယူခံမှုကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၀ ရက် (၁၃၈၃ ခုနှစ် နတ်တော်လဆန်း ၇ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့၏ရှေ့နေကဖြစ်စေ ဤအယူခံမှုတွင် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်တို့မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်တို့က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ချိန်းဆိုထားသည့်အချိန်အတွင်း သင်တို့က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။ ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်သူအောင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရှမ်းပြည်နယ်တရားလွှတ်တော်**

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ အထက (ရေကျော်) တက္ကသိုလ်ဝင်တန်းမှ မဇူးဇူးအောင်၏ ဖခင်အမည်မှန်မှာ ဦးမိုးဝင်းလှိုင် ၉/ ကပတ(နိုင်) ၁၇၉၉၅၄ ဖြစ်ပါကြောင်း။

**ဦးမိုးဝင်းလှိုင်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

လေးမျက်နှာမြို့နယ်၊ လဟာကြီးကျေးရွာအုပ်စု၊ ရွာသာကုန်းကျေးရွာနေ မောင်ဇော်မင်းသူ၏ ဖခင်ဖြစ်သူ ဦးစိုးလွင်ဦး (ခ) ဦးစောလွင်ဦး ၁၄/လမန(နိုင်)၀၅၃၁၈၇ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစိုးလွင်ဦး(ခ)ဦးစောလွင်ဦး**

### ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8A/6615, Nissan Candar C 87KB, Truck(4x2)ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းမင်းဦး ၁၄/ပသန(နိုင်)၀၈၉၄၅၃ က ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါသဖြင့် အသစ်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး(ပုသိမ်မြို့)**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ပန်းတနော်မြို့၊ အနောက်ပိုင်းရပ်ကွက်၊ အမှတ် -၂၀၊ စိတ္တာသုခလမ်းနေ ဒေါ်မြင့်မြင့်ကြည် ၁၄/ပတန(နိုင်)၀၀၅၁၅၉၏ သားဖြစ်သူ မောင်အောင်ကျော်ခိုင် ၁၄/ပတန(နိုင်)၁၂၃၅၉၄ သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ စိတ်အနှောင့်အယှက်ဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်သည်ဖြစ်ပါ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်မယူပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်ကြည် ၁၄/ပတန(နိုင်)၀၁၅၁၅၉**

### ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်မ ဒေါ်သီတာမိုး ၁၄/ပတန(နိုင်)၀၀၆၇၀၁(ဘ)ဦးလှနှင့် ဦးမြတ်သူရ ၁၄/ပတန(နိုင်)၀၀၀၀၇၀ (ဘ)ဦးသိန်းရွှေ တို့သည် ၂၄-၁-၂၀၂၁ရက်တွင် ပန်းတနော်မြို့၊ အလယ်ပိုင်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝတို့သည် ကျွန်မနှင့် လုံးဝမသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီတာမိုး**
**၁၄/ ပတန(နိုင်)၀၀၆၇၀၁**

### ဒေါ်သင်းသင်းဌေး ၉/ကပတ(နိုင်)၁၄၆၄၁၄နှင့် လင်ခန်းမယားခန်းပြတ်စဲပြီး ဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ၂၉-သုမင်္ဂလာရပ်၊ ရပ်ကွက်ကြီး(၂)နေ ဦးအောင်မျိုးဝင်း၉/ကပတ(နိုင်)၀၀၈၀၆၇၏ လွှဲအပ်ချက်အရ အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မျိုးဝင်းနှင့် ဒေါ်သင်းသင်းဌေးတို့သည် (၂၀၀၂) ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းနေထိုင်ခဲ့ရာ (၁၉)နှစ် အရွယ်သမီး မရွှေယမင်းအိမ်နှင့် (၁၆)နှစ်အရွယ်သား မောင်ဟိဏ်းသုတဇော်တို့ သား သမီး(၂)ဦးထွန်းကားခဲ့ပါသည်။ ဒေါ်သင်းသင်းဌေးမှ ခင်ပွန်းဖြစ်သူနှင့် သားသမီးတို့ကို ထောက်ထားငဲ့ညှာခြင်းမရှိဘဲ ၎င်းတစ်ဦးတစ်ယောက်ထဲသော သဘောဆန္ဒဖြင့် မိသားစုအပေါ် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့သဖြင့် ဦးအောင်မျိုးဝင်းနှင့် ဒေါ်သင်းသင်းဌေးတို့သည် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်းစာချုပ်ဖြင့်(၂၈-၂-၂၀၂၁) ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဒေါ်သင်းသင်းဌေး၏ ဆောင်ရွက်သည့်ကိစ္စအရပ်ရပ်တို့မှာ ကျွန်ုပ်မိတ်ဆွေ ဦးအောင်မျိုးဝင်းတို့ သားအဖ(၃)ဦးနှင့်သက်ဆိုင်ခြင်းအလျှင်းမရှိပါကြောင်း၊ နောက်နောင်အရှုပ်အရှင်း တစ်စုံတစ်ရာ ပေါ်ပေါက်လာပါကလည်း တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-** **ဦးအောင်သီဟ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၈၆)**
**အမှတ်(၂၈)၊ ပိတောက်လမ်း၊ ကွက်ပြင်(၃)မြောက်၊**
**ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၄၃၂၀၁၇၆၁၊ ၀၉-၇၈၄၃၂၀၁၇၆**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၁၁)ရပ်ကွက်၊ မြိုင်လမ်း ၁၇လမ်းနေ ဦးကျော်နိုင်ထွန်း ၈/ပခက(နိုင်) ၀၃၁၂၀၅ နှင့် ဒေါ်နွယ်နွယ်ဝေ ၈/ပခက(နိုင်)၀၂၉၆၇၅ တို့၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးကျော်နိုင်ထွန်း-ဒေါ်နွယ်နွယ်ဝေတို့၏ သားဖြစ်သူ မောင်မင်းသန့်ကျော် ၈/ပခက(နိုင်)၂၇၈၁၆၉သည် မိဘများ၏ ဆိုဆုံးမမှုများကို မနာခံဘဲ မိဘများစိတ်ဆင်းရဲစေသော ကိစ္စရပ်များအား အကြိမ်ကြိမ်အခါခါပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် မောင်မင်းသန့်ကျော်နှင့် ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းမြင့်ဇော် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၇၂၆၅)**
**၁၁လမ်း၊ အမှတ် ၆ရပ်ကွက်၊ ပခုက္ကူမြို့၊ ဖုန်း-၀၉-၇၈၀၄၄၄၂၄၀**

### လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဝန်ကြီးရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ၂၀၂၁-၂၀၂၂ခု (၆လ)ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါလုပ်ငန်း(၁)ခုအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် အမျိုးအစား၊ Specification အတိုင်းတိကျမှန်ကန်စွာ တင်သွင်းနိုင်သော စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်းအမည် | အရေအတွက် |
|---|---|---|
| ၁။ | **ရန်ကုန်၊ မန္တလေး၊ နေပြည်တော်လေဆိပ်များရှိ စက်ပစ္စည်းများအား အစားထိုးလဲလှယ်ခြင်း** | |
| | **(a)Power Edge R740 Server**<br>Chassis with up to 16x2.5"SAS/SATA Hard Deives Intel Xeon Sliver 4180 1.8 G,8C/16T, 9.6 GT/s,11 MCasche, Turbo, HT (85W) DDR4-2400,128 GB(4x32GB RDIMM 2666MT/s 960GB SSDD SAS Mixed use 12Gbps 512e 2.5in Hot-Plug PM5-VDrive, Unconfigured RAID,PERCG H730P RAIDController, 2GB NV Cache Mini Card Broadcom57412 Dual Port 10GbE SFP+&5720 Dual Port1GbEBASE-T rNDC,DVD+/RW, SATA,Int Dual, Hot-Plug, Redundant Power Supply(1+1),750W,ReadyRailsSliding Rails With Cable Managemr=ent ArmTrusted Platform Module 1.2,Operation System, iDRAC9, Enterprise, NoSystems Documentation, No openManage DVD kit. | 3 Nos |
| | **(b)San Storage Device**<br>MSA 2050 SFF Disk Enclosure with 2 x External Mini SAS 1m Cable ALL | 1 Nos |
| | **(c)San Storage Device HDD (DB)**<br>MSA 3.6 TB SAS 12G Enterprise 15K SFF (2.5in)3yrs Wty 512n 6-Pack HDD Bundle | 1 Nos |
| | **(d)San Storage Device HDD (APP)**<br>MSA 2050 1.8 TB 12G SAS 10K SFF (2.5in) 512e Enterprise 3yrs Warranty Hard Drive | 6 Nos |
| | **(e)Memory For (PowerEdge R740 Server)**<br>32GB RDIMM,2666MT/s Dual Rank (1year) | 20 Nos |
| | **(f)Palo Alto PA-220 Firewall** | 4 Nos |
| | **(g)Managed Switch SX 350X-24-K9-EU**<br>10GBASE-CU SFP+Cable 1 Meter | 2 Nos |
| | **(h)Catalyst Switch**<br>WS-C2960-X 24TS-LWS-C2960-X 24 gigE,4x1G FP,LAN BasePower Retainer Clip for3560-C,2960-C and 2960-LSwitches AC Power Cord (UK),C13,BS 1363,2.5mSNTC -8X5XNBD Catalyst 2960-X 24 GigE,4x1GSFP, LAN (1)Year | 4 Nos |
| | **(i)Online UPS For Data Center**<br>5KVA Online UPS 24 Ah Battery (16 Unit @ 1 Set) | 1 Nos |
| | **(j)Kemp Load Master LM-X3**<br>Includes 3.4 Gbps, 1700 SSLTPS (2K keys),8x 1Gb Ports. 3 Years Enterprise Subscription for LoadMaster LM-X3. | 1 Nos |
| | **(k)Desktop Computer**<br>3888 (i7,10th Gen) Desktop 10th Gen intelcore i7-10700 Processor8 GB DDR4 Memory,1TB SATA Harddisk, DVDDeive ,Intel HD Graphic, Windows 10Home Single Language License and Dell Keyboard & Mouse , 22"monitor | 83 Nos |
| | **(l)UPS 1250VA** | 80 Nos |
| | **(m)Webcam with Tripod**<br>HD 1080p video quality at 30 frames per second and 4X digital zoom in full HD,Plug and play USB Connectivity and Multiple mounting options. | 26 Nos |
| | **(n)Visa Printer**<br>(Scan,Printer,Copy ,Memory SD Card, Memory Stick) | 18 Nos |
| | **(o)Passport Reader**<br>MK2 Full Page Passport/ID reader for Kiosk-UV RFID USB 2.0 & external power | 25 Nos |
| | **(p)USB Fingerprint Scanner** | 34 Nos |
| | **(q)Fingerprint ZF1+ Smart Reader** | 11 Nos |
| | **(r)2D Barcode Scanner** | 58 Nos |
| | **(s)42 U Rack**<br>19" EQUIPMENT SERVER RACK 42 U (800mmx1000mm) | 2 Nos |
| | **(t)Transceiver module**<br>1000BASE-LX/LH SFP MMF/SMF, 1310nm,DOM | 16 Nos |

၂။ တင်ဒါလျှောက်လွှာများနှင့်ပတ်သက်၍ အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်ပါမည်-

| | | |
|---|---|---|
| (က) တင်ဒါပုံစံရောင်းချမည့် ရက်၊ အချိန် | - | (၂၆-၁၁-၂၀၂၁)ရက်မှ(၂၅-၁၂-၂၀၂၁)ရက်၊ (၀၉:၃၀)နာရီမှ (၁၆:၃၀)နာရီအထိ |
| (ခ) တင်ဒါတင်သွင်းရမည့် ရက်၊ အချိန် | - | (၃-၁၂-၂၀၂၁)ရက်မှ(၂၅-၁၂-၂၀၂၁)ရက်၊ (၀၉:၃၀)နာရီမှ (၁၆:၃၀)နာရီအထိ |
| (ဂ) တင်ဒါတင်သွင်းရန်နေရာ | - | ရုံးအမှတ်(၄၈)၊ နေပြည်တော် |
| (ဃ) တင်ဒါဖွင့်ဖောက်မည့် ရက်၊ အချိန် | - | (၂၇-၁၂-၂၀၂၁)ရက်နေ့(၁၀:၀၀)နာရီ |

၃။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီးရုံး၊ အုပ်ချုပ်ရေး၊ လူ့အရင်းအမြစ်နှင့်နည်းပညာဌာနတွင် လျှောက်လွှာတစ်စောင်လျှင်(၁၀၀၀၀) ကျပ်နှုန်းဖြင့် ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိလိုပါက ဖုန်း - ၀၆၇-၄၃၁၃၅၀ ၊ ၀၆၇-၄၃၁၃၅၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၉၁၆၇၁ M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိအိချော ၁၀/မဒန(နိုင်)၁၀၂၀၈၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကော့ကရိတ်)**

### သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အသိပေးကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ရှမ်းရွာကြီးကျေးရွာ၊ ဘုရားပိုင်းနေ ဦးတူး ၇/ပခန(နိုင်)၀၁၆၄၂၃၏ သမီး မမေဦးလွင် ၇/ပခန(နိုင်)၄၂၄၀၈၃ သည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ ၎င်း၏သဘောဆန္ဒအလျောက် မိဘနေအိမ်မှ ထွက်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့် ပတ်သက်သည့် ကိစ္စရပ်များအား မိသားစုနှင့် လုံးဝ မသက်ဆိုင်ပါကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဖခင်- ဦးတူး**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၄ ခန်း | ၁၉၆ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၄ ခန်း | ၄၄၁ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၂ တိုင် | ၃၈ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၂၉ တိုင် | ၁၅၁ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၅၁ ခု | ၆၀၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား တစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၆ ကျင်း | ၂၁၁၃. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၀ ကျင်း | ၂၀၈. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၉ ကျင်း | ၅၉၀၁. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၃၅ ကျင်း | ၁၇၀၁. ၀၈ ကျင်း |
| ၁၄။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၂၆ တိုင် | ၆၄ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၅။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
# လျှောက်လွှာခေါ်ယူခြင်း
# ကြော်ငြာစာအမှတ်( ၁/၂၀၂၁)
# ၁၃၈၃ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်
# ( ၂၀၂၁ ခုနှစ် ၊ နိုဝင်ဘာလ ၂၆ ရက် )

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့်ကွပ်ကဲရေး ဦးစီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းနှင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတို့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ လစာနှုန်း(၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)တန်းရာထူးနေရာ (၅၅၂)နေရာများအတွက် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) ဒု-ဦးစီးမှူး / အငယ်တန်းအင်ဂျင်နီယာ(၂)
(စက်/လျှပ်) (စက်/လျှပ်)

| | |
|---|---|
| A.G.T.I(EP) | ကျား-၃၂၀ ဦး/ မ-၈၉ ဦး |
| A.G.T.I(EC) | ကျား- ၅၂ ဦး/ မ-၂၅ ဦး |
| A.G.T.I(IT) | ကျား-၆ ဦး/ မ-၂ ဦး |
| A.G.T.I(MP/MC/MT) | ကျား-၁၀ ဦး/ မ-၂ ဦး |

(ခ) ဒု-ဦးစီးမှူး / အငယ်တန်းအင်ဂျင်နီယာ(၂)
(မြို့ပြ) (မြို့ပြ)

| | |
|---|---|
| A.G.T.I(Civil) | ကျား-၁၅ ဦး/ မ-၆ ဦး |

(ဂ) လျှပ်စစ်ကျွမ်းကျင်(၂)

| | |
|---|---|
| A.G.T.I(EP/EC) | ကျား-၁၇ ဦး/ မ-၈ ဦး |

(အနိမ့်ဆုံးပညာအရည်အချင်းသတ်မှတ်ချက် AGTI ဟူသောစကားရပ်တွင် AGTI, EGTI, ETEC, Dip in Technology စသည့် AGTI ဘွဲ့လက်မှတ်နှင့် အလားတူ အရည်အချင်းတူညီသည်ဟု ပညာရေးဝန်ကြီးဌာနမှ အတည်ပြုသတ်မှတ်ထားသည့် ဘွဲ့/ဒီပလိုမာများ ပါဝင်ပါသည်။)

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ( ၁.၁၂.၂၀၂၁ )ရက်နေ့တွင် အသက်( ၃၅ )နှစ် (ဝန်ထမ်းဖြစ်ပါက (၄၀)နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါ ပြည့်စုံသန်စွမ်းသူဖြစ်ရမည်။
(ဃ) မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတစ်ခုခုတွင် မှတ်ပုံတင်ထားသူဖြစ်ရမည်။
(င) နေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(စ) ဒု-ဦးစီးမှူး(စက်/လျှပ်)/ အငယ်တန်းအင်ဂျင်နီယာ( ၂ )/ လျှပ်စစ်ကျွမ်းကျင်-၂တို့အနက် မည်သည့်ရာထူးတွင်မဆို တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်ထားလိုသူများသည် စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဌာန၏ Website ဖြစ်သည့် http://www.moee.gov.mm တွင် အခမဲ့download ရယူနိုင်ပြီး စာမေးပွဲဝင်ကြေး ငွေကျပ်၅၀၀၀/ (ကျပ်ငါးထောင်တိတိ)ကို နေပြည်တော်စာစစ်ဌာန တွင် ဖြေဆိုလိုသူများအနေဖြင့် နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်ရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ ငွေစာရင်းအမှတ်(SEE-10316)၊ ရန်ကုန် စာစစ်ဌာနတွင် ဖြေဆိုလိုသူများအနေဖြင့် ရန်ကုန်မြို့ မြန်မာ့စီးပွားရေးဘဏ်(၃)ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ ငွေစာရင်းအမှတ် (CE.000958)၊ မန္တလေးစာစစ်ဌာနတွင် ဖြေဆိုလိုသူများအနေဖြင့် မန္တလေးမြို့၊ မြန်မာ့စီးပွားရေးဘဏ်(၁)ရှိ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပို ရေးရှင်း၏ ငွေစာရင်းအမှတ်(CF.001781)၊ မကွေးစာစစ်ဌာနတွင် ဖြေဆိုလိုသူများအနေဖြင့် မကွေးမြို့၊ မြန်မာ့စီးပွားရေးဘဏ်ရှိ မကွေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၏ ငွေစာရင်းအမှတ်(SEE.10766)၊ မော်လမြိုင်စာစစ်ဌာနတွင် ဖြေဆိုလိုသူများအနေဖြင့် မော်လမြိုင်မြို့၊ မြန်မာ့စီးပွားရေးဘဏ်ရှိ မွန်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၏ ငွေစာရင်းအမှတ်(SEE.10918)များသို့ ပေးသွင်းရမည်ဖြစ်ပါသည်။

၄။ ရေးဖြေစာမေးပွဲကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေးနှင့်မော်လမြိုင်မြို့များတွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး၊ လျှောက်လွှာများကို နေပြည်တော်စာစစ်ဌာနအတွက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း(နေပြည်တော်)၊ ရန်ကုန်စာစစ်ဌာနအတွက် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း (ရန်ကုန်မြို့)၊ မန္တလေးစာစစ်ဌာနအတွက် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း(မန္တလေးမြို့)၊ မကွေးစာစစ်ဌာနအတွက် မကွေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး (မကွေးမြို့ )နှင့် မော်လမြိုင်စာစစ်ဌာနအတွက် မွန်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး (မော်လမြိုင်) သို့ လိပ်မူပြီး(၁.၁၂.၂၀၂၁)ရက်နေ့မှစ၍ စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာများ စတင်လက်ခံမည်ဖြစ်ပြီး (၂၀.၁၂.၂၀၂၁)ရက်နေ့အရောက် နောက်ဆုံးထား၍ပေးပို့ လျှောက်ထားရမည်ဖြစ်သည်။

၅။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက်မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့်ဌာန၊ ထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ခွင့်ပြုချက်ရယူ၍ မိမိတို့ဖြေဆိုလိုသည့် စာစစ်ဌာနများသို့ ပေးပို့ရမည်ဖြစ်ပြီး လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၇။ ရေးဖြေစာမေးပွဲတွင် အင်္ဂလိပ်စာဘာသာရပ်နှင့် အင်ဂျင်နီယာအခြေခံဘာသာရပ်တို့ကို ဖြေဆိုရမည်ဖြစ်ပါသည်။ စာစစ်ဌာနအလိုက်ခုံနံပါတ်နှင့် ရေးဖြေစာမေးပွဲဖြေဆိုခွင့်ကတ်ပြား ထုတ်ပေး မည့် နေ့ရက်/ အချိန်/ နေရာနှင့် ရေးဖြေစာမေးပွဲအောင်မြင်သူများအား နိုင်ငံပိုင်သတင်းစာများနှင့် ဝန်ကြီးဌာန Website www.moee.gov.mm တွင် ကြေညာပေးမည်ဖြစ်ပါသည်။

၈။ ရေးဖြေစာမေးပွဲအောင်မြင်သူများအား နေပြည်တော် / ရန်ကုန် / မန္တလေး/ မကွေး / မော်လမြိုင်စာစစ်ဌာနတို့တွင် လူတွေ့စစ်ဆေးမှုပြုလုပ်မည်ဖြစ်ပြီး လူတွေ့စစ်ဆေးမှုပြုလုပ်မည့် နေ့ရက်/ အချိန်/နေရာ များကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန Website www.moee.gov.mm နှင့် နေ့စဉ်ထုတ် နိုင်ငံပိုင်သတင်းစာများတွင်ထပ်မံကြေညာပါမည်။

၉။ လူတွေ့အောင်မြင်ပြီးရွေးချယ်ခြင်းခံရသူများ အမည်စာရင်းကို နေ့စဉ်ထုတ်နိုင်ငံပိုင် သတင်းစာများနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန Website www.moee.gov.mm တို့တွင် ထပ်မံကြေညာပါမည်။

၁၀။ ရွေးချယ်ခြင်းခံရသူများသည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် အနည်းဆုံး(၅)နှစ် တစ်ဆက်တည်းတာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိစာချုပ်ချုပ်ဆိုရမည်ဖြစ်ပြီး စာချုပ်စည်းမျဉ်းစည်းကမ်း ဖောက်ဖျက်ပါက ငွေကျပ် ၁,၀၀၀,၀၀၀/(ကျပ်တစ်ဆယ်သိန်းတိတိ)ကို ပေးလျော် ရမည် ဖြစ်ပါသည်။

၁၁။ အသေးစိတ်သိရှိလိုပါက လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း(ဖုန်း၊ ၀၆၇-၈၁၀၄၂၂၁၊ ၀၆၇-၈၁၀၄၂၁၉ )၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း( ဖုန်း၊၀၁-၂၃၁၄၆၄၂ )၊ မန္တလေးလျှပ်စစ် ဓာတ်အားပေးရေးကော်ပိုရေးရှင်း ( ဖုန်း၊၀၂-၄၀၇၃၅၁၇ )တို့သို့ ဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## " အမှတ်တံဆိပ်အသိပေးကြေညာခြင်း "

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောအလယ်ရပ်ကွက်၊ ပုသိမ်လမ်း၊ အမှတ်(၅၃)နေဦးဝင်းမင်းထွန်း (၁၂/ကမတ(နိုင်)၀၁၁၉၆၉)သည် အောက်တွင် ဖော်ပြထားသည့် အမှတ်တံဆိပ်မူပိုင်ရှင်ဖြစ်ပါသည် -

မှတ်ပုံတင်စာချုပ်အမှတ်( ၄/၃၉၂၆/၂၀၂၁) နေ့စွဲ - ၂. ၁၁ . ၂၀၂၁

အထက်ဖော်ပြပါအမှတ်တံဆိပ်ဖြင့် ကော်ဖီဆိုင်များ၊ စားသောက်ဆိုင်များနှင့် စားသောက်ကုန်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို မြန်မာနိုင်ငံတစ်ဝှမ်းလုံး၌လုပ်ကိုင်၊ ထုပ်လုပ်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို ဆင်တူယိုးမှားတုပကူးယူ သုံးစွဲခြင်းမပြုလုပ်ပါရန် အသိပေးတားမြစ်လိုက်ပါသည်။ တုပကူးယူစွဲခြင်းများတွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်ပြည့်ဖြိုးလွှင်(LL.B,D.B.L,D.I.L,D.M.L) ဒေါ်သင်းစုလှိုင်**

တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၂၀၅/၂၀၁၈) အထက်တန်းရှေ့နေ(စဉ်-၅၄၃၉၂/၂၀၂၀)

**Pyi Thu Yadanar Law Firm Co.,Ltd**

အမှတ်(၇၀)၊ အောင်သိဒ္ဓိလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၀၉ ၇၇၇၇ ၅၆၇ ၄၂ ၊ ၀၉ - ၄၄ ၆၆၆၆ ၂၇၆

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀)
## လက်ပံတန်းမြို့နယ်တရားရုံး၌
## ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် -၉၄

| | | |
|---|---|---|
| ဦးမင်းဆွေ | နှင့် | (၁)ဦးအေးလွင် |
| | | (၂) ဒေါ်ဝါဝါလွင် |
| (တရားလို) | | (တရားပြိုင်များ) |

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ မှော်အင်းကျေးရွာအုပ်စု၊ လွှစင်ကုန်းကျေးရွာနေ တရားပြိုင် ဦးအေးလွင် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ် ၃၇၀၀၀၀၀/- (ကျပ်သုံးဆယ့်ခုနစ်သိန်းတိတိ) ရလိုမှု လျှောက်ထားစွဲ ဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ် တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆို နိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၉ရက်(၁၃၈၃ ခုနှစ် နတ်တော်လဆန်း ၆ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါရှိသူ တရားလိုစွပ်စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင်သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရ မည်။

၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စုမြတ်နိုးခင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**လက်ပံတန်းမြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်၊ အထက(၁၁) တက္ကသိုလ်ဝင်တန်း(က)မှ မဆုပြည့်ပြည့်ဝင်းနှင့် အဋ္ဌမတန်း(ခ)မှ မောင်ပိုင်ပြည့်စုံဝင်းတို့၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်ဝင်းချစ်ဆွေ ၁၂/သကတ(နိုင်)၁၆၈၇၆၄ ဖြစ်ပါကြောင်း။

**ဦးကျော်ကျော်ဝင်းချစ်ဆွေ**

## ဖောင်းကြွပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀/၈၁၈၉ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)၊**
**ပြည်မြို့**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ F.M.I City၊ ပိတောက်ရွှေဝါလမ်း၊ အမှတ် C/49ဟုခေါ်တွင် သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ကျွန်ုပ်၏အမှုသည်ဒေါ်မီမီဆွေ ၁၄/မမန(နိုင်)၁၅၄၀၁၈ သိရှိခြင်းမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်းမပြုလုပ်ရန် အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်မီမီဆွေ** | **ဦးဝေယံဦး (LL.B), WIPO (Switzerland)** |
| **၁၄/မမန(နိုင်)၁၅၄၀၁၈** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၁၃၆)** |

**အမှတ် ၄၆၊ (ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၁၁၅၇၂၊ ၀၉- ၇၉၁၆၆၂၇၅၅**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

သံတောင်ကြီးမြို့နယ်၊ သံတောင်မြို့၊ အမှတ် (၄)ရပ်ကွက်၊ အကွက်အမှတ်(၉)၊ သစ်တောရုံး အကွက်၊ ဦးပိုင် အမှတ် (၆၄)၊ မြေဧရိယာ ၀ဒသမ၂၇၃ဧကရှိ မြေနေရာသည် ၅-၁၁-၁၉၉၇ ရက်မှ ၄-၁၁-၂၀၀၇ ရက်အထိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးအမည်အဖြစ် (၁၀)နှစ် မြေငှားဂရန်ရရှိထားပြီး အဆိုပါ(၁၀)နှစ်မြေငှားဂရန်စာချုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန် မိတ္တူမှန်ထုတ်ပေးနိုင်ပါရန် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက် ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်နော်လော်မူမှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ၊ စာရွက်စာတမ်းအထောက်အထားများ ခိုင်လုံစွာ တင်ပြ၍ ဘားအံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ တစ်လအတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**ကော်လိတ္တော်အရာရှိ**
**ဘားအံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကရင်ပြည်နယ်၊ ဘားအံမြို့**

## တံဆိပ်အမည်အမှတ်အသားအား
## မှတ်ပုံတင်သွင်းလျှောက်ထား ဆောင်ရွက်သွားမည်ဖြစ်ပါ၍
## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၃)၊ မန္တလေး-လားရှိုးလမ်း၊ ဆိုင်အမှတ် (၄၃/က-ခ)ရှိ ဦးမျိုးသိန်းမှ Diamond Bakery (စိန်ကိတ်မုန့်တိုက်)တံဆိပ်အမည် အမှတ်အသားဖြင့် ကိတ်၊ ပေါင်မုန့်၊ ကူးလီးစ်၊ မုန့်ကြွပ်နှင့် မလိုင်မုန့်မျိုးစုံတို့ကို ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိပြီး အဆိုပါတံဆိပ်အမည် အမှတ်အသားအား ပြင်ဦးလွင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်း လျှောက်ထားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးမျိုးသိန်း ၉/မမန(နိုင်)၀၂၈၄၄၄**
**အိမ်အမှတ် (၂၇/က-၁)၊ စန္ဒာလမ်း၊ ရပ်ကွက်ကြီး (၅)၊ ပြင်ဦးလွင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ
## လျှောက်ထားခြင်း

ယာဉ်အမှတ် 2C/3056, Suzuki Carry (DA 2/T), P/U (4x2) (L) ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သိန်း ၈/ရနခ(နိုင်)၀၄၂၆၄၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် 3F/2718 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ပြည်နယ်ရုံး(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ
## လျှောက်ထားခြင်း

ယာဉ်အမှတ် 9I/2270, Foton, Light Truck(4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချိုမာလွင် ၁၄/ကလန(နိုင်)၀၈၈၂၉၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းရုံးခွဲ(ရွာသာကြီး) ရန်ကုန်မြို့**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ဇေယျဝတီ အထက(၂) ဒသမတန်းမှ မောင်ကျန်ဒါရ်၊ နဝမတန်းမှ မောင်ကူနံဒန်းနှင့် မောင်အဂျေး၊ သတ္တမတန်းမှ မစိုနာမိုသီးတို့၏ ဖခင်အမည်မှန်မှာ ဦးဘီဒယာဆာဂါရ် ၇/ဖမန(နိုင်) ၀၈၇၃၇၁ ဖြစ်ပါကြောင်း။

**ဦးဘီဒယာဆာဂါရ်**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဝရဇာ (၇)လမ်း၊ အမှတ် (၆၉၄-က)ဟုခေါ်တွင်သည့် အကျယ် အဝန်း ပေ (၂၀x၅၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးရောင်စိန် အမည်ပေါက်ပိုင်ဆိုင်ကြောင်း စာချုပ်ဖြင့် (၁)ဦးသန်းဇော် ၁၂/ဥကတ(နိုင်) ၁၄၄၇၆၉၊ (၂) ဒေါ်သီတာ ၁၂/ဥကတ(နိုင်)၁၃၁၃၆၆တို့မှ ဝယ်ယူပိုင်ဆိုင်လက်ဝယ် ထားရှိသူများဖြစ်ကြသည့် ၎င်းတို့ထံမှ ကျွန်ုပ် ဦးသီဟစောသိုက် ၇/ပခန(နိုင်)၃၂၉၂၀၇က ဝယ်ယူမည်ဖြစ်ပါ၍ တန်ဖိုးငွေ တစ်စိတ်တစ် ဒေသပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်း မူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသီဟစောသိုက် ၇/ပခန(နိုင်)၃၂၉၂၀၇**
**အမှတ် (၅၈၉)၊ ဝရဇာ (၄)လမ်းအောက်၊**
**(၁၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၉၇၆၁၀၈၈၈၄**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ ဇေယျဝတီ (ဗဟို)လမ်း၊ အမှတ်-၃၃ မြေကွက်ပေါ်ရှိ Hall တိုက်၊ ကွန်ဒိုတိုက်ခန်း၊ (၅)လွှာ၊ အကျယ် အဝန်း(၂၃'x၄၈')ရှိ ကွန်ဒိုတိုက်ခန်းအား(ပိုင်ဆောက်လုပ်ရေး) ကန်ထရိုက်တာ ဒေါ်ခင်သန်းနွဲ့ ၁၂/မရက(နိုင်)၀၁၈၅၇၇ က တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်မိတ်ဆွေ ဦးခင်မောင်မြင့် ၁၂/ဒဂတ(နိုင်)၀၄၃၂၈၅မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက် အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ထက်မြတ်စိုး LL.B** | **ဦးအဏ္ဏဝါစိုး LL.B** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၃၀၇)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၂၄၇)** |

**ရုံးခန်းအမှတ်-၃၊ သုမနလမ်းမကြီး၊ သာကေတမြို့နယ်ဥပဒေရုံးရှေ့၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၂၄၀၄၄၈၉**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်း
## အသိပေးကြေညာခြင်း

မြစ်ကြီးနားခရိုင်၊ ဝိုင်းမော်မြို့၊ အမှတ် (၂)ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၉/ကချင်စုအရှေ့)၊ ဦးပိုင်အမှတ် (၅၇)၊ မြေ ဧရိယာ ၀ဒသမ၁၅၅ဧကရှိ မြေကွက်ကို မူလက ဦးကျန်းလုတ်မှ (၁၀)နှစ်မြေငှားဂရန် အမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီး ၉-၃-၂၀၂၀ရက်တွင် ဒေါ်ဆိုင်းခေါန်က ဦးကျန်းလုတ်ထံမှ အိမ်ခြံမြေနှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆိုကာ ဝယ်ယူထားသောမြေကွက်ဖြစ်ပြီး လျှောက်ထားမြေကွက်နှင့်ပတ်သက်၍ ဒေါ်ဆိုင်းခေါန်က ဝိုင်းမော်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ဌာန၏ ၃-၇-၂၀၂၀ ရက်စွဲပါ မှတ်ပုံတင်အမှတ် (၂၀/၂၀၂၀)ဖြင့် တင်ပြထားပါသဖြင့် ဒေါ်ဆိုင်းခေါန် ၁/မကန(နိုင်)၀၁၄၇၁၈ အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း) ထုတ်ပေးနိုင်ရေး လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခု မြေငှားဂရန်(အမည်ပြောင်း)ထုတ်ပေးရန် လျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်(အမည်ပြောင်း)ထုတ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဝိုင်းမော်မြို့**

## မွေးသက္ကရာဇ်အမှန်

မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်နေ ဦးဇော်မိုးထက်၏သား မောင်စွမ်းပြည့်စုံ၏မွေးသက္ကရာဇ်အမှန်မှာ ၁၃-၉-၂၀၀၅ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရှမ်းပြည်နယ်တောင်ပိုင်း၊ လင်းခေးခရိုင်၊ အထက (လင်းခေး)ကျောင်းမှ ကျောင်းဝင်အမှတ် ၁၀၃၀၄ မယွန်းပြည့်ပြည့်အောင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်စိုး ၁၃/နစန(နိုင်)၀၂၈၂၉၁ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ
## လျှောက်ထားခြင်း

ယာဉ်အမှတ် CC/8047, Nissan AD xy,2 S/W(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင် ၁၂/ဥကတ(နိုင်)၁၄၅၁၇၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## သမီးအဖြစ်မှအမွေပြတ်
## စွန့်လွှတ်ခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့၊ မြို့မရပ်ကွက်နေ ဒေါ်စန်းစန်းအေး၏ သမီး မခြူးကေဇင်အောင်(ခ) မီးကေ ၆/ သရခ(နိုင်)၁၀၀၆၄၈ သည် မိခင်၏ ဆိုဆုံးမခြင်းကို မလိုက်နာဘဲ နေအိမ်မှ ၄-၃-၂၀၂၁ရက်တွင် အပြီးဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်ယူမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**မိခင်- ဒေါ်စန်းစန်းအေး**
**၆/ သရခ(နိုင်)၀၀၂၄၁၂**

## သားအဖြစ်မှ အမွေပြတ်
## စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊တောင်သာမြို့နယ်၊ တစ်မိုက်သာကျေးရွာ၊ အောင်သုခရပ်ကွက်နေ ဦးသန်းမြင့် ၉/တသန(နိုင်) ၀၅၆၆၉၆၊ ဒေါ်သန်းနွဲ့ ၉/တသန(နိုင်)၀၅၆၆၉၇ တို့၏ သားဖြစ်သူ မောင်စိုးမိုးလှိုင်(ခ) ဂေါင်းကြီး(ခ)စိုးပေ ၉/တသန(နိုင်) ၁၇၈၂၉၅သည် မိဘများဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးသန်းမြင့်၊ ဒေါ်သန်းနွဲ့**

## ကန့်ကွက်နိုင်ကြောင်း
## ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ရန်ပြေ၊ မြေကွက်အမှတ် ၁၁၅/က၊ မြေဧရိယာ (၂၀'x ၆၀')၊ မြေကွက်တည်နေရာအမှတ် ၁၁၅/က၊ ရန်ပြေ ၉လမ်း၊ (၃/ရန်ပြေ)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးအောင်သိန်း ၁၂/ပဇတ(နိုင်)၀၁၄၉၅၉ ၊ ဒေါ်စန်းစန်းမြင့် ၁၂/သကတ(နိုင်)၀၂၅၇၉၆၊ ဦးအောင်မြင့် ၁၂/သကတ(နိုင်)၀၈၄၀၉၆ ၊ ဒေါ်လှမျိုးနွယ်၁၂/သကတ(နိုင်)၁၀၂၂၀၃၊ ဦးအောင်မိုး ၁၂/သကတ(နိုင်)၀၆၀၀၀၀ အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား တရားလို ဦးပေါင်လျှင်ထန်မှ တရားပြိုင် ဦးအောင်သိန်း၊ ဒေါ်စန်းစန်းမြင့်၊ ဦးအောင်မြင့်၊ ဒေါ်လှမျိုးနွယ်၊ ဦးအောင်မိုးတို့အပေါ် သာကေတမြို့နယ်တရားရုံး ၂၀၂၁ ခုနှစ်၊ တရားမကြီးမှု အမှတ် ၅ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု စွဲဆိုရာ အနိုင်ဒီကရီရရှိသဖြင့် ၁၂-၅-၂၀၂၁ ရက်စွဲပါ အနိုင်ဒီကရီတာဝန်ခံ မိတ္တူမှန်၊ သာကေတမြို့နယ် တရားရုံး၊ ၂၀၂၁ခုနှစ် တရားမဇာရီမှု အမှတ် ၉၏ ၉-၆-၂၀၂၁ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်း တာဝန်ခံ မိတ္တူမှန်၊ သာကေတမြို့နယ် တရားရုံး၏ ၂၁-၆-၂၀၂၁ရက်စွဲပါ စာအမှတ် ၃၁၈/ဇာရီ-၉/၂၀၂၁ ဘီလစ်ခန့်စာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်းတို့တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ်ဒေါ်မိုးပပမျိုး ၁၂/ဥကတ(နိုင်)၁၄၈၈၅၇ မှ အရောင်းအဝယ်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ကန့်ကွက်ရန်ရှိပါက တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာ ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

# လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အိတ်ဖွင့်စုပေါင်းတင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနရှိ ဦးစီးဌာန/လုပ်ငန်း/ကော်ပိုရေးရှင်းအသီးသီးအတွက် အောက်ဖော်ပြပါရုံးသုံး စက်ကိရိယာ၊ ရုံးသုံးပရိဘောဂနှင့် ရုံးသုံးအခြားပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | အကြောင်းအရာ |
|---|---|---|
| က | 1(T)/MOEE/21-22(MINI) | ERP Electricity and Energy Data base management system Phase-3 ဝယ်ယူရန်။ DDP(At Site)Kyat |
| ခ | 2(T)/MOEE/21-22(MINI) | Software Extension, SSI, Support Upgrading and Security Monitoring ဝယ်ယူရန်။ DDP(At Site)Kyat |
| ဂ | 3(T)/MOEE/21-22(MINI) | Video Conferencing System(Phase-3)& Trueconf Server Software for HA Purpose များဝယ်ယူရန်။ DDP(At Site)Kyat |
| ဃ | 4(T)/MOEE/21-22(MINI) | Data Leakage Protection System များဝယ်ယူရန်။ DDP(At Site)Kyat |
| င | 5(T)/MOEE/21-22(MINI) | Desktop Computer, Laptop Computer များဝယ်ယူရန်။ DDP(At Site)Kyat |
| စ | 6(T)/MOEE/21-22(MINI) | Copier, Printer များဝယ်ယူရန်။ DDP(At Site)Kyat |
| ဆ | 7(T)/MOEE/21-22(MINI) | Table, ကွန်ပျူတာတင်စင်, Chair, File Rack, File Shelf, Steel File Cabinet, Safe, သံမဏိဘီဒိုများ ဝယ်ယူရန်။ DDP(At Site)Kyat |
| ဇ | 8(T)/MOEE/21-22(MINI) | CCTV, Video Conferencing System, Projector with Motorized & Tripod Screen များဝယ်ယူရန်။ DDP(At Site)Kyat |
| ဈ | 9(T)/MOEE/21-22(MINI) | Air Conditioner များဝယ်ယူရန်။ DDP(At Site)Kyat |

၂။ အိတ်ဖွင့်တင်ဒါများအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် ၂၈-၁၂-၂၀၂၁ ရက် ၁၀:၀၀ နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်)လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီ(၁)ခုလျှင် ကိုယ်စားလှယ်(၁)ဦးသာ Covid-19 ရောဂါဆိုင်ရာ အကာအကွယ်(Mask နှင့် Face Shield)များ ဝတ်ဆင်၍ လာရောက်ဝယ်ယူရန် မေတ္တာရပ်ခံအပ်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web-Portal (www.moee.gov.mm)တွင် လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန၊ မွန်ပြည်နယ် (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မွန်ပြည်နယ်၊ စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၂၁-၂၀၂၂ မီနီဘတ်ဂျက် ပြည်ထောင်စုရန်ပုံငွေ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ကျိုက်ထိုမြို့၊ နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(စိန်ကလဲ့)တွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် (၃၃)ကေဗွီ ဓာတ်အားလိုင်း (၇၄၀၀)ပေ တည်ဆောက်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်ကြော်ငြာအပ်ပါသည်-

(က) **တင်ဒါစတင်ဝယ်ယူနိုင်သည့် နေရာ/ရက်** - စိုက်ပျိုးရေးဦးစီးဌာန၊ မွန်ပြည်နယ် ၂၇-၁၁-၂၀၂၁ ရက်(ရုံးချိန်အတွင်း)

(ခ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၆-၁၂-၂၀၂၁ ရက် (၁၆:၀၀)နာရီ

၂။ အသေးစိတ်အချက်အလက်များကို ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန(မွန်) ဖုန်း-၀၉-၄၂၅၂၈၁၁၃၁၊ ၀၅၇-၂၂၉၈၀ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပြီး လူကိုယ်တိုင် လာ ရောက်တင်သွင်းရန်ဖြစ်ပါသည်။

**တင်ဒါကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လှိုင်မြစ်-လှော်ကား ရေအားဖြည့်စီမံကိန်းလျှပ်စစ်ဓာတ်အားရရှိရေးအတွက်(၃၃)ကေဗွီဓာတ်အားခွဲရုံ(၂)ရုံ တပ်ဆင် တည်ဆောက်ခြင်းလုပ်ငန်းတွင် လိုအပ်သော ထရန်စဖော်မာများ၊ 33 kV Outdoor Switchbay, 12 kV Indoor Switchgear Panel နှင့် ဆက်စပ်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့်အချက်အလက်များကိုဌာနမှသတ်မှတ်နှုန်းထားအတိုင်း(၃၀.၁၁.၂၀၂၁)ရက်နေ့မှ စတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ(၂၉.၁၂.၂၀၂၁)ရက်နေ့၊(၁၄း ၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း၊ ၀၁-၂၂၀၈၁၆ ဖုန်းနံပါတ်သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန အထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေးမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့၊ အထွေထွေရောဂါကုဆေးရုံကြီး၌ တက်ရောက်နေသည့် လူနာများအား ကုသမှုပေးရာတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ(FDA) အသိအမှတ်ပြု ဆေးနှင့် ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ တင်ဒါခေါ်ယူအပ်ပါသည်-

(က) Consumable for Speciality
(ခ) IHC reagent
(ဂ) ကင်ဆာဆေးဝါးများအပါအဝင် Speciality ဆေးဝါးများ
(ဃ) ဓာတ်ခွဲခန်းနှင့် ဓာတ်မှန်ခန်းသုံး ဆေးနှင့် ဆေးပစ္စည်းများ
(င) Oxygen
(စ) Dialysis သုံး ဆေးနှင့် ဆေးပစ္စည်းများ
(ဆ) အခြား Consumable များ

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၃၀-၁၁-၂၀၂၁ရက်(အင်္ဂါနေ့)
**တင်ဒါပိတ်မည့်ရက်နှင့် အချိန်** - ၃၀-၁၂-၂၀၂၁ရက်(ကြာသပတေးနေ့)

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးခန်းသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**အထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေးမြို့**
ဖုန်း-၀၂-၄၀၃၉၀၀၇

## ကြော်ငြာစာ (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃) မန္တလေးခရိုင်တရားရုံးတော် ၂၀၂၁ ခုနှစ် တရားမအထွေထွေမှုအမှတ် ၄၇

**ကွယ်လွန်သူ ဦးစံတင့်၏ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ အမရပူရမြို့နယ်၊ ဆောက်တောဝကျေးရွာအုပ်စု၊ ဆောက်တောဝမြောက်ရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးစံတင့် ကျန်ရစ်သည့် အမရပူရမြို့နယ်၊ ဆောက်တောဝကျေးရွာအုပ်စု၊ အကွက်အမှတ်(၅၈၁-က/ဝါးရုံပင်ကွင်း)၊ ဦးပိုင်အမှတ်(၂၀-က)၊ ဧရိယာ ၁ ဒသမ ၃၂ ဧက အကျယ်အဝန်းရှိ ဥယျာဉ်ခြံမြေ၊ အကွက်အမှတ်(၅၈၁-က/ဝါးရုံပင်ကွင်း)၊ ဦးပိုင်အမှတ် (၁၉-က/၁)၊ ဧရိယာ ၁ ဒသမ ၆၁ ဧကအကျယ်အဝန်းရှိ ဥယျာဉ်ခြံမြေ၊ အကွက်အမှတ်(၅၈၁-က/ဝါးရုံပင်ကွင်း)၊ ဦးပိုင်အမှတ် (၁၉/၂)၊ ဧရိယာ ၀ ဒသမ ၂၅ ဧက အကျယ်အဝန်းရှိ လယ်မြေ၊ အကွက်အမှတ် (၅၈၁-က)/ ဝါးရုံပင်ကွင်း) ဦးပိုင်အမှတ် (၂၀-ခ/၁)၊ ဧရိယာ ၀ ဒသမ ၁၃ ဧက အကျယ်အဝန်းရှိ ဥယျာဉ်ခြံမြေ စုစုပေါင်းဧရိယာ ၃ ဒသမ ၃၁ ဧကရှိ ဥယျာဉ်-လယ်မြေများအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့် အကြောင်းနှင့် ဦးညွန့်ဆွေက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၆ ရက် (၁၃၈၃ ခုနှစ် နတ်တော် လဆန်း ၁၃ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးစံတင့်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်(၁၃၈၃ ခုနှစ် နတ်တော်လဆန်း ၁၃ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးညွန့်ဆွေ၏လျှောက်လွှာပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက် ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မာဦး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မန္တလေးခရိုင်တရားရုံး**

## ဖခင်အမည်မှန်

မော်လမြိုင်မြို့နယ်၊ အမကကော့ခမယ်၊ ဒုတိယတန်းမှ မအေးချမ်းမြတ်နိုး၏ ဖခင်အမည်မှန်မှာ ဦးကျော်ငွေး ၁၀/ခဆန(နိုင်)၁၀၀၁၁၄ ဖြစ်ပါကြောင်း။

**ဦးကျော်ငွေး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6B/7751 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6A/9149 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေး ပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဃ/၂၂၃၅ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဆန်း ၁၀/ ခဆန(နိုင်)၀၈၆၈၇၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## သားအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်း/မြောက်ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် ၂၁၃နေ ဦးထွန်းရွှေ-ဒေါ်ခင်မျိုးဝေတို့၏သား မောင်ဝင်းလှိုင် ၁၂/စခန (နိုင်)၀၅၀၄၅၁သည် မိဘများနှင့် စိတ်သဘောချင်းမတိုက်ဆိုင်၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်မယူပါ။

**ဦးထွန်းရွှေ**
**၁၂/စခန(နိုင်)၀၁၅၅၈၀**
**ဒေါ်ခင်မျိုးဝေ**
**၁၂/စခန(နိုင်)၀၁၅၅၈၂**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေး ဦးစီးဌာနမှ အောက်ဖော်ပြပါ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | အကြောင်းအရာ |
|---|---|---|
| က | 4(T)DPTSC (PTP)/21-22 | ၆၆ကေဗွီမဘိမ်းဓာတ်အားခွဲရုံတည်ဆောက်ခြင်း |
| ခ | 5(T)DPTSC (PTP)/21-22 | ၆၆/၁၁ကေဗွီ(၁၀)အမ်ဗွီအေ မိုင်းခုတ်ဓာတ်အားခွဲရုံတည်ဆောက်ခြင်း |
| ဂ | 6(T)DPTSC (PTP)/21-22 | ၆၆ကေဗွီမိုင်းဆတ်ဓာတ်အားခွဲရုံတည်ဆောက်ခြင်း |
| ဃ | 7(T)DPTSC (PTP)/21-22 | ၆၆ကေဗွီကွမ်းလုံဓာတ်အားခွဲရုံတည်ဆောက်ခြင်း |
| င | 8(T)DPTSC (PTP)/21-22 | ၆၆/၁၁ကေဗွီ(၁၀)အမ်ဗွီအေ နမ်းခါးဓာတ်အားခွဲရုံတည်ဆောက်ခြင်း |
| စ | 9(T)DPTSC (PTP)/21-22 | ၆၆ကေဗွီ(ဟသ်ာတ-ရေကြည်)-ဇလွန်ဓာတ်အားလိုင်းနှင့် ဇလွန်ဓာတ်အားခွဲရုံတည်ဆောက်ခြင်း |
| ဆ | 10(T)DPTSC (PTP)/21-22 | ၂၃၀ကေဗွီဘုရားကြီး-(ကမာနတ်-မြောင်းတကာ)ဓာတ်အားလိုင်းတည်ဆောက်ခြင်း(ဖောင်ဒေးရှင်း+တိုင်ဆင်) |

၂။ အိတ်ဖွင့်တင်ဒါများအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် ၂၇-၁၂-၂၀၂၁ရက် ၁၄:၀၀နာရီနောက်ဆုံးထား၍ (လူကိုယ်တိုင်)လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီတစ်ခုလျှင် ကိုယ်စားလှယ်တစ်ဦးသာ Covid-19 ရောဂါဆိုင်ရာ အကာအကွယ်(Mask နှင့် Face Shield)များ ဝတ်ဆင်၍ လာရောက်ဝယ်ယူပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web-Portal(www.moee.gov.mm)တွင် လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့၊ တရုတ်လုစံပြကျေးရွာ၊ အိမ်အမှတ်(၃၆၅)နေ ဦးဝင်းမိုး ၃/ဘအန(နိုင်)၂၀၄၂၃၄-(ဒေါ်ဝင်းဝင်းသန်း)တို့၏သား မောင်ငြိမ်းချမ်းဝင်း ၃/ဘအန(နိုင်)၃၆၂၁၀၁သည် မိဘများ၏ ဆိုဆုံးမမှုအား နာယူမှုမရှိသည့်အပြင် မိဘနှစ်ပါးနှင့် မောင်နှမသားချင်းတို့အပေါ်တွင် စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝတို့အား လုံးဝ(လုံးဝ)တာဝန်ယူပေးမည်မဟုတ်ပါ။

**(စုံစမ်း မေးမြန်းခြင်းသည်းခံပါ)**

**ဦးဝင်းမိုး-(ဒေါ်ဝင်းဝင်းသန်း)**
**အိမ်အမှတ်(၃၆၅)၊ တရုတ်လုစံပြကျေးရွာ၊ ဘားအံမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5K/8623 Toyota corolla Ax, S/L(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်နှင်းအေး ၉/ညဥန(နိုင်)၀၀၉၃၆၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့၊ ချမ်းမြသာစည်ရပ်ကွက်၊ (၄)လမ်း၊ အိမ်အမှတ် (၁၉၁)နေ ဒေါ်ကြည်ကြည်ငွေး ၇/ဝမန(နိုင်)၀၀၅၂၅၆၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း သိစေအပ်ပါသည် -

ကျွန်ုပ်မိတ်ဆွေ၏ သား မောင်သန့်ဇော်ဝင်း ၇/ဝမန(နိုင်)၁၃၄၂၈၉သည် မိဘ၏ဆိုဆုံးမမှုအား နားမထောင်သည့်အပြင် မိဘဖြစ်သူအား ကိုယ်စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သည့်အတွက် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း၊ နောက်နောင်၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် မိဘ၊ ညီအစ်ကိုမောင်နှမများနှင့် လုံးဝမသက်ဆိုင်တော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၁၇၁)**
**ရွှေပြည်တန်(၁)လမ်း၊ ကလျာဏီရပ်ကွက်၊ ပဲခူးမြို့**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ ကွင်းရပ်ရပ်ကွက်၊ သုခလမ်း၊ အိမ်အမှတ် (၃၈)နေ ဒေါ်မရယန်ဘီ ၁၀/မလမ(နိုင်)၀၇၈၃၃၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်မ၏ မိတ်ဆွေဖြစ်သူ ဒေါ်မရယန်ဘီနှင့် ဦးဟာရွန်(ခ)ဦးဝင်းနိုင် (ကွယ်လွန်)တို့၏ သမီးဖြစ်သူ မစန္ဒာအေး ၁၀/မလမ(နိုင်)၂၃၇၈၃၈သည် မိခင်၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ စိတ်ဆင်းရဲစေရန် ပြုမူသဖြင့် မစန္ဒာအေးအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ မစန္ဒာအေးနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမျှ ဒေါ်မရယန်ဘီနှင့် သက်ဆိုင်ခြင်းမရှိပါကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လွင်လွင်ထိုက်(LL.B)(စဉ်-၉၉၄၂/၂၀၁၄)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၇၀/အေ)၊ အတ္တရံရေကန်အနောက်လမ်း၊**
**တောင်ရှမ်းစု၊ လှိုင်ရပ်ကွက်၊ မော်လမြိုင်မြို့၊**
**ဖုန်း-၀၉-၄၂၅၂၆၂၇၈၃**

## အမွေဆက်ခံရန် သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၇၃) ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော် ၂၀၂၁ခုနှစ် တရားမအထွေထွေမှုအမှတ်-၆၉

ကွယ်လွန်သူ ဦးမြသိန်း၌ ကျန်ရစ်သောပစ္စည်းအကြောင်း
ဒေါ်ခင်မိမိ **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်၊ ဆပ်သဖူးလမ်း၊ အမှတ်(၃၈/ဘီ)နေ ဒေါ်ခင်မိမိက ကွယ်လွန်သူ ဦးမြသိန်း၏ ဇနီးဖြစ်သည်ဟူ၍ အထက်နေရပ်လိပ်စာနေ ၎င်းကွယ်လွန်သူ ဦးမြသိန်းမှ ကျန်ရစ်သောပစ္စည်းများထဲမှ ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးမြသိန်းမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၁ခုနှစ် ဒီဇင်ဘာ ၁၆ရက်(၁၃၈၃ခုနှစ် နတ်တော်လဆန်း ၁၃ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်ခင်မိမိ၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၁ခုနှစ် နိုဝင်ဘာ ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်သန္တာ)**
**ဒုတိယခရိုင်တရားသူကြီး(၁၁)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ဂျူးသက်ချယ်(ခ)မိုးထက်မြင့် Facebook Account ပိုင်ရှင် ဒေါ်ငွေစံကားနှင့် အများသိစေရန် ကြေညာခြင်း

ဒေါ်မြတ်အိလဲ့အောင်(ဘ)ဦးမြင့်အောင် ၁၂/လသယ(နိုင်)၀၆၂၈၆၇၊ (၃၁၇/က)၊ စစ်ကိုင်းလမ်း၊ လှိုင်သာယာမြို့သစ်၊ ရန်ကုန်မြို့နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဂျူးသက်ချယ်(ခ)မိုးထက်မြင့် Facebook Account ပိုင်ရှင် ဒေါ်ငွေစံကားသည် Social media network တွင် ၎င်း၏ဂျူးသက်ချယ်(ခ)မိုးထက်မြင့် account မှနေ၍ ကျွန်ုပ်အမှုသည်နှင့် ၎င်း၏ကုမ္ပဏီအား ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်ကာ ၂၅-၁၁-၂၀၂၁ ရက်တွင် မဟုတ်မမှန် Post တင်၍ အမည်ပျက်စေမည့် အရေးအသားများ ရေးသားခဲ့ပါသည်။

သို့ပါ၍ မဂျူးသက်ချယ်(ခ)မိုးထက်မြင့် Facebook Account ပိုင်ရှင် ဖြစ်သော ဒေါ်ငွေစံကားသည် ယင်းစာသား Post များနှင့်ပတ်သက်၍ ဖြေရှင်းပေးရန်နှင့် ဖြေရှင်းခြင်းမပြုပါက တည်ဆဲဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း ဒေါ်ငွေစံကားနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေကျော်(LL.B,D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၉၅၉/၁၆)**
**(၆/၄-က)၊ အောင်ပင်လယ်ရပ်ကွက်၊**
**၅၂x၅၃ လမ်းကြား၊ A လမ်း၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၄၂၅၁၄၀၄၀၄၊ ၀၉-၇၉၇၇၇၉၉၅၁၅**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့၊ သဖန်းပင်ရပ်ကွက်၊ အိမ်အမှတ် (၂၃)နေ ဦးမင်းကြည် ၉/မကန(နိုင်)၀၂၆၇၉၀ - ဒေါ်သီတာမိုး ၉/မကန(နိုင်)၀၂၆၅၂၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

